The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်

VOL .18, NO . 39 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 1, 2018

# အာဆီယံစီးပွားရေးအသိုက်အဝန်း(၂၀၁၅)ဖော်ဆောင်ခြင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

စာမျက်နှာ - ၈ ➤



## အဝယ်လိုက်တဲ့ ရွှေဘို ပေါ်ဆန်းဆန်နဲ့ ဆန်ကြမ်းဈေးတက်

စာမျက်နှာ - ၄ ➤

## ဒေသတစ်ခုထုတ်ကုန်တစ်မျိုးမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

စာမျက်နှာ - ၁၆ ➤




## Suzuki နှင့် ရောဝတီဘဏ် ပူးပေါင်း၍ ၇ နှစ်အရစ်ကျ မော်တော်ကား ရောင်းချမှု အစီအစဉ်စတင်

စာမျက်နှာ - ၂၆ ➤



## သီးနှံဂုန်များ ဖော်ဆောင်လုပ်ကိုင်ခြင်းမှသည် .... စိုက်ပျိုးရေးလုပ်ငန်းများအား အကျိုးရှိသည့် စီးပွားရေးအဖြစ် လုပ်ကိုင်နိုင်ကြစေဖို့

စာမျက်နှာ - ၁၂ ➤

Pro Plus®
Furniture Factory
VPF
Premium Valiant Family Co.,Ltd
Valiant Seating®
bello®
Since SGS Testing
16 Years Experience in Furniture Field



Creative Quality Service
* Office Furniture,
* Home Furniture,
* Restaurant Furniture,
* School Furniture,
* Sofa & Chairs
Service
*FREE Measurement
*FREE Layout Plan
*FREE Consulting
*FREE Quotation
*FREE Delivery & Installation

Adress - No.3,Than Chet Wun,U Myu Road, East Dagon Industrial Zone (2),East Dagon Township,Yangon,Myanmar
Contact - +959 764 800 881, +959 764 800 882, +959 955 100 881, +959 955 100 882
Email - info@proplusfurniture.com
Web Link - www.proplusfurniture.com, www.facebook.com/proplusfurniturefactory
5 YEAR WARRANTY
Our Products Warranty

တို့တောင်သူတွေ အဝစိတ်အေးဖို့ သီးနှံအာမခံထားကြစို့

GLOBAL WORLD INSURANCE CO., LTD

# ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ

## Crop Insurance

## သီးနှံအာမခံ





Hotline 09 - 33087771

အမှတ်(၆၂)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၂၅၀၈

Never old

မြန်မာနိုင်ငံသားများဖြင့် စုစည်းတည်ထောင်ထားသော NEVER OLD TRADING CO.,LTD မှ နိုင်ငံတကာအဆင့်မှီ အရည်အသွေးဖြင့် STRUCTURAL INSULATED PANEL များကို မြန်မာပြည်အနှံ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည် ဖြစ်ပါ၍ လုပ်ငန်းရှင် မိတ်ဆွေတို့ အနေဖြင့် နိုင်ငံခြားမှ မှာယူတင်သွင်းရန် မလိုအပ်တော့ပဲ အချိန်တိုတိုအတွင်းမှာ ပြည်တွင်းဖြစ်ထုတ်ကုန်များကို လိုအပ်သည့် အချိန်တိုင်းမှာ မှာယူရရှိနိုင်ပါပြီ။

**SPECIFICATIONS**
TYPICAL PHYSICAL PROPERTIES

| PROPERTY | RESULTS |
|---|---|
| Injected Overall Density (Kg/m³) | 42 ± 2 |
| Thermal Conductivity (W/m²K) | 0.022 - 0.024 |
| Tensile Strength (KPa) | 300 - 500 |
| Bending Strength (KPa) | 550 - 580 |
| Shear Strength (KPa) | 120 - 300 |
| Water Absorption (volume change %) | <2 |
| Closed Cell content (%) | >90 |
| Water Vapor Transmission | 1.8 - 3.8 |
| Flash Point (°C) | 300 |

## Product Application



- Industrial Coldroom & Hot Room.
- Electronic/Pharmaceutical Clean Room.
- Food Processing Plant/ Factory.
- Polatry Farms.
- Telecommunication Cabins.
- Schools.
- Mining & Platation Quarters.
- Modular Systems.
- Prefabricated Houses & Buildings.

*Make local Standard Global*

Office Address: No. 8/9, 3rd Floor, Thanthumar Street, Gagyi Ward, Thingangyun Township,Yangon, Myanmar.
Ph : 09773179881, 09773179882, 09773179883, 09773179884, 09773179886, 09773179887.
Email : info@neverild.com.my
Website : www.neverold.com.my

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Digital Trade in a Digital Economy –Public-Private Dialogue on Emerging E-Marketplace in Myanmar အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




Digital Trade in a Digital Economy – Public-Private Dialogue on Emerging E-Marketplace in Myanmar အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၀၉:၃၀ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Park Royal Hotel ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အီလက်ထရောနစ်အသုံးပြု၍ ကူးသန်းရောင်းဝယ်မှုများ လုပ်ဆောင်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် ရရှိလာနိုင်မည့် အခွင့်အလမ်းများ၊ ပုဂ္ဂလိကကဏ္ဍ၏ တိုးတက်ဖြစ်ပေါ်နေမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်၊ လုပ်ငန်းရှင်များ၏ လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရန်နှင့် ထိုအခက်အခဲများကိုသိရှိခြင်းဖြင့် အစိုးရဘက်မှ ဆောင်ရွက်ပေးနိုင်သည့် ဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းစဉ်များကို ဖော်ထုတ်သွားနိုင်ရန် **စာမျက်နှာ ၂၇ သို့**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၆) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၆) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာခြင်းအပေါ် များစွာတည်မှီနေကြောင်း၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းဆောင်ရွက်ရာတွင် အဓိကဖြစ်သော ဘဏ်လုပ်ငန်း အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း၊ ဘဏ်ငွေရေးကြေးရေးလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်သည့် အချက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသားများဘဏ်ဟာ နိုင်ငံရဲ့ငွေကြေးကဏ္ဍမှာ အစိတ်အပိုင်းတစ်ခုအနေနဲ့ အောင်မြင်စွာ ပါဝင်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါကြောင်း၊ ပြည်တွင်းငွေကြေးနယ်ပယ်မှာသာမက နိုင်ငံတကာငွေကြေးနယ်ပယ်မှာပါ အောင်မြင်သည့် ဘဏ်အဖြစ် ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြင်ဆင်ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း သိရှိရကြောင်း၊ အထူးအားဖြင့် ဂုဏ်ပြုပြောကြား လိုသည်မှာ မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှာ SME လုပ်ငန်းများအတွက် JICA အကူအညီဖြင့် ဆောင်ရွက်နေသည့် Two Step Loan ပထမအကြိမ် (1st Phase) ကို အောင်မြင်စွာ **စာမျက်နှာ ၃၁ သို့**

# ဒုတိယဝန်ကြီး ဦးအောင်ထူး ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံးတွင် ကုန်သည်စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၆ ရက် ၁၃:၀၀ နာရီတွင် ပြုလုပ်ခဲ့သော ကုန်သည်အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်သည် သယံဇာတပေါများ ကြွယ်ဝကြောင်း၊ ရှမ်းပြည်နယ်မှ ကုန်သည်လုပ်ငန်းရှင်များ၏ အင်အားသည် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုအတွက် အဓိကကျကြောင်း၊ အလုပ်သမား၊ လယ်သမားတို့၏ စီးပွားရေးကောင်းမွန်မှ တိုင်းပြည်စည်ပင်ဝပြောမည်ဖြစ်ကြောင်း၊ ကုန်သည်တွေကြီးပွားချမ်းသာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်သည်စက်မှုလက်မှုအသင်းဖွံ့ဖြိုးရေးကို အမြဲအားပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ အခက်အခဲများကို အမြဲနားထောင်ပြီး ပြုပြင် ပြောင်းလဲရေးများကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ Market Economy အတိုင်းဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို **စာမျက်နှာ ၂၇ သို့**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com


# အဝယ်လိုက်တဲ့ ရွှေဘိုပေါ်ဆန်းဆန်နဲ့ ဆန်ကြမ်းဈေးတက်

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ဟောင်း လက်ကျန်နည်းပြီး ဆန်အဝင်ပါးသွားတဲ့ ရွှေဘိုပေါ်ဆန်းဆန်နဲ့ သဘော်တင်ရှိလို့ အဆွဲများတဲ့ ဧည့်မထနဲ့ သီးထပ်ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၅၀၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၄၈၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ကျပ် ၅၂၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၅၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ်၄၆၀၀၀ နဲ့ပလတ်စတစ်အိတ် ကျပ် ၄၅၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ကြောင်း သိရပါတယ်။ ဆန်ဟောင်း လက်ကျန်နည်းပြီး အဝင်ပါးတဲ့ ရွှေဘိုပေါ်ဆန်းဆန်က အဝယ်လိုက်တဲ့အတွက် ဈေးတက်ကြောင်း သိရပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၆၁၀၀၀-၆၂၀၀၀၊ ပေါ်ဆန်း (ရှယ်) တစ်အိတ် ကျပ် ၅၀၀၀၀-၅၃၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၅၀၀ မှ ကျပ် ၃၀၀၀ အထိ ဈေးတက်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပြည်ပအပို့ရှိတဲ့ ဧည့်မထနဲ့ သီးထပ်ရှယ် အဆွဲများတဲ့အတွက် ဈေးအနည်းငယ်တက်ကြောင်းသိရပါတယ်။ ဧည့်မထ ၂၅ မှတ် တစ်အိတ် ကျပ် ၂၂၅၀၀ မှ ကျပ် ၂၂၈၀၀၊ သီးထပ်(ရှယ်)တစ်အိတ် ကျပ် ၂၄၅၀၀ မှ ကျပ် ၂၄၈၀၀ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၈၀၀ အထိ ဈေးတက်ပါတယ်။ မိုးသုခ တစ်အိတ်လျှင် ကျပ် ၂၄၅၀၀ - ကျပ် ၂၆၀၀၀၊ ရက်၉၀ တစ်အိတ်လျှင် ကျပ် ၂၅၄၀၀-ကျပ် ၂၅၈၀၀ ရှိကြောင်း ကုန်စည်ဒိုင်မှ ထုတ်ပြန်တဲ့ဈေးနှုန်းများအရ သိရပါတယ်။ ဆန်သစ်မပေါ်ခင် ဆန်ဟောင်းလက်ကျန်လည်းနည်းနေပြီး အသစ်နဲ့အဟောင်း စပ်ကူးမတ်ကူးကာလဖြစ်တဲ့အတွက် ဈေးတက်တာဖြစ်တယ်လို့ ဆန်ဈေးကွက်မှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# တစ်ပတ်အတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုလျော့ကျ




စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၉၀ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၁၇၄၅၈ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၁၆၀၃၃ တန်၊ ငစိန်ဆန်တန်ချိန် ၅၀၀ နဲ့ ကောက်ညှင်းဆန်တန်ချိန် ၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၁၅၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၆၅၄ တန်ကျော်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှဧည့်မထဆန်ငါးတန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ၁၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဆန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၇၄ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၉သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၁၂ တန်ကို မူဆယ်မှတင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိဆန်ကွဲ တန်ချိန် ၂၀ ကျော်ကို လွယ်ဂျယ်မှတင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၅ သန်းဖိုးနဲ့ ၄၃၂ တန်ဖြစ်ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၉၃၅ တန်လျော့ကျခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၃ သန်းတန်ဖိုးရှိဆန် ၃၉၂၁ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်ဆန်တင်ပို့မှုမှာ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၈ တန်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ပေါင်းဆန် ၃၈၄၃ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၆၃၆၄ တန်လျော့ကျခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂၃ သန်းနဲ့ ၂၇၂၅တန်ဖြစ်ပြီး စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ နဲ့အီးယူနိုင်ငံများသို့ ၂၆၇၅ တန်ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၀၂၁ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၅၃ သန်းဖိုးရှိ ဆန် ၂၁၃၇၉ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၈ သန်းဖိုးရှိ ဆန်ကွဲ ၃၁၅၇ တန်ဖြစ်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် ဆန်ရောဆန်ကွဲပါတင်ပို့မှုလျော့ကျတာတွေ့ရပါတယ်။ **ယဉ်ယဉ်အေး**

# မအူပင်မြို့နယ်တွင် ကောက်စောစပါးများ ဝယ်လိုအားကောင်း

မအူပင်မြို့နယ်၊ ကျုံစုတ်၊ မင်းဘော၊ အလန်းကြီး၊ ကနူး၊ ကညင်ဝကျေးရွာများတွင် ကောက်စောစပါးများဖြစ်သည့်ရက်(၉၀)စပါးနှင့် သီးထပ်ရင်စပါးများ အနည်းငယ်ပေါ်ဦးပေါ်ဖျားထွက်ရှိလျက်ရှိကြောင်း မအူပင်ခရိုင်၊ စားသုံးသူရေးဦးစီးဌာနမှခရိုင်ဦးစီးမှူးနှင့်ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှူး ဦးအောင်လွင် ဦးဆောင်သောဝန်ထမ်းများသည် စက်တင်ဘာ ၁၈ရက်တွင် ကွင်းဆင်းလေ့လာစိစစ်ချက်အရ သိရှိရပါသည်။

ထိုကျုံစုတ်ကျေးရွာမှ တောင်သူဦးစိုးနိုင်နှင့် တွေ့ဆုံမေးမြန်းရာတွင် လက်ရှိရိတ်သိမ်းနေသောစပါးများမှာရက်(၉၀)စပါးများဖြစ်ကြောင်းတစ်ဧကအစိုတင်း ၆၀ထွက်ရှိကြောင်းနှင့်ဝါးခယ်မ၊ကျိုက်လတ်၊ဖျာပုံတို့မှ တစ်တင်း (၅၅) ပေါင်ဖြင့် စပါးတင်း(၁၀၀)လျှင် ကျပ် ၄၈၀၀၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်းစုံစမ်းသိရှိရပါသည်။

ထို့အပြင်ဦးစိုးနိုင်မှ ကျုံစုတ်၊ မင်းဘော၊ အလန်းကြီး၊ ကနူး၊ ကညင်ဝ၊ကျေးရွာများမှ စက်တင်ဘာလ လဝက်လောက်မှ စ၍ကောက်စောစပါးများ ရိတ်သိမ်းပြီး အောက်တိုဘာလအထိ ကာလအတွင်း ကျိုက်လတ်၊ ဖျာပုံ၊ ဝါးခယ်မမှ စပါးတင်းတစ်သိန်းကျော်ခန့် ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့သည်ကို လေ့လာသိရှိရပါသည်။

Consumer-MT

# မိုးကြိုစပါးသစ်များ စတင်ပေါ်ထွက်

ပဲခူးတိုင်းအနောက်၊ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များဖြစ်တဲ့ ဇီးကုန်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်တို့တွင် မိုးကြိုစပါးသစ်များစတင်ပေါ်ပေါက်လာပြီလို့ သိရပါတယ်။ ဈေးနှုန်းများမှာတော့ ၄၆ ပေါင်တင်း ၁၀၀ လျှင် အနိမ့်ဆုံးကျပ် ၅၅၂၀၀၀ ခန့်နှင့် အမြင့်ဆုံးကျပ် ၅၆၁၂၀၀ ခန့် ဈေးဖွင့်ထားတယ်လို့ လေ့လာသိရှိရပါတယ်။ **ဝေဝေဖြိုး(သာယာဝတီ)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၉-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၅ | ၃၉၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၈၅ | □ | ၃၉၉ | ၄၀၀ | △ | ၄၀၀ | ၃၉၅ | ▽ | ၃၈၃ | ၃၈၂ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၃ | □ | ၃၉၄ | ၃၉၅ | △ | - | - | - | ၃၇၈ | ၃၇၇ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၈၀ | □ | ၃၉၀ | ၃၉၀ | □ | - | - | - | ၃၇၃ | ၃၇၂ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၅ | □ | ၃၇၀ | ၃၈၀ | △ | ၃၆၀ | ၃၅၈ | ▽ | ၃၄၃ | ၃၄၀ | ▽ |
| ပေါင်းဆန် | ၄၀၉ | ၄၁၁ | △ | - | - | - | ၃၇၃ | ၃၆၈ | ▽ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၂၈-၉-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | △ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၁၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၄၈၀၀၀ | □ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၂၀၀၀ | △ | ၅၀၀၀၀ | △ |
| ရွှေဘို | ၆၅၀၀ | □ | ၂၅၀၀၀ | □ | ၁၆၅၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၂၅၀ | □ | ၂၆၀၀၀ | □ | ၁၁၀၀၀ | △ | ၅၂၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၉၅၀၀ | □ | - | - | ၆၃၀၀၀ | △ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | △ | ၄၉၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | □ | ၃၉၀၀၀ | □ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၅၆၀၀၀ | □ |
| ဘားအံ | ၇၅၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၄-၉-၂၀၁၈ မှ ၂၈-၉-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 918 | 44,837,075.540 |
| 2 | Form D | 81 | 3,294,273.658 |
| 3 | Form E | 115 | 29,492,485.410 |
| 4 | Korea GSP | 10 | 452,326.400 |
| 5 | Form AK | 112 | 7,034,449.330 |
| 6 | Form AJ | 9 | 769,134.510 |
| 7 | Form AI | 62 | 1,966,282.200 |
| 8 | Form AANZ | 11 | 230,364.910 |
| 9 | Form DFTP | 1 | 126,000,000 |
| 10 | Form CHINA | | |
| Grand Total | | 1319 | 88,202,391.958 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၉-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၁/၉ | ၂၈/၉ | ပြောင်းလဲမှု | ၂၁/၉ | ၂၈/၉ | ပြောင်းလဲမှု | ၂၁/၉ | ၂၈/၉ | ပြောင်းလဲမှု | ၂၁/၉ | ၂၈/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၁၆ | ၈၁၃ | ▼ | ၉၁၇ | ၈၃၃ | ▼ | ၉၀၀ | ၈၃၀ | ▼ | ၈၁၅ | ၈၄၀ | ▲ |
| ပဲစင်းငုံ | - | ၇၃၅ | - | ၇၁၇ | ၇၀၀ | ▼ | ၇၀၀ | ၆၇၅ | ▼ | ၆၇၅ | ၆၇၅ | ■ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၈၀ | ■ | ၁၆၈၉ | ၁၆၈၉ | ■ | ၁၆၃၁ | ၁၆၅၇ | ▲ | ၁၅၀၀ | ၁၅၅၅ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၃၉၇ | ၁၃၂၈ | ▼ | ၁၃၇၈ | ၁၃၀၅ | ▼ | ၁၄၀၀ | ၁၃၀၅ | ▼ |
| ပဲလွန်းဖြူ | ၁၁၈၀ | ၁၁၈၀ | ■ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၆၀၅ | ၂၆၀၅ | ■ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၆၁၁ | ၂၆၁၄ | ▲ | ၂၈၉၅ | ၂၈၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၁၅.၉.၁၈)ထိ | (၂၂.၉.၁၈)ထိ | (၂၂.၉.၁၈) ထိ |
| မတ်ပဲ | ၃၂၅၂၆၃ | ၂၄၆၇၉ | ၃၄၉၉၄၂ |
| ပဲတီစိမ်း | ၉၀၆၁၈ | ၁၈၃၂ | ၉၂၄၅၀ |
| ပဲစင်းငုံ | ၁၅၉၉၂၅ | ၁၅၃၉ | ၁၆၁၄၆၄ |
| ကုလားပဲ | ၄၆၈၇၉ | ၁၂၉ | ၄၇၀၀၈ |
| ပဲလွန်းဖြူ | ၂၀၅၃၇ | ၁၀၅ | ၂၀၆၄၂ |
| မြေထောက်ပဲ | ၉၃၁၉ | ၈၇ | ၉၄၀၆ |

### လက်လီပဲဈေးကွက်မှာ မျိုးပဲပါ အဝယ်ရှိလာတဲ့ ပြည်ဘိုကိတ်

ပြည်ပဲဈေးကွက်ရဲ့ လက်လီပဲဈေးကွက်မှာ ဈေးအေးခဲ့တဲ့ ဘိုကိတ်ပဲသီးနှံဟာ လက်လီသာ အရောင်းအဝယ်ဖြစ်လို့ နေ့စဉ်အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မျိုးပဲသမားအချို့ ဝယ်ယူလာတာကိုတွေ့ရပြီး လက်လီရောင်းဝယ်သည့်ဈေးမှာ တစ်တင်း ကျပ် ၁၈၀၀၀ ရရှိကြောင်း မျိုးပဲဈေးမှာ တစ်တင်း ကျပ်နှစ်သောင်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုနှစ် ပြည်တွင်းဝယ်လက်ပဲများထဲတွင် လက်လီပဲသီးနှံအားလုံးလိုလို ဈေးကောင်းရခဲ့သော်လည်း ဘိုကိတ်ပဲသီးနှံကတော့ ဈေးအနိမ့်ဖြင့် ကျပ်နှစ်သောင်းအောက် လျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မတ်ပဲ ဈေးငြိမ်ပြီး ရန်ကုန်ဝယ်လက် ပုံမှန်ဝယ်ယူနေ

ပြည်ပဲဈေးကွက်အတွင်းသို့ မတ်ပဲသီးနှံဝင်ရောက်မှု သိပ်မရှိဘဲ လက်ကျန်ပဲများ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက် ဝယ်ယူမှု နေ့စဉ်ရှိခဲ့တာကြောင့် တစ်ရက် အိတ် ၃၀၀ ကျော် ၄၀၀-၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့တယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၇၅၀၀ ဖြင့် လလယ်မှစ၍ ပဲဈေးပိုရလာခဲ့တဲ့အတွက် လကုန်ရက်မှာလည်း အဆိုပါဈေးအတိုင်း ဆက်လက်အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

ယခင်နှစ်က စက်တင်ဘာလအတွင်း တစ်တင်းကျပ် ၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ် ဈေးအေးခဲ့သော်လည်း ယခင်နှစ်ဈေးကို မှီလုနီးပြီဖြစ်တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၈ခုနှစ် ဩဂုတ်လ ၈ ရက်မှ ၁၄ ရက်အတွင်း ထိုင်းနိုင်ငံဘက်မှ တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၄၃၂၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၃၆၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၀၀၉ ဒသမ ၆ တန်ဖိုးရှိ ကွန်ပျူတာ ခါတ်ပြားအရေအတွက် ၁၆ခု၊ အမေရိကန်ဒေါ်လာ ၇၃၆ တန်ဖိုးရှိမျက်နှာသစ် ဆပ်ပြာ အရေအတွက် ၃၂၀၀၊ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၂ တန်ဖိုးရှိ မွှေယာ ၈၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁၁၀ တန်ဖိုး ရှိလက်ဆွဲအိတ် ၁၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၈၀ တန်ဖိုးရှိ ညှပ်ဖိနပ် အရေအတွက် ၁၀၀၊ အမေရိကန်ဒေါ်လာ ၆၀ တန်ဖိုးရှိ ခေါင်းအုံး တန်ချိန် ၁၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၅၅ တန်ဖိုးရှိ ယောကျ်ားဝတ်ရှပ်အင်္ကျီ တန်ချိန် အရေအတွက် ၅၀၊ အမေရိကန်ဒေါ်လာ ၃၅တန်ဖိုးရှိ ရှန်ပူ ခေါင်းလျှော်ရည် တန်ချိန် ၅၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၄၃၇ ဒသမ ၅ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၃၅၀၀ ကီလိုဂရမ်တို့ဖြင့် ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။

၂၀၁၈ခုနှစ် ဩဂုတ် ၁၄ရက်မှ ၁၉ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့၊ မန္တလေး-မူဆယ်သို့ ဒေသထွက် ဧည့်မထ စုစုပေါင်း ဆန်အိတ် ၄၀၂၅ အိတ် တန်ချိန်အားဖြင့် ၂၀၂တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ကယားပြည်နယ်သို့တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ ၁၁၁၀အိတ်၊ မန္တလေးမြို့မှ ၁၂၀ အိတ်၊ ရွှေဘိုမြို့မှ ၁၃၅၀ အိတ် စုစုပေါင်း ၂၅၈၀ အိတ် တန်ချိန်အားဖြင့် ၁၃၀ တန်ခန့်တင်သွင်းခဲ့ကြောင်းသိရပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ ရန်ကုန်မြို့၊ မန္တလေးမြို့ရှိ ပွဲရုံများနှင့် အစာချက်စက်ရုံများသို့ စုစုပေါင်း ၁၉၀၀၉ အိတ် တန်ချိန်အားဖြင့် ၉၃၁ တန်၊ နှမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်း ၅၇၄၈ အိတ် တန်ချိန်အားဖြင့် ၂၈၁ တန်နှင့် ပဲစင်းငုံတင်ပို့မှုအနေဖြင့် စုစုပေါင်း ၁၅၁၀ အိတ် တန်ချိန်အားဖြင့် ၇၄ တန်ခန့် တင်ပို့ထားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရပါတယ်။ လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်) တစ်ပိဿာလျှင် ကျပ် ၅၀၀၊ နှမ်း တစ်ပိဿာလျှင် ကျပ် ၅၀၀၊ ဒေသတွင်း ဆန်ဈေးနှုန်းမှာဧည့်မထ(မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၈၆၉၀၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင်ကျပ် ၂၇၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင်ကျပ်၃၈၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး ယခင်နှစ်ကထက် ဈေးမြင့်

ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးကို ယခင်နှစ်ဈေးနှင့်နှိုင်းယှဉ်ကြည့်လျှင် ယခုနှစ်မှာ ဈေးမြင့်လာတာ တွေ့ရပါတယ်။ ဝယ်လိုအားရှိသော်လည်း မနှစ်ကထက်စာရင် ဝင်ရောက်မှု ထက်ဝက်လောက် ကျဆင်းသွားတာ တွေ့ရပါတယ်။ ယခင်နှစ်ကဆိုရင် မြေပဲဆန် ဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၁၀၀၀ ခန့် ဝင်ရောက်မှုရှိခဲ့ပြီး ယခုနှစ်တွင် တစ်နေ့လျှင် အိတ် ၅၀၀ လောက်သာ ဝင်ရောက်မှုရှိလာတာတွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ ယခင်နှစ်တွင် ဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၇၅၀ ဖြစ်ခဲ့ပြီး ယခုနှစ်တွင် ကျပ် ၂၆၅၀ အထိ မြင့်တက်လာခဲ့ပါတယ်။ လုံးဆန်ဈေးမှာ ယခင်နှစ်တွင် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၃၅၀ ဖြစ်ပြီး ယခုနှစ်တွင် ကျပ် ၂၇၅၀ အထိ မြင့်တက်လာခဲ့သလို လုံးဆန်(အနီ)မှာ ယခင်နှစ်တွင် တစ်ပိဿာလျှင် ကျပ် ၂၂၅၀ ဖြစ်ပြီး ယခုနှစ်တွင် ကျပ် ၂၉၅၀ အထိ မြင့်တက်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပြည်ကုလားပဲသီးနှံ ယခင်နှစ်ထက် ဈေးလျော့အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်အတွင်း စက်တင်ဘာလကုန်ပတ်တွင် ကုလားပဲသီးနှံပဲ ဝင်ရောက်မှုပါးသွားပြီး လက်ကျန် လှောင်ပဲများအား ခွဲစက်သမားပုံမှန်ဝယ်ယူနေတယ်လို့ သိရပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီးပဲဈေးက တစ်တင်းကျပ် ၂၈၅၀၀ ဖြင့် ယခင်ပတ်ထက် တစ်တင်းကျပ် တစ်ထောင်ခန့် ဈေးပိုရလာခဲ့ပါတယ်။ ယခင်နှစ်က တစ်တင်းကျပ်လေးသောင်းကျော်ထိ ရရှိခဲ့ပြီး ယခုနှစ်မှာ ကုလားပဲသီးနှံဈေးဟာ မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ထက် ဈေးပိုသော်လည်း ကျန်ပဲများထက် ဈေးလျော့ခဲ့သလို ယခင်နှစ်က ဈေးထက်လည်း ဈေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## အညာဒေသ၌ ပဲစင်းငုံများ ဖြစ်ထွန်းအောင်မြင်

မကွေးတိုင်းဒေသကြီး ရေနံချောင်း မြို့နယ်တွင် ပဲစင်းငုံများဖြစ် ထွန်းအောင်မြင်နေကြောင်း၊ ပြည်တွင်း ပြည်ပပို့ကုန်ဖြစ်သည့်အတွက် တောင်သူများ အစဉ်အလာမပျက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ယခုနှစ်မှာ ပဲစင်းငုံကို ယခင်နှစ်လိုပဲစိုက်တယ်။အောင်မြင်ဖြစ်ထွန်းနေတယ်။ ပဲကတော့ ပြာသိုလမှာပဲပေါ်တာမို့ ဈေးကတော့မသိသေးပါဘူး။ ဘာပဲပြောပြော ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်စိုက်ကြတာပါ။ ပဲဟင်းနှင့်မုန့်အဖြစ် လုပ်ကိုင်စားသောက်ကြတာပါ။ ပြည်ပလည်း ပို့တဲ့ပဲဆိုတော့ စိုက်ဖြစ်တယ်။ ယခင်နှစ်ကပဲတင်း သုံးဆယ်ရတယ်။ တစ်တင်းကျပ် ၁၃၀၀၀ ဈေးရတော့တွက်ခြေကိုက်တယ်။ သီးညှပ်မို့ အရင်းနည်းတာပါ"ဟု ကမ္ဘကျေးရွာအုပ်စုက တောင်သူတစ်ဦးက ပြောသည်။အညာဒေသတွင် ပဲစင်းငုံကိုမိုးဦး ဇွန်လတွင်သီးညှပ်အဖြစ်စိုက်ပျိုးကြကာ နောက်နှစ် ဖေဖော်ဝါရီလတွင် ပဲသစ်ပေါ်ကြောင်းသိရသည်။ ယခုနှစ်တွင် ရေနံချောင်းမြို့နယ်၌ ပဲစင်းငုံဧက၁၄၀၀၀ ကျော် စိုက်ထားကြောင်း၊ တင်းတစ်သိန်းကျော်ထွက်ရှိရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်ဈေးငြိမ်

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် (မြောင်)မှာ ဈေးငြိမ်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၂၅၀၀မှ ၂၇၀၀၊ မြေပဲဆန်(ကျွန်း)မှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ မြေပဲဖြူလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ M12 မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက်ဖြစ်သည့် မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပါတယ်။ ယခုတစ်ပတ်တွင် မတ်ပဲဈေးမှာ အရည်အသွေးကိုလိုက်၍တစ်တင်းလျှင် ကျပ်၁၄၀၀၀ မှ၁၆၀၀၀ရှိပြီး အနည်းငယ်သာအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၅၅၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဈေးပေါက်ခဲ့ကာ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ကုလားပဲဖြူ V2တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ နှမ်းဖြူသန့်မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၄၈၀၀၀ မှ ၅၀၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲနီပြားသီးနှံ ဈေးကောင်းရသော်လည်း လက်လီသာ ရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်ရဲ့ လက်လီပဲအားလုံးထဲမှာ ပဲနီပြားသီးနှံက ဈေးကောင်းဝင် သီးနှံဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲဈေးကွက်အတွင်း စားတော်ပဲ၊ ပဲကြီးသီးနှံများ ဈေးအမြင့်ဆုံး ရခဲ့သော်လည်း ယခုနှစ်မှာတော့ ပဲနီပြားသီးနှံကပါ ဈေးပြိုင်မြင့်တက်လာတဲ့အတွက် စားတော်ပဲသီးနှံထက်ပင် ဈေးပိုခဲ့ကာ ပဲကြီးသီးနှံနှင့် ဈေးပြိုင်လိုလို ရရှိနေခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း ရရှိခဲ့သော ပဲနီပြားသီးနှံဈေးမှာ တစ်တင်း ကျပ် ၄၅၀၀၀ ရရှိနေပြီး လက်ကျန်ပဲ အနည်းငယ်အား လက်လီဝယ်ယူမှုအပေါ် အိတ် ၂၅-၃၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

Vol: 18, No.39 Monday October 1 2018

# အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူညီချက်က ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ပွင့်လန်းစေ

**သိန်းမြင့်ဝေ**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၁ရက်နေ့ထိ စင်ကာပူနိုင်ငံတွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းအစီအစဉ်များကို ထပ်မံဆွေးနွေးခဲ့ကြသည်။ အာဆီယံနှစ် ၅၀ ပြည့်မြောက်ခဲ့သည့် ၂၀၁၇ ခုနှစ်ကလည်း အာဆီယံစီးပွားရေးဝန်ကြီးများတွေ့ဆုံပြီး ဦးစားပေးလုပ်ငန်းစဉ်များကို ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။

အာဆီယံစီးပွားရေးပေါင်းစည်းမှုမူဘောင် (Frame work of ASEAN economic integration) အတွင်း ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းနယ်ပယ်များအနက် အရေးကြီးသောနယ်ပယ်မှာ ဝန်ဆောင်မှုကုန်သွယ်ရေး (Services trade) ဖြစ်ပါသည်။ အာဆီယံစီးပွားရေးဝန်ကြီးများသည် (၁၀)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု မူဘောင်သဘောတူညီချက် (10th ASEAN Framework Agreement on Services-AFAS) ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် အစီအစဉ်ကို 10th AFAS Package ဟူ၍လည်း ခေါ်ဆိုပါသည်။ ပထမဆုံးသော အစီအစဉ်ဖြစ်သည့် First AFAS Package ကို ၁၉၉၆ ခုနှစ်တွင် စတင်ခဲ့ကြသည်။

(၁၀) ကြိမ်မြောက် AFAS Package တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် ဝန်ဆောင်မှုကဏ္ဍခွဲ (၁၅) ခုနီးပါးကို လွတ်လပ်ခွင့်ပြုဖြေလျှော့ပေးရန် ကတိကဝတ်ထားရှိခဲ့ကြသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ (Business Services)၊ ဆက်သွယ်ရေးလုပ်ငန်းများ (Telecommunication Services)၊ ဖြန့်ဖြူးရေးလုပ်ငန်းများ (Distribution Services)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ (Environmental Services)၊ ကျန်းမာရေးလုပ်ငန်းများ (Health Services)နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ(Transportation Services) ဖြစ်ကြသည်။

(၁၀)ကြိမ်မြောက် AFAS အစီအစဉ်အရ ဝန်ဆောင်မှုကုန်သွယ်ရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အာဆီယံနိုင်ငံများအတွက် ကောင်းကျိုးများ ဖြစ်ထွန်းစေနိုင်သည်။ အထူးသဖြင့် အာဆီယံနိုင်ငံအချင်းချင်း ဝန်ဆောင်မှုကုန်သွယ်ရေး ပြုလုပ်ရာမှတစ်ဆင့် အပြန်အလှန် အခွင့်အလမ်းများပွင့်လန်းပြီး ကောင်းကျိုးများကို ခံစားရမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းစု (Service Industry) ဖွံ့ဖြိုးတိုးတက်ပြီး ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက်လာနိုင်ပါသည်။ ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏စီးပွားရေးကို ပိုမိုတိုးတက်စေမည်ဖြစ်ပါသည်။

ထိုမျှသာမက နိုင်ငံများ၏ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ ပိုမိုအားကောင်းလာပြီး ကမ္ဘာ့ဈေးကွက်အတွင်း ပိုမိုထိုးဖောက်လာနိုင်မည်ဖြစ်ပါသည်။ (၁၀) ကြိမ်မြောက် AFAS အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနှင့်အတူ အာဆီယံနိုင်ငံများအတွင်းသို့ နိုင်ငံခြားအရင်းအနှီးပိုင်ဆိုင်မှု (Foreign capital ownership) ပိုမိုစီးဝင်လာနိုင်သည်။ ထို့ကြောင့် အာဆီယံနိုင်ငံများသည် ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပြောင်းလဲရန် လိုအပ်မည်ဖြစ်ပါသည်။

သို့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့တွင် နိုင်ငံခြားအရင်းအနှီးပိုင်ဆိုင်မှုကို ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် အချို့သောကဏ္ဍများတွင် နိုင်ငံခြားအရင်းအနှီးပိုင်ဆိုင်မှုကို ရာခိုင်နှုန်းပြည့် ခွင့်ပြုထားပါသည်။ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အရှေ့ဘက်ပိုင်းတွင်ရှိသော မြို့နယ်များတွင် ပြည်ပအရင်းအနှီးပါဝင်မှု ၁၀၀ ရာခိုင်နှုန်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖွင့်ပေးထားပါသည်။ အဆိုပါဒေသနှင့် မြို့နယ်များတွင် ရင်းနှီးမြှုပ်နှံမည့် ဟိုတယ်နှင့်အပန်းဖြေစခန်းကဲ့သို့သော ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများအတွက်လည်းကောင်း၊ဂေါက်ကွင်းအပါအဝင် ဂေါက်ကွင်းနှင့် ဆက်စပ်နေသောလုပ်ငန်းများ၊ ခရီးသွားဧည့်သည်များအတွက် အပန်းဖြေစရာနေရာများကဲ့သို့သော အပန်းဖြေခြင်းနှင့်အားကစားဝန်ဆောင်မှုလုပ်ငန်းများ (Recreation and Sports Services) အတွက်လည်းကောင်း ပြည်ပအရင်းအနှီးပိုင်ဆိုင်မှုကို ရာနှုန်းပြည့်ခွင့်ပြုထားပါသည်။

ဤကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာရောက်ပါသည်။ (၁၀) ကြိမ်မြောက် AFAS Package ကို အကောင်အထည်ဖော်ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ဆောင်မှုတင်ပို့ခြင်းနှင့် တင်သွင်းခြင်းကို တိုးတက်စေပြီး ကုန်သွယ်မှုအခွင့်အလမ်းကိုလည်း ပိုမိုတိုးတက်စေနိုင်သည်။ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်ခြင်းကြောင့် အာဆီယံနိုင်ငံအချင်းချင်း၏ နည်းပညာလွှဲပြောင်းရရှိမှု၊ အကျွမ်းကျင်ဆုံးသောဝန်ထမ်းများ (The best professional staffs) ရရှိနိုင်မှု၊ နောက်ဆုံး စားသုံးသူနှင့် ထုတ်လုပ်သူများ (End consumers & producers) အတွက် ဝန်ဆောင်မှု ထုတ်ကုန်အမျိုးမျိုး (Various Service Products) ရရှိနိုင်မှုတို့ကို ဖြစ်စေပါသည်။

ထို့ပြင် အာဆီယံစီးပွားရေးဝန်ကြီးများသည် အာဆီယံ e-commerce သဘောတူညီချက်ကိုလည်း ဆွေးနွေးလက်ခံခဲ့ကြသည်။ အာဆီယံ e-commerce သဘောတူညီချက်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေး (ASEAN Summit) ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

**(၁၀) ကြိမ်မြောက် AFAS Package တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် ဝန်ဆောင်မှုကဏ္ဍခွဲ (၁၅) ခုနီးပါးကို လွတ်လပ်ခွင့်ပြုဖြေလျှော့ပေးရန် ကတိကဝတ်ထားရှိခဲ့ကြသည်။**

အာဆီယံ အီလက်ထရောနစ်ကုန်သွယ်ရေးသဘောတူညီချက် (Electronic trade agreement or e-commerce agreement) သည် အရှေ့တောင်အာရှဒေသအတွင်း နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ် ကုန်သွယ်ရေးလုပ်ဆောင်ချက်များ အဆင်ပြေချောမွေ့ရန် ရည်ရွယ်ပါသည်။ ထို့ပြင် ကောင်းမွန်သော e-commerce ပတ်ဝန်းကျင်ကို ဖန်တီးရန်၊ အားလုံးအကျုံးဝင်သော တိုးတက်မှု (Inclusive growth) အတွက် အာဆီယံနိုင်ငံများကြားပိုမိုပူးပေါင်းဆောင်ရွက်ရန်နှင့် အရှေ့တောင်အာရှဒေသအတွင်း စီးပွားရေးမညီမှုကို လျှော့ချရန် ရည်ရွယ်ပါသည်။

နှစ်ပတ်လည် အစည်းအဝေးကာလအတွင်း အာဆီယံစီးပွားရေးဝန်ကြီးများသည် အာဆီယံစီးပွားရေးလုပ်ငန်းအကြံပေးကောင်စီ (ASEAN Business Advisory Council-ABAC) နှင့်လည်း တွေ့ဆုံခဲ့ပါသည်။ ၂၀၂၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community - AEC) အကောင်အထည်ဖော်မှုကို အတူလက်တွဲ ဆောင်ရွက်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍကြား အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ AEC အကောင်အထည်ဖော်မှုကို စနစ်တကျစောင့်ကြည့်သုံးသပ်သည့်ဖြစ်စဉ် (Process of monitoring and evalution) ဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

Soruce: en.netralnews.com

## မြန်မာ့ဆိပ်ကမ်းတွင် ၂၇.၉.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - EF ELANA | ကုန်သေတ္တာ ၆၄၇ တင် ၃၉၅ ချရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | - DYNAMIC OCEAN 02 | သကြား ၆၈၀၀ တန် ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၂) | - PATHEIN STAR | ကုန်သေတ္တာ ၅၂၀ တင် ၅၄၆ ချရန် |
| ဆူးလေဆိပ်ကမ်း (၁) | - ANA-M | ဆန်တန်ချိန် ၁၀၀၀၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၅) | -BEST FUTURE | ဆန် ၂၀၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၇) | -NEW LEVANT | ဆန် ၂၃၅၀၀ တန်ကုန်ချရန် |
| MIPL ဆိပ်ကမ်း | -DD VOGUE | Coal (In Bulk) ၂၁၆၆၇ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၁) | -BOX EXPRESS | ကုန်သေတ္တာ ၃၅၂ တင် ၄၆၁ ချရန် |
| သီလဝါဆိပ်ကမ်း (၃) | -XETHA BHUM | ကုန်သေတ္တာ ၂၂၈ တင်ရန် |
| သီလဝါဆိပ်ကမ်း (၄) | -TAURUS TWO | Steel Product ၂၉၄၅၅ချရန် |
| MMTM JETTY | -MT OCEAN SPRING | ဒီဇယ်ဆီ & MOGAS 92 RON ၂၈၃၁၄တန်ကုန်ချရန် |
| PUMA JETTY | -MT OCEAN VICTORY | ဒီဇယ်ဆီ & MOGAS 92 RON ၂၄၃၆၅တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| FORTUNE | သကြား ၂၀၀၀ တန်ကုန်ချရန် | - | ၂၈.၉.၂၀၁၈ |
| HONOR PESCADORE | Deformed Bars ၉၈၉၆ ကုန်ချရန် | THAI | ၂၈.၉.၂၀၁၈ |
| OCEAN FAITH | IRON PIPE ၂၇၃၈ တန်ကုန်ချရန် | JAPAN | ၂၈.၉.၂၀၁၈ |
| STC COLUMBUS | သကြား၇၆၀၀ တန်ကုန်တင်ရန် | THAI | ၂၈.၉.၂၀၁၈ |
| HONG LI-8 | H-BEAN&FERTILIZER ၁၆၆၀၀တန်ကုန်ချရန် | CHINA | ၃၀.၉.၂၀၁၈ |
| GLOBE-6 | Ammonium Nitrate ၃၀၀၀ တန်ကုန်တင်ရန် | VIETNAM | ၃၀.၉.၂၀၁၈ |
| JOSCO TIZHOU | Steel ၂၂၅၀၀ တန်ကုန်ချရန် | CHINA | ၁.၁၀.၂၀၁၈ |
| MIMOSAIII | EQUIPMENT ၂၃၅၈ တန်ကုန်တင်ရန် | THAI | ၂.၁၀.၂၀၁၈ |
| KENG TUNG | Steel Bar& G/C ၁၀၅၁၁ တန်ကုန်ချရန် | INDIA | ၃.၁၀.၂၀၁၈ |
| SN QUEEN | Vehicle +G/C ၂၅၀၂ကုန်ချရန် | KOREA | ၄.၁၀.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MAERSK WIESBADEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၉.၂၀၁၈ |
| UNI AMPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၉.၂၀၁၈ |
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၉.၂၀၁၈ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၉.၉.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၉.၂၀၁၈ |
| IAL 001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၉.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၉.၂၀၁၈ |
| DANU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၃၀.၉.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | ဒီဇယ်ဆ | SINGAPORE | ၂၉.၉.၂၀၁၈ |
| MT.PHUBAI PATTRA-2 | ဒီဇယ်ဆီ | SINGAPORE | ၃၀.၉.၂၀၁၈ |
| MT.SK LINE-1 | P'Oil(In Bulk) | INDONESIA | ၃၀.၉.၂၀၁၈ |
| MT.AMONIA | P'Oil(In Bulk) | INDONESIA | ၃၀.၉.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၁.၁၀.၂၀၁၈ |
| MT.GLORY STAR | MOGAS 92 RON | SINGAPORE | ၂.၁၀.၂၀၁၈ |
| MT.FLY SEAL | MOGAS 92 RON | SINGAPORE | ၃.၁၀.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၄.၁၀.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၄.၁၀.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | SINGAPORE | ၈.၁၀.၂၀၁၈ |

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့ဝါးများတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တော ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာတတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၀၀ တန်ဖိုးရှိဝါးလုံးအကြီး ၂၅ တန် နဲ့ အမေရိကန်ဒေါ်လာ ၁၅၀ တန်ဖိုးရှိ ဝါးလုံးအသေးငါးတန်ကို မောင်တောဆိပ်ကမ်းမှတစ်ဆင့် ဝါးဖောင်ဖွဲ့ပြီး တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## ကြက်သွန်


# ပြည်ကြက်သွန်နီဈေးနှုန်းမြင့်၍ ဝင်ရောက်မှုနည်း

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်နေသည့်အတွက် ဝင်ရောက်မှု သိသိသာသာ နည်းသွားကြောင်း သိရပါတယ်။ ယခင် ပိဿာ (၃၀)ဝင်အိတ် ၄၀၀ခန့် နေ့စဉ်ပုံမှန် ဝင်ရောက်မှုရှိနေရာမှ ယခုတစ်ပတ်တွင် အိတ် ၂၀၀ တစ်ပတ်လည်သာ ဝင်ရောက်မှုရှိတော့ကြောင်း သိရပါတယ်။

ကျောက်ပန်းတောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူဘက်မှ ကြက်သွန်နီများ ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်အားဖြင့်ပုံမှန် ဈေးကွက်ဖြစ်သော ဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲဝယ် ရောင်းသမားများ၊ ဧရာဝတီ/ရခိုင်တို့သို့ တင်ပို့မှုအနေဖြင့်သာ ရောင်းဝယ်မှုရှိနေပြီး အရောင်းအဝယ်မှာ ဈေးမြင့်သည့်အတွက် အေးနေကြောင်းလည်း သိရပါတယ်။ ပြည်ပွဲရုံ လုပ်ငန်းရှင်များမှ ဈေးနှုန်းလည်း မြင့်၊ အရောင်းအဝယ်လည်း အေးနေသည့်အတွက် အရည်အသွေးအားဖြင့် အသင့်အတင့် ကောင်းမွန်မှုရှိသော ကြက်သွန်နီများကို သတ်မှတ်ရွေးချယ်မှာယူရောင်းချနေရကြောင်းသိရပါတယ်။

ဈေးနှုန်းများအနေနဲ့ ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် အရည်အသွေးပေါ် မူတည်၍ ကျပ် ၁၂၀၀-၁၃၀၀-၁၄၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေး အသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ကျပ် ၁၄၀၀-၁၅၀၀-၁၆၀၀၊ (သေး) ကျပ် ၁၁၀၀-၁၂၀၀ နှုန်းတို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

ပြည်ဈေးကွက်အတွင်းသို့ ယခုတစ်ပတ်မှစ၍ တရုတ်ကြက်သွန်နီများ အိတ်အနည်းငယ် ဝင်ရောက်မှုရှိလာပြီး ဈေးနှုန်းအားဖြင့် လက်လီ/လက်ကား တစ်ပိဿာလျှင် ကျပ် ၇၀၀- ၇၅၀ နှုန်းတို့ရှိကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**



# ပြည်ကြက်သွန်ဖြူဝင်ရောက်မှုရှိသော်လည်း ဈေးဆက်တက်လာ

ပြည်ပွဲရုံများသို့ ရှမ်းကြက်သွန်ဖြူနှင့် တရုတ်ပြည်ထွက် ကြက်သွန်ဖြူ အိတ်တွေ တစ်ပတ်နှစ်ကြိမ် ဝင်ရောက်နေပေမယ့် ကြက်သွန်ဖြူဈေး အနည်းငယ် ထပ်တက်လာတာတွေ့ရပါတယ်။ ယခု စက်တင်ဘာ နောက်ဆုံးပတ်တွင် ကြက်သွန်ဖြူဈေးနှုန်းမှာ ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၂၀၀ နှင့်(ကြူကုတ်) ကျပ် ၁၅၀ ဈေးဖြင့် ပွဲရုံများတွင် ဈေးမြင့်တက်လာတာ တွေ့ရပါတယ်။

ယခုတစ်ပတ် ဈေးနှုန်းတွေကတော့ (ပွဲရုံဈေး) ရှမ်းအမွှာ ကျပ် ၁၇၀၀၊ (ကြူကုတ်စ) ကျပ် ၁၄၀၀ တို့ဖြင့် ရောင်းဝယ်နေပြီး ဒေသတွင်း လက်လီဈေးများတွင် (ရှမ်းအမွှာ) ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ နှင့် (ကြူကုတ်စ) ကျပ် ၁၇၀၀ဖြင့် ရောင်းချနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ အိတ် ၂၀၀ နီးပါး အရောင်းအဝယ် ဖြစ်ကြောင်းသိရပါတယ်။ **နီနီဝင်း**

## နှမ်း

# မူဆယ်မှ နှမ်းပုံမှန်တင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှစက်တင်ဘာတတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၂ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၃၈ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံများမှာ နှမ်းဖြူ ၁၆ တန်ခွဲ၊ နှမ်းဖြူ(အခွံချွတ်)တန် ၂၀ နဲ့ နှမ်းလျှော်တစ်တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှနှမ်းဖြူ(အခွံချွတ်) တန် ၄၀ တင်ပို့ခဲ့လို့ မူဆယ်မှတရုတ်နိုင်ငံသို့ နှမ်းပုံမှန်တင်ပို့နေတာတွေ့ရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ် အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၇ သန်းတန်ဖိုးရှိ နှမ်းနက် ၆၇၇ တန်၊ နှမ်းဖြူ ၁၂၆ တန်၊ နှမ်းညို ၆၉ တန်ကျော်နဲ့ နှမ်းညို(အခွံချွတ်) ၆၈ တန်၊ Re-Export နှမ်းဖြူ ၃၈ တန် စုစုပေါင်း တန်ချိန် ၉၇၈ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၁၀၇၉ တန်နဲ့နှိုင်းယှဉ်ပါက ၁၀၁ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာတတိယပတ်အတွင်း နှမ်းဖြူတစ်တန် ၂၀၅၀၈၀၈ ကျပ်၊ နှမ်းနက်တစ်တန် ၂၁၆၆၂၈၂ ကျပ်ဈေးရှိကြောင်း သိရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၃၀၀၀ တန်ဖိုးရှိ နှမ်းညိုတန် ၂၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

# ပြည်ဈေးကွက်တွင် ယခင်နှစ်ကထက် နှမ်းဈေးမြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးကွက်အမြင့်မှာ ငြိမ်နေတာ တွေ့ရပါတယ်။ နှမ်းဈေးကို ယခင်နှစ်က ဈေးနှင့် နှိုင်းယှဉ်ကြည့်လျှင် ယခုနှစ်ဈေးမှာ တော်တော်မြင့်တက်လာတာတွေ့ရပါတယ်။ ယခင်နှစ် နှမ်းဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၇၀၀-၈၀၀လောက်အထိ ဝင်လာခဲ့တာဖြစ်ပြီး ယခုနှစ်မှာ တစ်နေ့လျှင် အိတ် ၄၀၀ လောက်သာ ဝင်ရောက်မှုရှိသဖြင့် မနှစ်ကထက် ဝင်ရောက်မှုနည်းသွားရခြင်းမှာ အထွက်နှုန်း ကျဆင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရပါတယ်။

ဈေးနှုန်းများမှာလည်း ယခင်နှစ် နှမ်းဈေးမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြစ်ခဲ့ပြီး ယခုနှစ်မှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၈၀၀၀ အထိ မြင့်တက်လာတာတွေ့ရပါတယ်။

ထို့အတူ နှမ်းနက်ဈေးမှာလည်း မနှစ်ကဆိုရင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဖြစ်ခဲ့ပြီး ယခုနှစ်မှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀အထိ မြင့်ခဲ့သလို စမုံနက်နှမ်းဈေးမှာ ယခင်နှစ်တွင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ရှိရာမှ ယခုနှစ်တွင် ကျပ် ၂၂၅၀၀၀ အထိ ဈေးမြင့်တက်လာခဲ့တာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## နှမ်း

## နနွင်း

# တရုတ်နိုင်ငံသို့ နနွင်းတက်ပိုမို တင်ပို့

စက်တင်ဘာတတိယပတ်အတွင်း မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၂ သန်းတန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၄၂၇ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၅၄ တန်နဲ့နှိုင်းယှဉ်ပါက ၁၇၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၁၀၃၁၉၄၀ ဝန်းကျင်ရှိပြီး ၂၀၁၇ ခုနှစ် ကာလတူက ၉၆၅၉၆၅ ကျပ်၊ ၂၀၁၆ ခုနှစ် ကာလတူက ၉၇၅၃၇၅ ကျပ်ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# နနွင်းတန်ချိန် ၂၀၀နီးပါးတင်ပို့

စက်တင်ဘာ ၁၆ ရက်မှ ၂၂ရက် သီတင်းပတ်အတွင်း နနွင်းတန်ချိန် ၁၇၇ ဒသမ ၀၄၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ယီမင်နိုင်ငံသို့ ၄၅ ဒသမ ၀၄၅ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၁၃၂ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယီမင်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် နနွင်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၃၀၀ ရရှိခဲ့ပြီး အိန္ဒိယနိုင်ငံသို့ ရောင်းချရာတွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုပျောက်ခဲ့တဲ့နနွင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၅၉၁၃ ဒေါ်လာ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုပို

စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၂၅၁ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံသို့ ၂၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၂၅ တန် နဲ့ ကိုရီးယားနိုင်ငံသို့ ၁ဒသမ၅၀တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၅၀သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀ ကျော် တင်ပို့မှုပိုခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ဈေးအနည်းငယ်ပြန်တက်လာတဲ့ မန်ကျည်းသီး

ယခုရက်ပိုင်းတွင် မန်ကျည်းသီးအသစ်မပေါ်သေးဘဲ မန်ကျည်းမှည့်အဟောင်းမှာလက်ကျန်နည်းလာပြီဖြစ်သဖြင့် ဈေးကွက်အတွင်းဈေးပြန်တက်လာပါတယ်။ လက်လီဈေးမှာ တစ်ပိဿာလျှင် ယခင်ကကျပ် ၂၅၀၀ သာရှိခဲ့ရာမှ ယခုအခါတွင် တစ်ပိဿာ ကျပ် ၃၂၀၀ မှ ၃၅၀၀ ထိ ဈေးပြန်တက်လာတယ်လို့ လေ့လာသိရှိရပါတယ်။ **စိုးမိုး(ပဲခူး)**



# လက်ကျန် မန်ကျည်းမှည့်ဟောင်း အဝယ်ရှိနေ

မန်ကျည်းမှည့်ပွဲရုံများသို့ မြန်အောင်၊ ဟင်္သာတ၊ ပွင့်ဖြူမြို့နယ်များမှ ကုန်သည်များ လက်ကျန် မန်ကျည်းမှည့်အဟောင်း (ခါးလှီး)များ ဝင်ရောက်နေပါတယ်။ ဝင်ရောက်လာတဲ့ မန်ကျည်းမှည့်များ ရခိုင်၊ စစ်တွေဝယ်လက်များ အဝယ်ရှိနေတာကြောင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါ တယ်။ မန်ကျည်းမှည့်ပွဲရုံပေါက်ဈေးကတော့ တစ်ပိဿာ ကျပ် ၂၈၀၀ ဈေးပေါက်ကာ ရောင်းချနေတာတွေ့ရပါတယ်။ ဒေသတွင်း လက်လီဈေးများတွင် နယ်မန်ကျည်းမှည့်များအား တစ်ပိဿာ ကျပ် ၃၆၀၀ ထိ ရောင်းချနေတာ တွေ့ရပါတယ်။ ဒေသတွင်းမှ ထွက်ရှိတဲ့ လက်ကျန် မန်ကျည်းသီးမှည့်များကိုတော့ အစိုဓာတ်ရှိတာကြောင့် လက်လီတစ်ပိဿာ ကျပ် ၂၅၀၀ ဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေတာသိရပါတယ်။ တစ်ပတ်အတွင်း မန်ကျည်းမှည့်ပိဿာ ၃၀ ဝင်အိတ် (တစ်ပိတ်နှစ်ကြိမ်) ၅၀ ခန့် တင်ပို့နေကြောင်း သိရပါတယ်။ **နီနီဝင်း**

Vol: 18, No.39 Monday October 1 2018

# အာဆီယံ စီးပွားရေးအသိုက်အဝန်း (၂၀၁၅)ဖော်ဆောင်ခြင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး



ဝင်းမင်းဖြိုး

## အကောက်ခွန် သုည ရာခိုင်နှုန်း ခံစားခွင့်နှင့် အကန့်အသတ်

အရှေ့တောင်အာရှနိုင်ငံများအသင်းအဖွဲ့(အာဆီယံ)ကို ၁၉၆၇ ခုနှစ်တွင် ကနဦး ငါးနိုင်ငံဖြင့် စတင်တည်ထောင်၍ ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသည် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည်လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသည် လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည်လည်းကောင်း အဖွဲ့ဝင်အသီးသီး ဖြစ်လာခဲ့ကြပါသည်။

အာဆီယံဖြစ်ပေါ်လာသည့် သမိုင်းကြောင်းများအပေါ် သိနားလည်ထားရန်လိုအပ်သကဲ့သို့ လက်ရှိတွင် ရင်ဆိုင်နေရသည့် အာဆီယံဒေသတွင်း နိုင်ငံများနှင့် ကုန်သွယ်မှုအခြေအနေများ၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများကို ဖော်ပြလိုပါသည်။ ဒေသတွင်း ကုန်သွယ်မှုဟုဆိုပါက မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့စည်းများထဲတွင် လူသိအများဆုံးနှင့် ပူးပေါင်းဆောင်ရွက်မှုအရှိဆုံးမှာ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအသင်း(အာဆီယံ)ဖြစ်ပါသည်။

ယခုအခါ အာဆီယံတွင်အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံအချင်းချင်းကြား ကုန်သွယ်မှုပြုခြင်း၊ လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းတို့တွင် မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ၎င်း ၁၀ နိုင်ငံကြား တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်သွယ်မှုပြုရာတွင် ကမ်းလှမ်းထားသည့် အပြန်အလှန် အခွင့်အရေးများကို အဖွဲ့ဝင် ၁၀ နိုင်ငံမဟုတ်သည့် ပြင်ပနိုင်ငံများ ခံစားခွင့်မရှိပါ။ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်များကို တစ်ကမ္ဘာလုံးရှိနိုင်ငံတကာ ကုန်သွယ်မှုအတွက် လိုက်နာရသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဘာသာရပ်အလိုက် သဘောတူညီချက်များ၊ စည်းမျဉ်း စည်းကမ်းများကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သဖြင့် အဆိုပါသဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသာဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမဟုတ်သည့် ပြင်ပနိုင်ငံများ ခံစားခွင့်မရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကုန်သွယ်မှုဟုဆိုရာတွင် အလွန်ကျယ်ပြန့်ပြီး ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ကဏ္ဍများနှင့်ချိတ်ဆက်၍ ကွင်းဆက်မိမိ စဉ်းစားနိုင်မှသာ ခိုင်မာသော ကုန်သွယ်မှုမူဝါဒတစ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (၂၀၁၅) ကို ဖော်ဆောင်ခြင်းကြောင့် မြန်မာနိုင်ငံတွင်းသို့ ကုန်စည်များ အကောက်ခွန် ကင်းလွတ်စွာဖြင့် လွတ်လပ်စွာ စီးဝင်လျက်ရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှု ကုန်ထုတ်လုပ်ငန်းများ တွက်ချေကိုက်မှု မရှိတော့ကြောင်း၊ ပြိုလဲတော့မည်ဖြစ်၍ အကာအကွယ်ပေးစေလို ကြောင်း ပြောဆိုနေမှုများအပေါ် ရှင်းပြလိုပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (၂၀၁၅) ဖော်ဆောင်ခြင်းကြောင့် မြန်မာနိုင်ငံတွင်းသို့ ကုန်စည်များ အကောက်ခွန် ကင်းလွတ်စွာဖြင့် ဝင်ရောက်ခွင့်ရသည်မှာ မှန်ပါသည်။ အပြန်အလှန် စဉ်းစားကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ တင်ပို့ကုန်များလည်း အခြားအာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံ၏ ဈေးကွက်အတွင်းသို့ အကောက်ခွန် ကင်းလွတ်စွာဖြင့် ဝင်ရောက်ခွင့်ရပြီးဖြစ်သည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏ ဈေးကွက်များတွင် အဖွဲ့ဝင်နိုင်ငံများမှ ကုန်စည်များ တင်သွင်း/ တင်ပို့ကြသည့် ကုန်စည် စီးဆင်းမှုတွင် အကောက်ခွန်ဟူသော အတားအဆီးမရှိတော့ခြင်း ဖြစ်ပါသည်။ အကောက်ခွန်ရာခိုင်နှုန်းကြောင့် ကုန်စည်ဈေးနှုန်းများအပေါ် သို့ သက်ရောက်သော ကုန်သွယ်မှုစရိတ်ကို လျော့ကျစေခြင်းဖြစ်ပါသည်။

ထိုသို့ဆိုရာတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်း၌ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ကုန်စည်များ တင်သွင်းခြင်း/တင်ပို့ခြင်း/ ကုန်သွယ်မှုပြုခြင်းတို့၌ အကျိုးအမြတ်ရရှိမှုကို ခန့်မှန်းတွက်ချက်စဉ်းစားရန် လိုအပ်လာပါသည်။ သို့မှသာ မြန်မာနိုင်ငံ၏ ကုန် ထုတ်လုပ်မှု နှိုင်းယှဉ်အားသာချက် (comparative advantage) ရှိသည့် ကုန်စည်ကို ဖော်ထုတ်ပြီး အာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံထံမှ တင်သွင်းစားသုံး/သုံးစွဲမည့် ကုန်စည်များ နှင့် ၎င်းနိုင်ငံများထံသို့ မြန်မာနိုင်ငံမှ ဈေးကွက်ထိုးဖောက်တင်ပို့မည့် ကုန်စည်များကို ခွဲခြားနိုင်မည်ဖြစ်ပါသည်။

၎င်းတွင် အရေးကြီးဆုံးအချက် (၂) ချက်မှာ အာဆီယံ အဖွဲ့ဝင် ကိုးနိုင်ငံထံသို့ မြန်မာနိုင်ငံမှ တင်ပို့မည့်ကုန်စည်များတွင် မြန်မာ့ထွက်ကုန်ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ကို ပူးတွဲ၍ တင်သွင်းနိုင်ငံများ၏ အာဏာပိုင်အဖွဲ့အစည်းထံသို့တင်ပြနိုင်ရမည်ဖြစ်ပါသည်။ နောက်တစ်ချက်မှာ အဆိုပါ မြန်မာနိုင်ငံ၏ တင်ပို့ကုန်စည်သည် အခြားအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံအသီးသီးစီ၏ အကောက်ခွန်သက်သာခွင့်ပြုထားသည့် ကုန်စည်စာရင်းပါ ကုန်စည်များ ဖြစ်ရပါမည်။ ထိုကဲ့သို့ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ပူးတွဲပါရှိ တင်ပြနိုင်ခြင်း၊ အကောက်ခွန်သက်သာခွင့်ပြုထားသည့် ကုန်စည်စာရင်းပါ ကုန်စည်အမျိုးအစားဖြစ်ခြင်းတို့နှင့် ကိုက်ညီမှသာ အဆိုပါ မြန်မာ့ထွက်ကုန်သည် အကောက်ခွန် သုညရာခိုင်နှုန်း (သို့မဟုတ်) အခြားနိုင်ငံများနှင့်မတူဘဲ သတ်မှတ်လျှော့ပေါ့သက်သာ ခွင့်ပေးထားသည့် အကောက်ခွန်နှုန်းတို့ဖြင့် ၎င်းတို့နိုင်ငံများ၏ ဈေးကွက်အတွင်းသို့ ဈေးကွက်ဝင်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

အလားတူပင် အပြန်အလှန် ပြောင်းပြန်စဉ်းစားကြည့်ပါ။ မြန်မာနိုင်ငံမှ အကောက်ခွန် သုည ရာခိုင်နှုန်း (သို့မဟုတ်) အခြားနိုင်ငံများသို့ ကောက်ခံသည့် အကောက်ခွန်နှုန်းအောက် သက်သာသော အကောက်ခွန်နှုန်းများဖြင့် ခွင့်ပြုထားသည့် စာရင်းပါ ကုန်စည်များဖြစ်ပါက အာဆီယံနိုင်ငံများမှ မြန်မာနိုင်ငံတွင်းသို့ ဈေးကွက်ဝင်ရောက်လိုသည့် ၎င်းတို့၏တင်ပို့ကုန်စည်များသည်လည်း ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form D) ကို တင်ပြနိုင်မှသာလျှင် မြန်မာနိုင်ငံတွင်းသို့ အကောက်ခွန် ကင်းလွတ်စွာဖြင့် ဝင်ရောက်လာ နိုင်မည်ဖြစ်ပါသည်။

ဆိုလိုရင်းမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း အကောက်ခွန် သုည ရာခိုင်နှုန်း (သို့မဟုတ်) အကောက်ခွန် လျှော့ပေးထားသည့် ကုန်စည်များကို တင်သွင်း/တင်ပို့နေကြသော်လည်း အဆိုပါသက်ဆိုင်ရာနိုင်ငံများမှ ထုတ်ပေးသည့် အကောက်ခွန် သက်သာခွင့်ကို ခံစားခွင့်ရှိသော ပင်ရင်း နိုင်ငံသက်သေခံလက်မှတ် (Form D) ကို တင်ပြနိုင်မှသာ ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

အကောက်ခွန် သက်သာခွင့်ကို သုညရာခိုင်နှုန်းထိ လျှော့ချ၍ ဈေးကွက်ဝင်ရောက်ခွင့်ပြုကြသော်လည်း အမှန်တကယ် ခံစားခွင့်ရရန် ပထမဆုံးစိန်ခေါ်မှုမှာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ပါရှိရန်ဖြစ်ပါသည်။ ၎င်းအပြင် လယ်ယာထွက်ကုန်များဖြစ်ပါက အပင်နှင့်အပင်ထွက်/ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန်စည်များအတွက် ရောဂါပိုးမွှားကင်းစင်သန့်ရှင်းကြောင်း ထောက်ခံချက်၊ အစားအစာများအတွက် အစားအစာလုံခြုံစိတ်ချရမှုရှိကြောင်း ထောက်ခံချက်၊ စက်မှုထုတ်ကုန်များအတွက် National Standard သို့မဟုတ် International Standard နှင့်ကိုက်ညီသော စံချိန်စံညွှန်း ပြည့်မီသည့် ကုန်စည်များဖြစ်ကြောင်း ထောက်ခံချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက် အစရှိသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များမှာ သက်ဆိုင်ရာ တင်သွင်းနိုင်ငံအစိုးရများမှ ချမှတ်ထားသည့် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုကဏ္ဍအတွက် တင်ပို့သည့် ရှုထောင့်မှ စဉ်းစားမည်ဆိုပါ က အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံအစိုးရများမှ ချမှတ်ထားသည့် ဖော်ပြပါ အကောက်ခွန်မဟုတ် သောကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရင်ဆိုင်ဖြတ်သန်းကျော်လွှားနိုင်မှသာ ၎င်းတို့၏ ဈေးကွက်အတွင်းသို့ မြန်မာ့ပို့ကုန်များ ဝင်ရောက်ခွင့်ရပါမည်။ တစ်နည်းဆိုရလျှင် အကောက်ခွန် သုည ရာခိုင်နှုန်းဟု ဆိုသော်လည်း သက်ဆိုင်ရာ တင်သွင်းနိုင်ငံများ၌ ၎င်းတို့၏ပြည်တွင်း ဈေးကွက်တည်ရှိပြီးဖြစ်သော ဖူလုံမှုရှိပြီးဖြစ်သော အထူးသဖြင့် ကိုယ့်နိုင်ငံအတွက် နှိုင်းယှဉ်အားသာချက် (comparative advantage) ရှိသော အလားတူ ကုန်စည်များ ပြည်ပနိုင်ငံများမှ လွယ်လွယ်ကူကူ ဝင်ရောက်ခွင့်မရှိရန်၊ ပြည်တွင်းစားသုံးမှု၊ ထုတ်လုပ်မှု၊ အမျိုးသားရေးလုံခြုံစိတ်ချရမှုများ အစရှိသည်တို့အတွက် အကာအကွယ်ပေးရန် လုံခြုံရေး ဂိတ်တံခါး သဖွယ် ဖြစ်သည်ဟုဆိုရပါမည်။ ဤသို့ဆိုလျှင် မြန်မာ့ပို့ကုန် ကုန်စည်များသည် တင်သွင်းနိုင်ငံများ၏ သက်ဆိုင်ရာအစိုးရများမှ ချမှတ်ထားသည့် အကောက်ခွန်မဟုတ်သောကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ကျော်လွှားရန် ၎င်းတို့၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကုန်စည်များကို ထုတ်လုပ်တင်ပို့နိုင်ရမည်ဖြစ်ပါ သည်။

အခြားတစ်ဖက်တွင် မြန်မာနိုင်ငံ၏ တင်သွင်းမည့် ရှုထောင့်မှ စဉ်းစားမည်ဆိုပါက ပြည်တွင်းဈေးကွက်၌ရှိသော ကုန်စည်များသည် ပြည်တွင်းဈေးကွက်တည်ရှိပြီးဖြစ်သော၊ ပြည်တွင်း ထုတ်လုပ်မှုဖူလုံမှုရှိပြီးဖြစ်သော၊ နှိုင်းယှဉ်အားသာချက်ရှိသော ကုန်စည်များဖြစ်ပါက ပြည်ပမှ တင်သွင်းကုန်စည်များ မြန်မာ့ဈေးကွက်အတွင်းသို့ လွယ်လွယ်ကူကူဝင်ရောက်ခွင့်မရှိရန်နှင့် ပြည်တွင်းစားသုံးမှု၊ ထုတ်လုပ်မှု၊ အမျိုးသားရေးလုံခြုံစိတ်ချရမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုများအစရှိသည်တို့အတွက် အကာအကွယ်ပေးရန် လိုအပ်လာမည်ဖြစ်ပါသည်။ ဤသို့ ကာကွယ်ရန်မှာ သက်ဆိုင်ရာ အစိုးရဌာနများမှ အာဆီယံကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသော၊ ခိုင်မာသော ဥပဒေများ၊ နည်း ဥပဒေ များ၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံမှ ထုတ်လုပ်တင်ပို့ကုန်စည်များနှင့် အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ နိုင်ငံများတွင် လွတ်လပ်သော ကုန်သွယ်မှု (Free Trade) ကြောင့် အနိုင်မရသော်လည်း အရှုံးနှင့် ရင်မဆိုင်ရရန်မှာ ပထမဆုံး စိန်ခေါ်မှုဖြစ်သည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ပါရှိနိုင်သည့် မြန်မာ့ထုတ်ကုန်/ ထွက်ကုန် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ထုတ်လုပ်တင်ပို့သည့် ကုန်စည်ဖြစ်ရန် လိုအပ်လာပါသည်။ ယခုလက်ရှိတွင် မြန်မာ့ထွက်ကုန်ကုန်စည်များအဖြစ် အသိအမှတ်ပြု၍ မြန်မာနိုင်ငံမှ တင်ပို့နေသည့် ကုန်စည်များမှာ မြန်မာ့လယ်ယာ ထွက်ကုန်များ၊ mass production မရှိသေးသည့် လက်မှုထည်များနှင့် အထည်ချုပ်လုပ်ငန်းများ၊ ဖိနပ်ချုပ်လုပ်ငန်းများအစရှိသည့် လက်ခစားလုပ်ငန်းများမှ ကုန်စည်များသာဖြစ်ပါသည်။ ၎င်းကုန်စည်များသည် အာဆီယံနိုင်ငံအချင်းချင်းကြား အာဆီယံဈေးကွက်က ဈေးကွက်လိုလားမှုရှိသော ကုန်စည်များဖြစ်ရန်လည်း လိုအပ်ပါသည်။

အလားတူ ပြောင်းပြန် ပြန်စဉ်းစားမည်ဆိုပါက မြန်မာနိုင်ငံတွင်းသို့ အာဆီယံနိုင်ငံများမှ ဝင်လာနေသည့် ကုန်စည်များသည် ထုတ်လုပ်တင်ပို့သည့် ကုန်စည်များထက် very much demand ဖြစ်နေပါက အာဆီယံစီးပွားရေး အသိုက်အဝန်း (၂၀၁၅) ဖော်ဆောင်မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် ကုန်စည်ထုတ်လုပ်မှု၊ တင်ပို့မှု၊ တင်သွင်းမှုတို့တွင် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ကို စဉ်းစားကြရမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၃ သို့

## ဒီတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၅၉၃၄၆၇ တန်ဖိုးရှိဒီဇယ် ၆၆၇၂၄ ဒသမ ၂၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၅၈၁၄၃၆ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၈၉၄ ဒသမ ၁၃ တန်၊ စုစုပေါင်း ၇၇၆၁၈ ဒသမ ၄၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၇၁၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၄၉၅၅၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဓာတ်ဆီတန်ချိန် ၇၁၃၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၀၄၁၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၈၅၃၅၅၀ တန်ဖိုးရှိ Re-export ဒီဇယ် ၅၀၄၇ ဒသမ ၇၅တန် တင်ပို့ခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ ဓာတ်ဆီ ၃၀၁ ဒသမ ၃၄၈ တန် ၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၄၈၄၆၃၀တန်ဖိုးရှိ ဓာတ်ဆီ ၂၂၇၈ဒသမ၃၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၅၁၆၉၀ တန်ဖိုးရှိ ဒီဇယ် ၅၁၈ ဒသမ ၄၁၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

## မူဆယ်မှရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာတတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၈၁၇ တန် ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၃၉၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၄၂၅ တန်ပိုမိုတင်ပို့နိုင် ပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၃ သန်းပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးမျိုးစုံ၊ ငါးရှဉ့်၊ ငါးခြောက်နဲ့ကဏန်းတင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံဈေးအနေနဲ့ စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ကဏန်းတစ်တန်လျှင် ၅၂၀၈၃ ယွမ်၊ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၀၀၀၀ ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်ဇုန်ရဲ့ သီတင်းတစ်ပတ်ကုန်သွယ်မှု

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှစက်တင် ဘာ ၈ ရက်မှ ၁၅ ရက်အထိ ရက်သတ္တပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၁၀၆ သန်းနှင့် သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၃၁ ဒသမ ၀၄၃ သန်း၊ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၁၄၉ သန်းဆောင်ရွက်ခဲ့ပါသည်။ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်ထက် ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၈၃၃ သန်းပိုမိုခဲ့ပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ၄၈၄ သန်းလျော့နည်းခဲ့ပါသည်။ ပို့ကုန်ပိုင်းတွင် ကောက်ညှင်းဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ကဏန်း၊ ငါးရှဉ့်၊ ကျွဲ၊ နွား(အရှင်)၊ ကျောက်စိမ်း၊ သကြားနှင့် ဒီဇယ်ဆီတို့ တင်ပို့မှုပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ဓာတုဗေဒပစ္စည်းများ၊ ချည်ထည်၊ သတ္တုကုန်ကြမ်း၊ စက်ဘီးအပိုပစ္စည်းနှင့်အားကစားပစ္စည်းများ တင်သွင်းမှုလျော့နည်းခဲ့ပါသည်။ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာ ၁၅၅၆ ကျပ်၊ တစ်ဒေါ်လာ ၆ ဒသမ ၈၆၉ ယွမ်၊ ကျပ် ၁၀၀ လျှင် သုည ဒသမ ၄၄၆ ယွမ်နှုန်းရှိကြောင်း တွေ့ရပါသည်။

ပို့ကုန်ယာဉ်စီးရေထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၂၃၆၈ စီး၊ ၁၂ ဘီးယာဉ် ၁၆၂၇ စီး၊ ခြောက်ဘီးယာဉ် ၂၈၃ စီး၊ လေးဘီးယာဉ် ၁၅၅ စီးရှိပြီး သွင်းကုန်ကားစီးရေထွက်ခွာမှုတွင် ၂၂ ဘီးယာဉ် ၆၇၃ စီး၊ ၁၂ ဘီးယာဉ် ၁၁၄၃ စီး၊ ခြောက်ဘီးယာဉ် ၂၆၂ စီးနှင့် လေးဘီးယာဉ်ရှစ်စီးရှိပြီး မူဆယ်ဇုန်မှ သွင်းကုန်ပိုင်းမှာကုန်ပစ္စည်းအလိုက်တင်သွင်းသည့် ယာဉ်စီးရေမှာ ဓာတ်မြေဩဇာ ၄၄၀ စီး၊ ဘိလပ်မြေ နှစ်စီး၊ ကုန်စုံ ၁၀၀၇ စီး၊ သစ်သီး ၁၆၂ စီး၊ အခြားကုန်မျိုးစုံ ၂၈၆ စီးနှင့် ကားသစ် ၁၈၉စီးတို့ဖြစ်ကြောင်း သိရပါသည်။ **မော်မော်အောင်**

## Energy NYMEX 28-9-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 72.27 | 0.15 | 0.21 |
| Brent Crude Futr (USD/bbl) | 81.78 | 0.06 | 0.07 |
| Gasoline Rbob Fut (Cent/gal) | 208.39 | 0.15 | 0.07 |
| Natural Gas Futr (USD/MMBtu) | 3.05 | -0.01 | -0.26 |
| Heating Oil Futr (Cent/gal) | 232.38 | 0.07 | 0.03 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 24-September | 14.18 | 2474.21 | 2037.38 | 6251.21 | 821.00 |
| 25-September | 14.21 | 2475.09 | 2007.18 | 6151.36 | 826.00 |
| 26-September | 14.48 | 2485.45 | 2023.49 | 6205.58 | 824.00 |
| 27-September | 14.35 | 2521.82 | 2025.48 | 6210.65 | 823.00 |
| 28-September | 14.25 | 2547.38 | 2005.42 | 6183.32 | 806.00 |

## ပြည်တွင်းငွေလဲနှုန်းဈေး စံချိန်တင်နေရာမှ ပြန်ကျလာတဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် စက်တင်ဘာတတိယပတ်အတွင်း စံချိန်တင်မြင့်တက်လာခဲ့ရာမှ စက်တင်ဘာနောက်ဆုံးပတ်တွင်တော့ ဈေးပြန်လည်ကျဆင်းလာခဲ့ရာ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ်၁၅၅၀၀နီးကျင်ဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၉၇ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၆၀ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်တွင်ဒေါ်လာ အညွှန်းကိန်းကျဆင်းခဲ့ရာမှ အခြားနိုင်ငံသုံးငွေကြေးများတန်ဖိုးမြင့်တက်လာခဲ့သော်လည်း ကျပ်ငွေမှာမူအမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၆၀၀ကျော်အခြေအနေသို့ရောက်ရှိလာရာ အစိုးရကငွေကြေးလဲလှယ်နှုန်းတည်ငြိမ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်ခဲ့ခြင်း၊ များမကြာမီ ရန်ကုန်မြို့ ရွှေဘုံသာလမ်းဈေးကွက်ရှိ ဒေါ်လာ လေပတ်ကားရောင်းဝယ်သူများနှင့် ဒေါ်လာလက်ကြီးသမားများကို သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများရှိလာရာ ဈေးနှုန်းကျဆင်းတော့မည့်သတင်းများ ထွက်ပေါ်လာခြင်း၊ လက်ရှိအချိန်တွင်မူ ဒေါ်လာလေပတ်ကားရောင်းဝယ်သူများ၊ ဈေးကစားသူများ နည်းပါးသွားသလို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ဈေးကွက်အတွင်းသို့ ဒေါ်လာငွေကြေးများကို ရောင်းချပေးခဲ့ခြင်း စသည့်အခြေအနေများမှာ ပြည်တွင်းငွေလဲနှုန်းဈေးကွက်ကို သက်ရောက်မှုရှိခဲ့ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် စက်တင်ဘာ ၂၄ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၆၀၀ကျပ်၊ ဝယ်ဈေး ၁၅၈၀ကျပ်မှ စက်တင်ဘာ ၂၆ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၈၃ကျပ်၊ဝယ်ဈေး၁၅၅၈ကျပ်သို့ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂၈ ရက်တွင် ရောင်းဈေး ၁၅၅၀ ကျပ်၊ ဝယ်ဈေး၁၅၂၅ကျပ်ဖြင့် ဆက်လက်ကျ ဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ဈေးနှုန်းပြန်ကျလာခဲ့တဲ့ ပြည်တွင်းရွှေ

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုလအတွင်း ကျပ်ဆယ်သိန်းကျော်အထိ မြင့်တက်နေရာမှ ယခုလနောက်ဆုံးပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း သတင်းရရှိသည်။ ယခုလတတိယပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၀၀၀၀ ရှိခဲ့ရာမှ နောက်ဆုံးပတ်အတွင်းတွင်တော့ ကျပ် ၉၇၅၀၀၀သို့ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးကတော့ ပြန်ကျပြီး အရောင်းအဝယ်ပါးနေတယ်။ ဒေါ်လာ လေပတ်ကားတွေ၊ ဈေးဆွဲတင်တဲ့သူတွေကို အစိုးရက ခေါ်ယူမေးမြန်းတာမျိုးရှိတော့ ရွှေသမားတွေကလည်း စောင့်ကြည့်နေရတာမျိုးရှိတယ်။ ရွှေဈေးကွက်ထဲမှာ ရွှေဈေးကစားသူတွေကို အရေးယူမယ်လို့သတင်းတွေကလည်း ကျယ်ကျယ်ပြန့်ပြန့်ထွက်နေတာဆိုတော့ ရှောင်တဲ့သူကလည်း ရှောင်နေကြပြီ။ လက်ရှိအချိန်မှာ တရားဝင်ရွှေတင်သွင်းတင်ပို့နိုင်မယ့် One Stop Service Center ကိုဖော်ဆောင်နိုင်လိုက်တာမျိုးကတော့ စောင့်ကြည့်ရမယ့်အလားအလာတစ်ခုပဲ" ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက သုံးသပ်သည်။

ပြည်တွင်းရွှေဈေးကွက်တွင် စက်တင်ဘာ ၂၄ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၀၇၀၀၀ရှိခဲ့ ရာမှ စက်တင်ဘာ ၂၆ရက်တွင် ကျပ် ၉၉၃၀၀၀သို့ ကျဆင်းခဲ့သလို စက်တင်ဘာ ၂၈ရက်တွင် ကျပ်၉၇၅၀၀၀သို့ ဆက်လက်ကျဆင်းခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ စက်တင်ဘာ ၂၄ရက်က ရွှေတစ်အောင်စလျှင် ၁၁၉၆အမေရိကန်ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ၂၆ရက်တွင် တစ်အောင်စလျှင် ၁၁၉၈အမေရိကန်ဒေါ်လာသို့ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂၈ ရက်တွင် ၁၁၈၄အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## MCBအစုရှယ်ယာအမြတ်ဝေစု စတင်ထုတ်ပေး

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB)အစုရှယ်ယာများ၏ အမြတ်ဝေစုကို စက်တင်ဘာ ၂၄ရက်မှစတင်ကာ ထုတ်ပေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၆ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အထူးအစည်းအဝေးကို စက်တင်ဘာ ၂၂ရက်က ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ပြုလုပ်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုအဖြစ် အစုရှယ်ယာတစ်စုလျှင် ကျပ်နှစ်ရာနှုန်းဖြင့်အမြတ်ခွဲဝေရန် အတည်ပြုခဲ့ကြောင်း၊နှစ်ပတ်လည်အထွေထွေအစည်း အဝေးမှအမြတ်ဝေစုခွဲဝေပေးခြင်းအပေါ် အတည်ပြုဆုံးဖြတ်ခဲ့သဖြင့် စက်တင်ဘာ ၂၄ရက်မှစတင်ကာMCB ဘဏ်စာရင်းတွင်ရှိသောရှယ်ယာရှင်များကို MCBဘဏ်မှလည်းကောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်ရန် စာရင်းဖွင့်လှစ်ထားသူများအနေဖြင့် သက်ဆိုင်ရာငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီအလိုက် စာရင်းဖွင့်ထားသောဘဏ်များတွင်လည်းကောင်း ထုတ်ယူနိုင်ပြီဟုသိရသည်။ ထို့ပြင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်နှင့် အညီ အီလက်ထရောနစ်မှတ်ပုံတင်စနစ်ကိုအသုံးပြု၍ ပြန်လည်မှတ်ပုံတင်ရမည့်အစီအစဉ်အရ ဘဏ်၏ Constitutionအသစ်ကို အစုရှယ်ယာရှင်များကိုယ်စားပြုသော ဒါရိုက်တာအဖွဲ့မှ ကြီးကြပ်မှုဖြင့် Financial Institution Law, Company Law, Myanmar Investment Law and Rulesများနှင့် လိုက်လျောညီထွေရှိပြီး ဗဟိုဘဏ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် သင့်လျော်သော နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများလက်ခံခြင်း၊ ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်း၊ Digital Banking၊ Agency Banking၊ Credit Card၊ Co-branding လုပ်ငန်းများအပါအဝင် ပြည့်စုံစွာရေးဆွဲမှတ်ပုံတင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

September 28, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 84.34 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 72.56 |
| I DR | Indonesia Rupiahs | 14890.98 |
| JPY | Japan Yen | 113.39 |
| MYR | Malaysia | 4.14 |
| PKR | Pakistan Rupees | 123.84 |
| PHP | Philippines Pesos | 54.10 |
| RUB | Russia Rubles | 65.71 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1109.67 |
| LKR | Sri Lanka Rupe | 169.23 |
| THB | Thailand Baht | 32.39 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23309.88 |

*Source:xe.com*

## World Gold Price

September-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 24 | 1198 | 1197 | 1197 |
| 25 | 1202 | 1201 | 1201 |
| 26 | 1206 | 1205 | 1205 |
| 27 | 1199 | 1198 | 1199 |
| 28 | 1185 | 1185 | 1185 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 24-9- 2018 | 1006.00 | 1005.00 |
| 25-9- 2018 | 988.00 | 987.00 |
| 26-9- 2018 | 990.00 | 990.50 |
| 27-9- 2018 | 988.00 | 987.50 |
| 28-9- 2018 | 975.00 | 975.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 24 | 6.86 | 32.49 | 83.76 | 72.71 |
| 25 | 6.86 | 32.45 | 84.01 | 72.82 |
| 26 | 6.87 | 32.44 | 83.98 | 72.63 |
| 27 | 6.88 | 32.44 | 84.01 | 72.67 |
| 28 | 6.89 | 32.39 | 84.34 | 72.56 |

## ဘိုလပ်မြေ

# ရေကြောင်းလမ်းမှ ဘိလပ်မြေအဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပို

စက်တင်ဘာ ၁၆ ရက်မှ ၂၂ အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၁၆၅၁၈ တန်ဖိုးရှိ ဘိလပ်မြေ ၁၁၂၂ ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၇၀၂ ဒသမ ၂၄ တန်နဲ့ တရုတ်နိုင်ငံမှ တန်ချိန် ၄၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းမှုခဲ့တဲ့ဘိလပ်မြေ ၂၁၅၅ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၀၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

စက်တင်ဘာ၁၅ရက်မှ ၂၁ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၇၂၉၃တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၅၃၄၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၉၅၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးအပြောင်းအလဲတော့မရှိဘူးလို့သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ထိုင်းဘိလပ်မြေက ဝင်ရောက်မှုနည်းနေတယ်၊ ပြည်တွင်းဘိလပ်မြေဈေးတွေက နည်းနည်းကျလာပြီး အရောင်းအဝယ်လည်းဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အေသုံးလုံးနဲ့အယ်လ်ဖာဘိလပ်မြေက ကျပ် ၃၀၀ ဈေးကျပြီး ကျန်ပြည်တွင်းဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၀၀၊ ကြံ့ကျပ် ၄၆၀၀၊ ဆင်(ထိုင်း)ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၅၀၀၊ အပါချီ ကျပ်၅၀၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စိန်(ထိုင်း)ဘိလပ်မြေက ကျပ်၄၀၀ဈေးမြင့်ခဲ့ပြီး ကျန်ပြည်တွင်းဘိလပ်မြေများက ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၁၀၀၀၀ ကျော်ဝင်

စက်တင်ဘာ ၁၆ ရက် မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂၉၃၁၅၂၂ တန်ဖိုးရှိ မြေသြဇာ၁၁၄၈၉ဒသမ ၈၈၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၂၇၉၃ တန်၊ ဂျာမနီနိုင်ငံမှ ၃၂၄တန်၊အီရန်နိုင်ငံမှ၅၁၉၀ တန်၊ ကိုရီးယားနိုင်ငံမှ ၇၈၉ ဒသမ ၁၆တန်၊ မလေးရှားနိုင်ငံမှ ၁၆၈ တန်၊ နော်ဝေနိုင်ငံမှ ၂၄၉ ဒသမ ၆၈၅ တန်၊ ရုရှားနိုင်ငံမှ ၃၀၈ တန်၊ ထိုင်းနိုင်ငံမှ ၁၁၆၈ တန်နဲ့ ယူကေမှ သုညဒသမ ၄၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အာမို၊ အမိုးနီးယမ်းဆာလဖိတ်၊ ဓာတ်ဆား၊ ကွန်ပေါင်း (၁၆း၁၆း၁၆)၊ ကွန်ပေါင်း(၂၀း၁၀း၁၀)နဲ့ယူရီးယားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၂၅၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၀၂၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နယ်စပ်လမ်းမှမြေသြဇာအဝင်မှာ တန်ချိန် ၂၁၀၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ ၁၄၉၃၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၁၃၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီး၊မော်လမြိုင်၊ မကွေးနဲ့မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေသြဇာဈေးတွေနည်းနည်းတက်လာတယ်၊ ဒီလိုဈေးတက်ရတာကလည်း ငွေဈေးတက်လို့တက်ရတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုလဲ-အသေး၄၆% က ကျပ် ၁၅၀၀၊ ကွန်ပေါင်း၁၅ ပတ်လည်နဲ့ တီစူပါ ၄၆%က ကျပ် ၂၀၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား-ပုလဲ(ပန်းဖူး၊ ကမ္ဘာလုံး၊ ရွှေတောင်)က ကျပ် ၂၇၀၀၊ ပိုးသတ်ဈေး ကျပ် ၃၀၀၊ တီစူပါ ၁၅ပတ်လည် ကကျပ် ၁၀၀၀၊ တီစူပါ(၁၀း၁၀း၅)ကကျပ် ၂၅၀၀၊ ဓာတ်ဆားက ကျပ် ၁၅၀၀၊ ပိုတက်(တရုတ်)က ကျပ် ၈၀၀၊ မြားကမ္ဘာက ကျပ် ၇၀၀၊ ရွက်ဖျန်းက ကျပ် ၅၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေသြဇာဈေးတွေတော်တော်တက်တယ်။ ဒီလိုတက်ရတာကလည်း ငွေဈေးတက်သလို သယ်ယူခတွေ ဈေးတက်တာကြောင့် ဈေးတက် ရတာဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၀၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၃၀၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၀၇၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၂၅၀ ၊ ပိုးသတ်ဆေး ကျပ် ၂၅၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၆၅၀၀ ၊မြားကမ္ဘာကျပ် ၁၈၀၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၂၀၀ ၊ ဆိုက်ပါ ကျပ် ၅၀၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့မြားကမ္ဘာ(၁၂း၁၃)က ကျပ် ၈၀၀၊ ဆင်(၁၀း၁၀း၅) ကျပ် ၈၀၀၊ သီးစုံ(ဝါစိမ်းပြာ) နဲ့ အာမို (၁၀း၁၀း၅) ကကျပ် ၅၀၀၊ အာမို၁၅ ပတ်လည်က ကျပ် ၁၅၀၀၊ အာမို၁၆း၁၆း၈ကကျပ် ၇၀၀၊ ယူရီးယားက ကျပ် ၂၀၀၀၊ တီစူပါနဲ့တောင်သူမကကျပ် ၁၅၀၀ဈေးမြင့်ပြီး အောင်ကမ္ဘာ(၁၀း၁၀း၅)နဲ့ မြားကမ္ဘာက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၂၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ်၃၉၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၀၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ်၃၀၀၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ဇာမဏီ ကျပ် ၁၈၃၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ်၁၈၃၀၀၊မြားကမ္ဘာ(၁၅း၇း၈)ကျပ် ၂၀၅၀၀၊တီစူပါကျပ် ၂၅၀၀၀၊ တောင်သူမ ကျပ်၁၉၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန် ၅၀၀ကျော်နဲ့ နို့မှုန့် ၁၀ တန်ကျော်ဝင်

စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၆၃၃၃၂၇ တန်ဖိုးရှိ နို့ဆီ ၅၅၄ ဒသမ ၇၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၁၇ တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ၇၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ တီးပေါ့၊ ဒွန်းနဲ့ အိုကေတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ ၁၅ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၃၉၄၁၇၆ တန်ဖိုးရှိ နို့မှုန့် ၁၆ ဒသမ ၄၄၂ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ စင်ကာပူနိုင်ငံမှ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် ၅၄ တန်ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၉ မှ ၂၁/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၉ မှ ၁၄/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၆၂.၅၀ | (-) | ၆၂.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၅၇၉.၀၀ | ၁၅၅.၀၀ | (+) | ၄၃၄.၀၀ |
| ၅။ | တာချီလိတ် | ၅၇၅၀.၀၀ | ၄၀၀၀.၀၀ | (+) | ၁၇၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၄.၀၀ | ၂၅.၀၀ | (+) | ၂၉.၀၀ |
| ၈။ | မြိတ် | ၉၀၀.၀၀ | ၁၁၀၀.၀၀ | (-) | ၂၀၀.၀၀ |
| | စုစုပေါင်း | ၇၂၉၃.၀၀ | ၅၃၄၂.၅၀ | (+) | ၁၉၅၀.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၉ မှ ၂၁/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၉ မှ ၁၄/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၄၂၃.၅၅ | ၁၁၉၉၅.၉၅ | (-) | ၅၇၂.၄၀ |
| ၂။ | လွယ်ဂျယ် | ၄၆၂.၀၀ | ၁၆၅.၅၀ | (+) | ၂၉၆.၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၇၀၀.၂၅ | ၁၃၁၅.၂၀ | (+) | ၃၈၅.၀၅ |
| ၄။ | ကန်ပိုက်တီ | ၅၂၆.၀၀ | ၁၁၄၆.၀၀ | (-) | ၆၂၀.၀၀ |
| ၅။ | မြဝတီ | ၅၇၈၃.၈၃ | ၅၆.၂၆ | (+) | ၅၇၂၇.၅၇ |
| ၆။ | ကော့သောင်း | ၄၀.၀၀ | ၆၀.၀၀ | (-) | ၂၀.၀၀ |
| ၇။ | မြိတ် | ၂၀.၀၀ | - | (+) | ၂၀.၀၀ |
| ၈။ | ရိဒ် | ၁၁၀၀.၀၀ | ၂၀၀.၀၀ | (+) | ၉၀၀.၀၀ |
| ၉။ | တမူး | ၁၇.၅၀ | - | (+) | ၁၇.၅၀ |
| | စုစုပေါင်း | ၂၁၀၇၃.၁၃ | ၁၄၉၃၈.၉၁ | (+) | ၆၁၃၄.၂၂ |

ခင်မိုးသူ

# ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု

ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု One village One Product (OVOP) လှုပ်ရှားမှုကို ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး စတင်ဆောင်ရွက်သည်မှာ ဂျပန် နိုင်ငံမှ ဖြစ်ပါသည်။ ထိုင်းနိုင်ငံကလည်း One Tambon One Product (OTOP) အသွင်ဖြင့် လှုပ်ရှားမှုမှာ အောင်မြင်မှု ရရှိခဲ့သည်။ထိုနိုင်ငံများ၏ရွာတစ်ရွာထုတ်ကုန်တစ်ခုဆောင် ရွက်မှုကို နမူနာယူလေ့လာရမည်ဖြစ်ပါသည်။

(OVOP) ဆိုသည်မှာ ပြည်တွင်းပြည်ပဈေးကွက်ကို မျှော်မှန်း၍ ဒေသအလိုက် ထုတ်ကုန်တစ်မျိုးကို အထူးပြုပြီး ဒေသအမည် Brand Name ဖြင့် ထုတ်လုပ်ဆောင်ရွက်ခြင်းဖြစ်သည်။ ကုန်ထုတ်လုပ်မှုများသာမကဘဲ ယဉ်ကျေးမှုပွဲတော်၊ တေးသီချင်း၊ ခရီးသွားလုပ်ငန်းများ စသည့်ဝန်ဆောင်မှု၊ ဖျော်ဖြေမှုဆန်သော လုပ်ငန်းများကိုလည်း (OVOP) အသွင်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်စေနိုင်မည့်အပြင် မိမိ ဒေသအတွက် ဂုဏ်ယူနေရစေမည်ဖြစ်ပါသည်။ OVOP ကို ဒေသတွင်းရှိအရင်းအမြစ်များကို အသုံးပြု၍ တီထွင်ဖန်တီးနိုင်မှုစွမ်းအားဖြင့် ပြည်တွင်းပြည်ပ ဈေးကွက် အဆင့်မီစေရေး စဉ်းစားတွေးခေါ် ဆောင်ရွက်ရမည် ဖြစ်ရာ အစိုးရ၏ပံ့ပိုးအားပေးမှု၊ ကျေးလက်လူထု၏ ကိုယ့်အားကိုယ်ကိုးစွမ်းဆောင်မှုတို့ဖြင့် ပေါင်းစပ်အကောင်အထည်ဖော်ရပါမည်။

OVOP အောင်မြင်စေရန် အစိုးရမှ ငွေကြေးအရင်းအနှီး၊ စက်ကိရိယာ၊ နည်းပညာများ ပံ့ပိုးပေးခြင်း၊ ဈေးကွက်ရရှိရေးအတွက် အရောင်းဆိုင်တန်းများ၊ ကုန်စည်ပြပွဲများ စီစဉ်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရပါသည်။ ရွာနှင့် အနီးဆုံးလမ်းမကြီးပေါ်တွင် ယာဉ်ရပ်နားစခန်း၊ အရောင်းဆိုင်တန်းများ ၊ သန့်စင်ခန်းများ စီစဉ်ထားပေးခြင်းဖြင့် ယာဉ်မောင်းနှင့်ခရီးသည်များ အနားယူနိုင်ခြင်း၊ ဒေသထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ လက်ဆောင်ပစ္စည်းများ ရောင်းချနိုင်၍ ကျေးလက်ပြည်သူများဝင်ငွေတိုးခြင်း၊ စားသုံးသူများ ဈေးနှုန်းချိုသာစွာဝယ်ယူသွားနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိစေနိုင်ပါသည်။

ထိုင်းနိုင်ငံသည် OTOP အမျိုးသားကော်မတီကို ဖွဲ့စည်း၍ ဘဏ္ဍာငွေခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဌာနအသီးသီးက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ကြပြီးနောက် ရလဒ်အား ငွေကြေးအခြေခံ အကဲဖြတ်ခြင်းထက် ပြည်သူလူထုပါဝင်ဆောင်ရွက်မှု အင်အားကြီးထွားလာအောင် စွမ်းဆောင်နိုင်မှုဖြစ်စဉ်ရှုထောင့်မှသာ အကဲဖြတ်ခဲ့ကြသည်။ ထိုသို့အစိုးရမှ ပံ့ပိုးအားပေးသော်လည်း ပြည်သူလူထုအနေဖြင့် အစိုးရ၏ အကူအညီအထောက်အပံ့ကိုသာ မျှော်လင့်မနေဘဲ ကိုယ့်အားကိုယ်ကိုးရပ်တည်ရန်၊ အခွင့်အလမ်းများ ဖန်တီးရန်ဆိုတဲ့ အတွေးအခေါ် အယူအဆကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့ပြီး စီမံချက်သဘောသဘာဝကို အများစုနားလည်သဘောပေါက်အောင် အသိပညာပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် သက်ဆိုင်သည့်ဌာနက ထုတ်ကုန်ပစ္စည်းစာရင်းများ ကောက်ယူမှတ်တမ်းသွင်းပြီးနောက် နှစ်စဉ် အရည်အသွေးကောင်းမွန်မှု အဆင့်အတန်း ၁၊၂၊၃၊၄၊၅ သတ်မှတ်၍ အဆင့် ၃ အထက်ရရှိသူများကို အခွင့်အရေးခံစားခွင့်များပေးပြီး၊ အဆင့် ၁၊၂ ရရှိသည့် ထုတ်ကုန်များကို ဆက်လက် ပြုပြင်မြှင့်တင်စေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ယခုလက်ရှိ မိမိတို့နိုင်ငံတွင် စက်မှုကြီးကြပ်ဌာနက MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲများ ကျင်းပပြုလုပ်၍ ဆုချီးမြှင့်ခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဌာနက နည်းပညာပေး သင်

**ရီလင်းထွင့်(မုံရွာ)**

တန်းများ ဖွင့်လှစ်ပေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။ စီးပွား/ကူးသန်းဌာနကလည်း ကုန်သွယ်မှုမြှင့်တင်ရေး ဈေးကွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ အသင်းအဖွဲ့များကို ကြီးကြပ်ပေးခြင်း၊ တစ်ဦးချင်းကုန်သွယ်မှုကတ်များဖြင့် နယ်စပ်ကုန်သွယ်မှုမှ လွယ်ကူစွာတင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ခရီးသွားလုပ်ငန်းပိုင်းတွင် ကျေးလက်ဒေသများအနေဖြင့် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ရန် ခေတ်မီအဆောက်အအုံများမလိုအပ်ဘဲ ရိုးရာမပျက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်ပုံစံများဖြင့် နေထိုင်လေ့လာ အပန်းဖြေနိုင်အောင် Green Tourism /Eco Tourism နည်းလမ်းများ ဆောင်ရွက်ရန်သာ လိုအပ်ပါသည်။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာနည်းစဉ်များကို တန်ဖိုးထားလျက်ရှိကြသဖြင့် ထိုရိုးရာများကို ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်း ဆောင်ရွက်ရပါမည်။

မြန်မာနိုင်ငံ၏ OVOP ပုံသဏ္ဍာန်များမှာ ပုဂံယွန်းထည်၊ ကျောက္ကာယွန်းထည်၊ အမရပူရပိုးထည်၊ ကျောက်မြောင်းစဉ့်ထည်၊ စစ်ကိုင်းငွေထည်၊ ကြေးထည်၊ကြိမ်ထည်၊ အင်းလေး ရက်ကန်း၊ ပုသိမ်ထီး၊ ဟာလဝါ၊ အရာတော်သနပ်ခါး၊ ဒီပဲယင်းကွဲ သရက်သီး၊ ဟန်မြင့်မိုရ်စိန်တလုံး၊ ချောင်းဦးဂျုံရိုးဦးထုပ် အစရှိသဖြင့် နေရာဒေသအလိုက် ထွက်ကုန်များ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်၊တောင်ကြီးမီးပုံးပျံပွဲ၊ တောင်ပြုံးပွဲတော်၊ နာဂရိုးရာပွဲတော် အစရှိသဖြင့် ခရီးသွားလုပ်ငန်းဒေသများ ပါဝင်ပါသည်။

ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု OVOP ဆောင်ရွက်ခြင်းဖြင့် တစ်နေရာစီ ကျဲပြန့်နေသော စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းထက် တစ်နေရာတည်းတွင် ထွက်ရှိသောပစ္စည်း စုစည်းပြီးဖြစ်သဖြင့် ပစ္စည်းရှိရာဝယ်သူလာ၍ ဈေးကွက်ရှိရာသို့ သွားရောက် ရောင်းချရသည့် သယ်ယူပို့ဆောင်စရိတ် မကုန်ကျတော့ခြင်း၊ ကုန်ကြမ်းကိုစုပေါင်းဝယ်ယူခြင်းဖြင့် စရိတ်သက်သာခြင်း၊ ကုန်ချောကိုစုပေါင်းရောင်းချခြင်းဖြင့် ဈေးကွက်ရှာဖွေမြှင့်တင်နိုင်ခြင်း၊ ဈေးနှုန်းထိန်းညှိနိုင်ခြင်း၊ သတင်းအချက်အလက်ဖလှယ်နိုင်ခြင်း စတဲ့အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါတယ်။

ဒေသတူ၊ ထုတ်ကုန်တူ မျိုးတူစု အဖွဲ့များဖွဲ့စည်းပေးကာ အဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်းဖြင့် နည်းပညာသင်တန်းကို စုပေါင်းရယူနိုင်ခြင်း၊ အစုအဖွဲ့အာမခံချက်ရှိ၍ ချေးငွေပိုမိုလွယ်ကူစွာရရှိနိုင်ခြင်း၊ အခက်အခဲများကို စုပေါင်းတင်ပြစုပေါင်းဖြေရှင်းနိုင်ခြင်း၊ ဒေသဆိုင်ရာ၊ ဌာနဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ဆက်သွယ်ရေး လွယ်ကူစေခြင်း စတဲ့ အကျိုးကျေးဇူးများကို ရရှိစေပါသည်။

သို့ဖြစ်ရာ မြို့နယ်အလိုက်၊ ဒေသအလိုက် ထူးခြားထုတ်ကုန်များ၊ သဘာဝအရင်းအမြစ်များ၊ ရိုးရာပွဲတော်များကို ရှာဖွေဖော်ထုတ်၍ OVOP အသွင်ဆောင်စေရန် မြှင့်တင်ပေးရပါမည်။

ထိုသို့ OVOP အသွင်ရှိသောလုပ်ငန်းများ၊ ထုတ်ကုန်များကိုဖော်ထုတ်မြှင့်တင်ခြင်း၊ ထုတ်ကုန်များကို ထပ်ဆင့်တန်ဖိုးတက်စေရန်တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့ကို အားပေးပံ့ပိုးဆောင်ရွက်ခြင်းဖြင့် ကျေးလက်စီးပွားဖွံ့ဖြိုးခြင်းမှသည် နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆီသို့ မျှော်မှန်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

## ကန်ပိုက်တီမှတစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိကန်ပိုက်တီကုန် သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာတတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၉၆၀၁၃ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၂၅၀ ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၄၀နဲ့နှိုင်းယှဉ်ပါက တန် ၁၂၁၀ ပိုမိုတင်ပို့ခဲ့ပါတယ်။ ကန်ပိုက်တီနယ်စပ်ပေါက်မှတစ်ဆင့် တစ်သျှူးငှက်ပျော ပုံမှန်တင်ပို့တဲ့ ကုမ္ပဏီ ၁၇ ခုရှိတယ်လို့ စခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၈-၉-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၈၀၀ | △ | ၅၈၀၀ | ၅၈၀၀ | □ | ၂၁၀၀ | ၂၀၀၀ | ▽ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၂၀၀ | ၆၃၀၀ | △ | ၁၉၀၀ | ၁၈၀၀ | ▽ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၈-၉-၂၀၁၈ US$/Ton

| အမျိုးအစား | စက်တင်ဘာဒုတိယပတ် | စက်တင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၆၀.၅၀ | ၅၃၀.၀၀ | ▽ |
| RBD P.Olein | ၅၅၈.၀၀ | ၅၃၂.၅၀ | ▽ |
| RBD P.Stearin | ၅၃၇.၀၀ | ၅၂၀.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈-၉-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၃.၉၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၀၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၆၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၄၂.၆၀၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၉-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 590 ဒေါ်လာနှင့် USD ဈေး ၁၅၆၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၈-၉-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၆၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# သီးနှံဇုန်များဖော်ဆောင်လုပ်ကိုင်ခြင်းမှသည်…. စိုက်ပျိုးရေးလုပ်ငန်းများအားအကျိုးရှိသည့် စီးပွားရေးအဖြစ် လုပ်ကိုင်နိုင်ကြစေဖို့

**အောင်ဆန်းလင်း(DOCA)**

စာရေးသူတို့မြန်မာပြည်သည် ရေမြေရာသီဥတုမျှတပြီး စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများဖြင့် ရပ်တည်လုပ်ကိုင်လျက်ရှိသည်မှာ ရာစုနှစ်များစွာရှိနေပြီဖြစ်ပါသည်။ ရှေးခေတ်မင်းများ လက်ထက်တော်အခါကပင် ဆည်မြောင်းတာတမံများ တည်ဆောက်ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အားပေးလုပ်ကိုင်ကြပြီး နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းကို စိုက်ပျိုးရေးကဏ္ဍဖြင့် မြှင့်တင်အသက်သွင်းလျက်ရှိသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ထို့အတူခေတ်တွေအလီလီပြောင်းလဲလာခဲ့သည်နှင့်အမျှ နည်းပညာအသစ်အဆန်းများကလည်း အချိန်နှင့်အမျှ တိုးတက်လာခဲ့ပေသည်။ လူနေမှုပုံစံများ၊ လှုပ်ရှားသွားလာမှုပုံစံများ ပြောင်းလဲလာသည့်နည်းတူအသက်မွေးမှုလုပ်ငန်းများလည်း ပြောင်းလဲလာကာ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် သို့ရောက်ရှိခဲ့ပေသည်။ ထိုနည်းတူစွာပင် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်တို့သည်လည်းပြောင်းလဲတိုးတက်မှု၏ ကောင်းမွန်သော အခြေခံရလဒ်များဖြင့်ခေတ်မီသော အနာဂတ်သို့ဦးတည်နေကြပေသည်။ ထိုသို့ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးလာပါက နိုင်ငံ၏စီးပွားရေးသည်လည်း ပုံစံပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။ နိုင်ငံ၏ စီးပွားရေး၌လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်မှုအချိုးအစားသည်လည်းဖွံ့ဖြိုးတိုးတက်မှု၏အရှိန်ကြောင့် လျော့နည်းလာမည် မှာ မလွှဲမရှောင်သာပင်ဖြစ်ပေသည်။ တိုးတက်လာသည့် ခေတ်စနစ်အရ လူနေမှုစနစ်များ ပြောင်းလဲလာကာ ကျေးလက်မှ မြို့ပြဆီသို့ ကူးပြောင်းနေထိုင်ကြမှုများရှိနေကြပြီး အသက်မွေးဝမ်းကျောင်း လုပ်ကိုင်မှုများတွင်လည်း လူငယ်အများအပြားသည် မိရိုးဖလာလယ်ယာလုပ်ငန်းများကိုစွန့်ခွာ၍ လွယ်ကူသက်သာသော စက်မှုကုန်ထုတ်လုပ်ငန်းများဆီသို့ ပြောင်းလဲလုပ်ကိုင်လျက်ရှိကြပေသည်။ ထို့ကြောင့် ရေရှည်တွင်နိုင်ငံ့စီးပွားရေး၌ လယ်ယာကဏ္ဍ၏ပါဝင်မှုမှာ မေးမှိန်လာဖွယ်ရှိနေပေသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုအရ မည်သို့ပင်ပြောင်းလဲလာစေကာမူ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုမူဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်စာရေးသူတို့ မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအားအကျိုးရှိသည့်စီးပွားရေးအဖြစ် ဆက်လက်လုပ်ကိုင်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

စိုက်ပျိုးရေးလုပ်ငန်းအား ရေရှည်တွင် တိုးတက်အောင်မြင်နိုင်စေရန်မှာ မဟာဗျူဟာကျသော အစီအစဉ်များ ချမှတ်လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင်ဘက်ပေါင်းစုံမှ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ စီမံချက်များဖြင့် စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးအား တိုးတက်ပြောင်းလဲသွားစေနိုင်မည့် အစီအမံမှာ သီးနှံဇုန်များ၊ စိုက်ပျိုးရေးဇုန်များ ဖော်ဆောင်လုပ်ကိုင်ခြင်းပင်ဖြစ်ပေသည်။ သီးနှံဇုန်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်မှာ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုသည် အရေးကြီးသကဲ့သို့ တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အောင်မြင်မှု၏သော့ချက်ပင်ဖြစ်ပေသည်။ ထုတ်လုပ်မှုမြှင့်တင်ရန်၊ သီးနှံဈေးနှုန်းများ တည်ငြိမ်စေရန်အတွက် သီးနှံဇုန်စီမံကိန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကစိုက်ပျိုးမှုမှာ နိုင်ငံ၏ဝမ်းစာဖြစ်သည့် ဆန်စပါးပင် ဖြစ်ပြီး အခြားစိုက်ပျိုးမှုမှာ နိုင်ငံခြားတင်ပို့မှုရှိသည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့် ပဲ (၃) မျိုးအပါအဝင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများ၊ ဈေးကွက်အလားအလာရှိသည့် အခြားလယ်ယာကိုင်ကျွန်းသီးနှံများ စသည်တို့ပင်ဖြစ်ပါသည်။ စိုက်ပျိုးမှုများ ဖြစ်ထွန်းအောင်မြင်သဖြင့် နှစ်စဉ် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု တိုးတက်မြင့်မားကာ နိုင်ငံခြားဝင်ငွေများ



အများအပြား ရရှိခဲ့ကြပေသည်။ သို့သော်လည်း မကြာသေးခင်ကာလက ပြည်ပတင်ပို့သည့် သီးနှံများဖြစ်သည့် ပဲ(၃)မျိုးဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းတင်ပို့မှု ဂယက်ရိုက်ခဲ့သဖြင့် တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ ကမောက်ကမ ဖြစ်ခဲ့ကြရပေသည်။ ဤသို့သောအခြေအနေများကို ရင်ဆိုင်ကုစားရန် ကောင်းမွန်သော နည်းလမ်းများချမှတ်၍ ဆောင်ရွက်ကြရန်လိုအပ်ပေမည်။ ဒေသနှင့်ကိုက်ညီပြီး တွက်ခြေကိုက်သည့် သီးနှံများရွေးချယ်စိုက်ပျိုးခြင်း၊ အလားအလာကောင်းသောသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ အောင်မြင်ဖြစ်ထွန်းဆဲဖြစ်သော စိုက်ပျိုးရေးထွက်ကုန်များအား ပိုမိုအလေးထား၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအား ကောင်းမွန်သောအစီအမံများဖြင့် မွန်းမံဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပေသည်။ သို့မှသာ တိုးတက်လာသည့် ခေတ်စနစ်နှင့်အတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ဦးမော့လာမည်ဖြစ်ပါသည်။ ထိုသို့ကောင်းမွန်သည့် အစီအမံများ ဖော်ဆောင်ကြရာ၌အောင်မြင်ဖြစ်ထွန်းနေသော စိုက်ပျိုးရေးထွက်ကုန်များကို အစုအဝေးဖြင့် တစ်စုတစ်စည်းတည်းဖြင့် သတ်မှတ်စိုက်ပျိုးမှုဖြစ်သည့် ဒေသအလိုက်သီးနှံဇုန်များ ဖော်ဆောင်လုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၏ တန်ဖိုးကွင်းဆက် (supply chain) တစ်ခုလုံးကို အကျိုးရှိစွာဖြင့် စီမံထုတ်လုပ်နိုင်မည်ဖြစ်ပေသည်။

သီးနှံဇုန်များ ဖော်ဆောင်ခြင်းသည် အနာဂတ်တွင် နိုင်ငံ၏လယ်ယာစိုက်ပျိုးရေးကဏ္ဍလမ်းကြောင်းကို လုံးဝပြောင်းလဲသွားစေနိုင်မည်ဖြစ်ပြီး ၎င်းတွင် အားသာချက်၊ အားနည်းချက်များလည်းရှိနေမည်ဖြစ်ပါသည်။ သီးနှံဇုန်များ သတ်မှတ်စိုက်ပျိုးခြင်းသည် သီးနှံများ၏ဈေးနှုန်းများ သိသိသာသာထိုးကျသွားခြင်းမရှိစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ရောင်းလိုအားကိုလည်း ထိန်းထားနိုင်မည်ဖြစ်ပါသည်။ သီးနှံ၏ အရည်အသွေးပေါ်တွင် များစွာကိုင်တွယ်နိုင်မည်ဖြစ်ပြီး ဈေးကွက်၏လိုအပ်ချက်အလိုက် အရည်အသွေးကောင်းသော သီးနှံထုတ်ကုန်များကို လွယ်ကူစွာ စီမံထုတ်လုပ်နိုင်မည်လည်းဖြစ်ပါသည်။ ထို့ပြင် ဈေးကွက်လိုအပ်မှုပမာဏကို ပြည့်မီအောင်ဖြည့်ဆည်းရာတွင်လည်း အထောက်အကူဖြစ်စေမည့်အပြင် သီးနှံအရည်အသွေးအပေါ် နောက်ကြောင်းခြေရာခံရာတွင် လွယ်ကူအဆင်ပြေမည်ဖြစ်ပါသည်။ သီးနှံများစိုက်ပျိုးခြင်းတွင် ဇုန်များသတ်မှတ်ထားရှိပါက လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများသည်တူညီသော စံချိန်စံညွှန်းကို ထိန်းထားနိုင်မည်ဖြစ်ပြီးဈေးကွက်အသီးသီး၏ ဝယ်လိုအားလိုအပ်ချက်အလိုက် လွယ်ကူအဆင်ပြေစွာ ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ပေသည်။ ဤသည်မှာ သီးနှံဇုန်စီမံကိန်းများဖော်ဆောင်ခြင်း၏ အားသာချက်များပင်ဖြစ်ပေသည်။ သို့သော်လည်း အားနည်းချက်၊ လိုအပ်ချက်များလည်း ရှိကောင်းရှိနေမည်ဖြစ်ပါသည်။ သီးနှံဇုန်များ ဖော်ဆောင်စိုက်ပျိုးခြင်းကို အထောက်အပံ့ဖြစ်စေရန်မှာ အခြေခံအဆောက်အဦများဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများ လိုအပ်မည်ဖြစ်ပါသည်။ ရေရရှိရေးအတွက် ဆည်မြောင်းစနစ်၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးစနစ်များ၊ မြေဆီလွှာအရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရခြင်းတို့လည်း လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် ပြည်ပတင်ပို့မှု၊ ဈေးကွက်သို့တင်ပို့မှုအတွက် သိုလှောင်ရုံများ၊ ထုတ်လုပ်မှုစက်ရုံများ၊ ကုန်ထုတ်လမ်းများ စသည့် အခြေခံအဆောက်အဦများလည်း ထည့်သွင်းဆောက်လုပ်ရန် လိုအပ်ပေသည်။ ဒေသအသီးသီး၌ဖြစ်ပေါ်လေ့ရှိသည့် ရေကြီးရေလျှံမှုများ၊ မုတ်သုံလေ၊ မိုးခေါင်မှု စသည့် သဘာဝဘေးအန္တရာယ်များ၏ အကျိုးသက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားကြရပေမည်။ သီးနှံဇုန်များ အကောင်အထည်ဖော်ရာတွင် အထူးစဉ်းစားရမည့် အချက်တစ်ချက်မှာ လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်ပင်ဖြစ်ပေသည်။ လူ့စွမ်းအားအရင်းအမြစ်ဟု ဆိုရာတွင် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများရှိသည့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ နည်းပညာများ လေ့ကျင့်သင်ကြားပေးသူများ၊ သက်ဆိုင်ရာ အစိုးရဝန်ထမ်းများ၊ စိတ်ဝင်စားမှုရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကျွမ်းကျင်လုပ်သားများ စသည့်ပုဂ္ဂိုလ်များ ပါဝင်ပေသည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ရရှိရေးကိုလည်း ထည့်သွင်းစဉ်းစားကြရပေမည်။

ထိုသို့ သီးနှံဇုန်များ သတ်မှတ်ဖော်ဆောင်ရာတွင် အဓိကအချက်များဖြစ်သည့် နေရာဒေသ၊ သီးနှံ နှင့် လူ့စွမ်းအားအရင်းအမြစ်စသည့် ကဏ္ဍ (၃) ခုခွဲ၍ စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်-

**(က) နေရာဒေသ။** ။ သီးနှံဇုန်အဖြစ် သတ်မှတ်စိုက်ပျိုးမည့် နေရာဒေသ၏ မြေဆီလွှာအခြေအနေ၊ မိုးရွာသွန်းမှု၊ စိုထိုင်းဆတို့သည်စိုက်ပျိုးမည့်သီးနှံ၏ သဘာဝနှင့်ကိုက်ညီသည့် အခြေအနေတွင်ရှိရပေမည်။ ရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအတွက် အဆင်ပြေစေမည့်ကုန်ထုတ်လမ်းများ၊ သိုလှောင်ရုံများ၊ ကုန်ထုတ်လုပ်သည့် စက်ရုံများစသည်တို့ဆောက်လုပ်တည်ရှိသည့် နေရာဒေသဖြစ်ရန်လည်းလိုအပ်ပေသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကကြိုတင်ကာကွယ်နိုင်သည့် အစီအမံများလည်းရှိရန်လိုအပ်ပေသည်။

**(ခ)သီးနှံ။** ။ စိုက်ပျိုးမည့်သီးနှံ၏ ဝယ်လိုအား၊ ရောင်းလိုအားနှင့် ဈေးကွက်အခြေအနေ၊ ဈေးနှုန်းရရှိမှုတို့ကို လေ့လာသုံးသပ်ရပေမည်။ သီးနှံ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို စနစ်တကျပြုလုပ်ဆောင်ရွက်ကာ အမြတ်အစွန်းပိုမိုရရှိရေး၊ သီးနှံအရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်လိုအပ်ချက်ကို အရည်အသွေးမီစွာဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ကြရပေမည်။ ထို့ပြင် ရာသီဥတုအခြေအနေအရ သီးနှံစိုက်ပျိုးရာသီအား စနစ်တကျသတ်မှတ်ကာ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်လည်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**(ဂ)လူ့စွမ်းအားအရင်းအမြစ်များ။** ။ သီးနှံဇုန်များ တိုးတက်အောင်မြင်ရန်မှာ လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးဆုံးပင်ဖြစ်ပေသည်။ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် ရှေးအလားအလာအတွက် စိတ်ဝင်စားမှုရှိသော စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ပါဝင်မှုမှာ သီးနှံဇုန်များအောင်မြင်ရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်ပေသည်။ ထို့ပြင် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ၊ နည်းပညာများ၊ သီးနှံမျိုးကောင်းမျိုးသန့်များလွယ်ကူစွာရရှိမှု၊ အရည်အသွေးမီ စံပြစိုက်ခင်းများဖော်ဆောင်ထားမှု၊ အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု စသည်တို့လည်းလိုအပ်ပေသည်။ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ သမဝါယမလုပ်ငန်းသင်တန်းများ စသည်တို့ကိုလည်း ဖွင့်လှစ်ပို့ချပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရန်လည်းလိုအပ်မည်ဖြစ်ပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ထိုသို့စိုက်ပျိုးရေးဇုန်များ (သို့) သီးနှံဇုန်များ တည်ထောင်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍအား ရေရှည်တွင် အောင်မြင်ဖြစ်ထွန်းစေနိုင်မည့် အလားအလာကောင်းများစွာရှိပေသည်။ ဆင်ရဲသောလယ်သမားများ (သို့) စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည့် နည်းလမ်းတစ်ခုဟုယူဆနိုင်သည့်အပြင် အရည်အသွေးပြည့်မီသော လယ်ယာထွက်ကုန်များပြည်ပသို့တင်ပို့မှု တိုးမြှင့်ရေးအတွက် သော်လည်းကောင်း၊ ပြည်တွင်းဈေးကွက်၌ ရောင်းလိုအားကို သင့်တင့်မျှတစေပြီး ဈေးနှုန်းတည်ငြိမ်စေရေးအတွက်သော်လည်းကောင်း အသုံးပြုနိုင်သည့် နည်းလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။ သီးနှံဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်တည်ထောင်ရသည့် အကြောင်းအရင်းများ၊ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ စသည်တို့ကို ရှင်းလင်းစွာ သတ်မှတ်ထားရမည်ဖြစ်ပါသည်။ သို့မှသာ သီးနှံဇုန်စီမံကိန်းများအတွက် အလားအလာရှိသောသီးနှံနှင့် စိုက်ပျိုးအကောင်အထည်ဖော်ရန် သင့်လျော်သော နေရာဒေသကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဖြစ်နိုင်ခြေရှိသော အကျိုးအပြစ်များကို လေ့လာသုံးသပ်၍ စီမံချက်များကို စနစ်တကျရေးဆွဲဆောင်ရွက်ရန်လည်းလိုအပ်ပေသည်။

**စာမျက်နှာ ၂၇ သို့**

စာမျက်နှာ (၈) အာဆီယံ စီးပွားရေးအသိုက်အဝန်း . . . . မှအဆက်

မြန်မာနိုင်ငံ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်မည့်လုပ်ငန်းများ လိုအပ်လာပါသည်။ ယခုဆောင်ရွက်နေသည့် စက်မှု လုပ်ငန်းများထဲတွင် တင်ပို့မှု အများဆုံးဖြစ်သည့် အထည်ချုပ်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်းများကဲ့သို့ လုပ်ငန်းများမှာ ကုန်ကြမ်း အကုန်သွင်း၊ ဒီဇိုင်းအပ်သည့်အတိုင်း မြန်မာပြည်တွင်း၌ အသွင်ပြောင်း၊ ကုန်ချောဖြစ်စေပြီး ပြည်ပသို့ ပြန်လည်တင်ပို့သည့်အခါ လက်ခစား၍ မည်သည့်နည်းပညာမှ မကျန်ခဲ့ဘဲ အောက်ခြေလုပ်သားများဖြင့်သာ ဆောင်ရွက်ရသည့် လုပ်ငန်းများသာဖြစ်ပါသည်။

ထို့ပြင် လက်ခစားလုပ်ငန်းများသည် အာဆီယံနိုင်ငံများသို့ တင်ပို့နေသည့် ကုန်စည်များ မဟုတ်ဘဲ ၎င်းကုန်စည်များသည် အခြားဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံမှ အခွင့်အရေး ပေးထားသော အကောက်ခွန် သုညရာခိုင်နှုန်း ခံစားခွင့်များကို ရယူ တင်ပို့နေသည့် ကုန်စည်များ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ပို့ကုန်များ ပိုမို အကျိုးအမြတ်ရရှိစေရန်အတွက် လက်ခစားလုပ်ငန်းထက် သာလွန်သော နည်းပညာမြင့်သော တန်ဖိုးမြှင့်စက်မှုထုတ်ကုန်များ ထုတ်လုပ်မှု မြှင့်တင်ရန် လိုအပ်လာပါသည်။

ပြည်ပမှတင်သွင်းကုန်များကိုလည်း ယှဉ်ပြိုင်မည်၊ ပြည်တွင်းအငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများလည်း မပြိုလဲရလေအောင်၊ နည်းပညာလည်းကျန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒတစ်ရပ်ကို ချိန်ညှိရန် လိုအပ်ကြောင်း သုံးသပ်မိပါသည်။ ထိုသို့ဆိုလျှင် ပို့ကုန် ဈေးကွက်အနည်းငယ်ရရှိပြီးဖြစ်သည့် အိမ်သုတ်ဆေး၊ သဘော်ဆေးကို ဥပမာပေး၍ ဆွေးနွေးလိုပါသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်နေသည့် အိမ်သုတ်ဆေးတစ်မျိုးကို အိန္ဒိယ၊ တရုတ်နှင့် သီရိလင်္ကာနိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။ အဆိုပါနိုင်ငံများသည် အာဆီယံနိုင်ငံများ မဟုတ်ပါ။ သို့သော် အာဆီယံနိုင်ငံများမှ အိမ်သုတ်ဆေး၊ သဘော်ဆေးများသည် အကောက်ခွန်ကင်းလွတ်ခွင့် စည်းကမ်းများ လိုက်နာ၍ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ပူးတွဲတင်ပြလာပြီး မြန်မာပြည်တွင်း ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လာသည်ဟု ဥပမာထားကြည့်ပါမည်။ သို့ဆိုပါက မြန်မာနိုင်ငံ၏ အနည်းငယ်မျှသော အိမ်သုတ်ဆေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများမှ တင်သွင်းလာမှုအပေါ် မယှဉ်ပြိုင်နိုင်ဘဲ ပြိုလဲပေးရမလား။ ရပ်တန့်ပေးရမလား။ (သို့မဟုတ်) လက်ရှိ (၃) နိုင်ငံတင်ပို့နေမှု အခြေအနေမှ ကမ္ဘာ့ဈေးကွက်တစ်ခုလုံးရသည်ထိ လုပ်ငန်းများကို စုစည်းပြီး တိုးမြှင့်ပေးမလားဆိုသည့် နှိုင်းယှဉ်မှု ဖြစ်ပေါ်လာပါသည်။

၎င်းလုပ်ငန်းကို ကမ္ဘာ့ဈေးကွက်ရသည်ထိ တိုးမြှင့်ခြင်းအားဖြင့် ၎င်းလုပ်ငန်းအတွက် တည်ရှိပေးနေသည့် supply chain ဖြစ်သော သဘော်ဆေးဘူးထုတ်လုပ်ငန်း၊ သဘော်ဆေးဘူး ထုတ်လုပ်ရန်လိုအပ်သည့် ဆေးသုတ်တံ၊ ဆေးသုတ်တံထုတ်လုပ်သည့် ပလတ်စတစ်လုပ်ငန်းနှင့် ဆေးထည့်သည့် သံဘူးလုပ်ငန်းများအပါအဝင် ဆက်စပ်နေသည့် လုပ်ငန်းငယ်များ၏ ရပ်တည်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု ကွင်းဆက်တစ်ခုလုံး အသက်ဝင်လာမည်ဖြစ်ပါသည်။ အဆိုပါ အိမ်သုတ်ဆေးကို Made in Myanmar ဖြစ်စေရန် ကမ္ဘာ့ဈေးကွက်၊ အာဆီယံကဲ့သို့သော ဒေသတွင်း ဈေးကွက်များက လက်ခံသော Made in Myanmar ဖြစ်စေရန် National Standard သော်လည်းကောင်း၊ ISO ကသတ်မှတ်ထားသည့် စံချိန်စံညွှန်းကိုသော်လည်းကောင်း ဈေးကွက်ဝင် ထုတ်လုပ်ရမည်ဖြစ်ပါသည်။




ထို့အပြင် ပင်ရင်းဒေသစည်းမျဉ်းများ (Rules of Origin) နှင့်လည်း ကိုက်ညီရမည်ဖြစ်ပါသည်။ ထိုသို့ ကိုက်ညီနိုင်ရေးအတွက် ကုန်ကြမ်းအကုန်သွင်း၍ အသွင်ပြောင်းထုတ်လုပ်ရုံ မဟုတ်ဘဲ ပြည်တွင်းလုပ်ငန်းငယ်များမှ ထုတ်လုပ်သည့် တစ်ဝက်တစ်ပျက် ကုန်ကြမ်းပစ္စည်းများကို ပေါင်းစပ်ပြီး ကုန်ချောအဖြစ်ထုတ်လုပ်နိုင်ပါက ပြည်တွင်းလုပ်ငန်းငယ်များကို စုစည်းဆောင်ရွက်သကဲ့သို့ ဖြစ်လာပြီး လုပ်ငန်းငယ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သို့မှသာ အိမ်သုတ်ဆေး၊ သဘော်ဆေး လုပ်ငန်းကို အခြေပြု၍ လုပ်ငန်းငယ်များ ဖွံ့ဖြိုးလာမည်။ သတ်မှတ် စံချိန်စံညွှန်းကို ပြည့်မီသည့် မြန်မာ့အိမ်သုတ်ဆေး၊ သဘော်ဆေးကို အာဆီယံဈေးကွက်နှင့် ယှဉ်ပြိုင်၍ အာဆီယံ ဈေးကွက်အပါအဝင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်လာမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်း၌ တင်သွင်းသုံးစွဲရသည့် ကုန်စည်တစ်မျိုး ဈေးကွက်ဝင်ရောက်မှု လျော့နည်းလာမည် ဖြစ်ပါသည်။ ထို့ကြောင့် အိမ်သုတ်ဆေး၊ သဘော်ဆေး စံချိန်မီ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည်မှာ နည်းပညာ ဖြစ်ပါက နည်းပညာ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ပေးရမည်။ သို့မဟုတ် ပြည်ပမှ အိမ်သုတ်ဆေး၊ သဘော်ဆေးလုပ်ငန်းကို ဖိတ်ခေါ်၍ တွဲဖက်လုပ်ကိုင်စေရမည်။ ၎င်းလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ပြည်တွင်းမှ အပြည့်အဝ ထောက်ပံ့မှု မပေးနိုင်သော သွင်းအားစုကုန်စည်များ တင်သွင်းရာတွင် လွယ်ကူချောမွေ့စေရမည်။ ပြည်တွင်းမှ အလားအလာရှိသော ဆက်စပ်လုပ်ငန်းကဏ္ဍများ/ ကဏ္ဍငယ်များ စုစည်းရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ စည်းမျဉ်း စည်းကမ်းများကို ချိန်ညှိရန် လိုအပ်လာပါသည်။

အိမ်သုတ်ဆေးကို စက်မှုထုတ်ကုန်အဖြစ်နမူနာပေးခြင်း ဖြစ်သော်လည်း စက်မှုထုတ်ကုန်ကဏ္ဍတွင် တန်ဖိုးမြှင့်ထုတ်ကုန် အဖြစ် ထုတ်လုပ်ရန် စိန်ခေါ်မှုများနေပါက အလားတူ စဉ်းစားသုံးသပ်မှု concept ဖြင့် ကုန်စည်တစ်မျိုးအတွက် supply chain ကွင်းဆက်တစ်ခုလုံး သုံးသပ်ပြီး မြန်မာ့စက်မှုထုတ်ကုန်ကဏ္ဍမြင့်မားရေးနှင့် အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံမှာ ဖြစ်တည်နိုင်ခြေများကို စဉ်းစား သုံးသပ်မိပါသည်။

ကမ္ဘာပေါ်ရှိလူသားတိုင်း လိုအပ်သည်မှာ သာမန်အစားအစာ၊ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ၊ အသင့်စားသုံးနိုင်သော သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ၊ ချက်ပြုတ်ရန် လွယ်ကူပြီး သန့်ရှင်း လတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာဟူ၍ အမျိုးမျိုးသော တန်ဖိုးမြှင့် အစားအစာ/အစားအသောက်များမှာ လူသားတိုင်းတွင် လိုအပ်သော ဈေးကွက်ကြီးတစ်ခု ဖြစ်သည့်အတွက် ထုတ်လုပ်ရန် အခွင့်အလမ်းများ ရှိနေပါသည်။ ထို့ကြောင့် ရေ/မြေ/ ရာသီဥတု စိန်ခေါ်မှုများ ရှိသော်လည်း လယ်ယာစိုက်ပျိုးရေး နိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်များ၊ စားသောက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်မည့် Food Processing စက်ရုံများ ရင်းနှီးမြှုပ်နှံမှု ကိုအားပေးရန်၊ လူသားတိုင်း မွေးကင်းစမှသည် သေဆုံးခါနီး လူအထိ အဆင့်အတန်းတိုင်း စားသုံးနိုင်သည့် စံချိန်မီ အစားအစာများ ထုတ်လုပ်၍ ကမ္ဘာ့ဈေးကွက်ကို မြန်မာ့အစားအစာများ၊ အစားအသောက်များနှင့် လွှမ်းမိုးရန်၊ MSMEs များ မပြိုလဲရန်တို့အတွက် နည်းလမ်းများ၊ မူဝါဒများကို ဖော်ထုတ်ရန် လိုအပ်ကြောင်း စဉ်းစားမိပါသည်။

ထို့အပြင် အာဆီယံစီးပွားရေး အသိုက်အဝန်း (၂၀၁၅) ဖော်ဆောင်မှုကြောင့် အပြန်အလှန် ကမ်းလှမ်းကြရသည့် ကုန်စည်များလွတ်လပ်စွာစီးဆင်းရေး၊ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းရေး၊ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းရေး အခွင့်အရေးများကို အပေးချည်းသက်သက် တစ်ဖက်သတ်မဟုတ်ဘဲ အပေး-အယူ မျှတစွာဖြင့် စိန်ခေါ်မှုကို ကျော်လွှားရန်၊ အခွင့်အရေးကို ဆုပ်ကိုင်ရန် Win-Win အခြေအနေသို့ ရောက်ရှိရန် စည်းမျဉ်းစည်းကမ်း မူဝါဒများကို ချိန်ညှိကြရန် လိုအပ်လာပါသည်။ ရရှိထားသည့် အခွင့်အရေးများကို ဖော်ထုတ်ပြီး ပြည်တွင်းမှ Capacity ရှိပြီးဖြစ်သော်လည်း လိုအပ်ချက်ရှိနေသည့် ဟာကွက်ကို ဖြည့်ဆည်းရန် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရင်း နှီးမြှုပ်နှံမှုပုံစံအမျိုးမျိုးဖြစ်သော Capacity ရှိသော်လည်း လိုအပ်ချက်များကို ဖြည့်ဆည်းရန် ထပ်မံဖိတ်ခေါ်ရမည့် ရင်းနှီးမြှုပ်နှံမှုပုံစံ၊ ပြည်တွင်းမှ (လုံးဝ) Capacity မရှိသည့်အတွက် ဖိတ်ခေါ်ရမည့် ရင်းနှီးမြှုပ်နှံမှုပုံစံ၊ စက်မှုကဏ္ဍအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ပုံစံ၊ စက်မှုနှင့် လယ်ယာချိတ်ဆက်ပေးရမည့်နေရာအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ပုံစံများပေါ် မူတည်၍ အစိုးရ၊ ပုဂ္ဂလိကတို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ပါက မြန်မာ့စီးပွားရေးလုပ်ငန်းများ ဈေးကွက်ပျောက်နေတာလား။ လမ်းစရှာမတွေ့တာလား။ လုပ်ငန်းများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု ကွင်းဆက်ပျောက်နေတာလား အဖြေရှာပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုကို ထိရောက်စွာ အသုံးချလာနိုင်မည့်အပြင် အခြားသော လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးအကောင်အထည်ဖော်ဆောင်မှုများနှင့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ တစ်ဖက်သတ်ပေးသော၊ အပြန်အလှန် ကမ်းလှမ်းကြရသော ကုန်သွယ်မှုအခွင့် အလမ်းများကို ယခုထက်ပိုမို ရယူခံစားနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တစိုက်မတ်မတ် ဦးတည် ဆောင်ရွက်သွားမည့် ကဏ္ဍရွေးချယ်မှုနှင့် ဆက်စပ် cross-cutting ကဏ္ဍများအတွက် အစိုးရဌာနများအနေဖြင့်လည်း တစ်ဌာနချင်း မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း လုပ်ရိုးလုပ်စဉ် လုပ်ငန်းများတစ်ခုတည်းမဟုတ်ဘဲ ချိတ်ဆက်မိမိ မူဝါဒများ ချမှတ်ရေးဆွဲဆောင်ရွက်သွားမည်ဆိုပါက မည်သည့် လွတ်လပ်သော ကုန်သွယ်မှုဒေသဖော်ဆောင်ခြင်းကိုမဆို Win-Win Situation ဖြင့် လိုက်ပါသွားနိုင်မည်ဟု ယုံကြည်ပါသည်။

ဤဆောင်းပါးတွင် စဉ်းစားသုံးသပ်တွေ့ရှိချက်များသည် လက်တွေ့မြေပြင်တွင် ရင်ဆိုင်နေရသော ကုန်စည်ကုန်သွယ်မှု ဘာသာရပ်ဆိုင်ရာအချက်အလက်များပေါ် အခြေခံ၍ ကိုရီးယားနိုင်ငံ၏ စစ်ပြီးကာလ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများနှင့် ဗီယက်နမ်နိုင်ငံ၏ စစ်ပြီးကာလ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဖတ်မှတ်လေ့လာခြင်းများ ပေါင်းစပ်ကာ စာရေးသူ၏ သုံးသပ်တွေ့ရှိချက်သာဖြစ်ပြီး ဖော်ပြပါ အိမ်သုတ် ဆေးကဏ္ဍသည်လည်း စာရေးသူ၏ ဥပမာပေး သုံးသပ်ချက်သာဖြစ်ပါသည်။

> **အပြန်အလှန် ကမ်းလှမ်းကြရသည့် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းရေး၊ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းရေး၊ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းရေး အခွင့်အရေးများကို အပေးချည်းသက်သက် တစ်ဖက်သတ်မဟုတ်ဘဲ အပေး-အယူ မျှတစွာဖြင့် . . . .**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် စက်တင်ဘာလနောက်ဆုံးပတ်အတွင်းဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိ၍ China နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၇၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၆၀ နိုင်ငံရှိပြီး မြန်မာ၊ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ပါကစ္စတန်၊ အမေရိကန်နှင့် ရုရှား စသည့် နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိ ရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၂၃ နိုင်ငံရှိ၍ စင်ကာပူ၊ ထိုင်း၊ နယူးဇီလန်၊ ပြင်သစ်၊ နော်ဝေ၊ ဂရိနှင့် ဆွီဒင်နိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံသည် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့်ဖိလစ်ပိုင်နိုင်ငံသည် သုည ဒသမ ၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုနှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေ၍ စင်ကာပူနိုင်ငံသည် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံသည် သုည ဒသမ ၈၀ ရာခိုင်နှုန်းဈေးနှုန်း ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် စက်တင်ဘာလ တတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၆ နိုင်ငံရှိခဲ့၍ China နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၁၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် ထိုင်ဝမ် စသည့်နိုင်ငံများ အပါအဝင် ၅၃ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၂၃ နိုင်ငံရှိ၍ ထိုင်း၊ စင်ကာပူ၊ ပြင်သစ်၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ကနေဒါနှင့် ဆွီဒင်စသည်တို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင် နှုန်းမှ ၁ ဒသမ ၉၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကိုတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် သုည ဒသမ ၃၀ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသည် သုည ဒသမ ၃၀ ရာခိုင်နှုန်းထိဈေးတက်ခဲ့ကာ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ထိုင်းနိုင်ငံသည် တစ်ရာခိုင်နှုန်းနှင့်စင်ကာပူနိုင်ငံသည် ၁ ဒသမ ၁၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၅ | ၀.၅၄ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၈ |
| ၃ | ထိုင်း | လီတာ | ၁.၁၈ | ၀.၉၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၃ | ၀.၇၈ |
| ၅ | စင်ကာပူ | လီတာ | ၁.၆၅ | ၁.၂၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၉ | ၀.၈၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၅ | ၀.၉၄ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့၏ ဧည့်မထ ၂၅ မှတ်ဆန်ဈေးနှုန်းများ ဈေးတည်ငြိမ် နေခဲ့ပြီး ၁၀၀ ရာခိုင်နှုန်းဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ် ဆန်နှင့် ပေါင်းဆန်အမျိုးအစားများ အနည်းငယ်ဈေးတက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အစိုးရ၏ သတင်းထုတ်ပြန်ချက်အရ ပြီးခဲ့သည့်သီတင်းပတ်က မြောက်ပိုင်းပြည်နယ်များသို့ အင်အားပြင်းထန်သည့် Managkhut တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် စုစုပေါင်း စပါးတန်ချိန် ၂ သိန်း ၅ သောင်းကျော် ပျက်ဆီးဆုံးရှုံးခဲ့ရပြီး အဆိုးဆုံးတွက်ဆထားသည့် ပျက်စီးမှုခန့်မှန်းချက် ၆၀ ရာခိုင်နှုန်းကိုပင် ကျော်လွန်ခဲ့ကြောင်း သိရှိရပါသည်။ သီးနှံပျက်စီးမှုတန်ဖိုး ပီဆို ၉ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇၇ သန်း) ရှိနိုင်မည်ဟု အစောပိုင်းတွင် ခန့်မှန်းခဲ့သော်လည်း စိုက်ခင်းအစီရင်ခံစာများ ထပ်မံရရှိလာသည်နှင့်အမျှ ပျက်စီးမှုတန်ဖိုး မြင့်တက်လာနိုင်သေးကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၊ အတွင်းဝန် Emmanuel Pinol မှ စီအန်အန်သတင်းဌာနနှင့် အင်တာဗျူးတွင် ပြောကြားခဲ့ပါသည်။ ဆန်တင်သွင်းမှု ထိပ်သီးနိုင်ငံတစ်ခုဖြစ်သော ဖိလစ်ပိုင်သည် တိုင်ဖွန်းမုန်တိုင်းမဝင်မီကတည်းကပင် အရန်ဆန်ဖြည့်တင်းရေးအတွက် ဖိအားရှိနေခဲ့ပြီး ပြည်တွင်းတွင် ဆန်လက်လီဈေးများ မြင့်တက်မှုကြောင့် စားသောက်ကုန်ဈေးနှုန်းမှာဆယ်စုနှစ်တစ်ခုနီးပါးအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်းသိရသည်။ ကောက်ပဲသီးနှံ ဝယ်ယူရေးအေဂျင်စီဖြစ်သော အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့အနေဖြင့်လည်း လိုအပ်ချက်အပေါ် မူတည်၍ လာမည့်နှစ်ဆန်းပိုင်းတွင် ဆန်တန်ချိန် နှစ်သိန်းခွဲ ထပ်မံတင်သွင်းရန် ခွင့်ပြုချက်ရရှိထားသည်။ ဖိလစ်ပိုင်နိုင်ငံမှ ဆန်ထပ်မံဝယ်ယူမည့် အလားအလာများကြောင့် အဓိကတင်ပို့သည့် ဗီယက်နမ်နိုင်ငံ၌ ဆန်ဈေးနှုန်းများ မြင့်တက်လာ ခဲ့သည်ကို တွေ့ရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ်ဆန်တန်ချိန် ၁၂ သန်းမှ ၁၃ သန်းအထိ စားသုံးပြီး ပြည်တွင်းထုတ်လုပ်မှုမှာ အထွက်ကောင်းသည့်နှစ်များတွင်ပင် တန်ချိန် ၉ သန်းမှ ၁၀ သန်းသာရှိကြောင်း၊ မကြာသေးခင်ကဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများကြောင့် လယ်ယာလုပ်ငန်းထိခိုက်ခဲ့ပြီး နိုင်ငံ၏ဆန်စပါးအထွက်မှာ တန်ချိန် ၉ သန်းအောက် ကျရောက်နိုင်မည်ဟု ၎င်းကခန့်မှန်းပြောကြားခဲ့ပြီး ဆန်တင်သွင်းမှုသည် ဆန်ပြတ်လပ်သည့် ပြဿနာကို ရေတိုအားဖြင့် ဖြေရှင်းနိုင်မည်ဖြစ်သော်လည်း ရေရှည်ဖြေရှင်းမှုမှာ ပြည်တွင်း တောင်သူများ၏ သီးနှံထုတ်လုပ်မှု စွမ်းအားမြှင့်တင်ရေးအပေါ် မှီခိုနေကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အရန်ဆန် အလုံအလောက်ရှိနေ၍ ၂၀၁၉ ခုနှစ်၊ ဇွန်လအထိ ပြည်ပမှ ဆန်တင်သွင်းရန် လိုအပ်မည်မဟုတ်ကြောင်း အစိုးရကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ တာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်းဆန် တန်ချိန် (၂) သန်း တင်သွင်းရန် နှစ်ဦးပိုင်းက အဆိုပြုခဲ့ပြီး ယင်းအဆိုပြုချက်ကို စီးပွားရေးဝန်ကြီးများညှိနှိုင်းအစည်းအဝေး၌ ခွင့်ပြုပေးခဲ့ပါသည်။ လက်ရှိတွင် Bulog အဖွဲ့၏ ဆန်ဂိုဒေါင်များ၌ ဆန်တန်ချိန် ၂ ဒသမ ၄ သန်းကျန်ရှိနေပြီး အခြားတင်သွင်းဆန် တန်ချိန် ၄ သိန်းမှာ အောက်တိုဘာလတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အစိုးရ၏ဆန်လက်ကျန် တန်ချိန် ၂ ဒသမ ၈ သန်းအနက် တန်ချိန် ၁ သိန်းကို လူမှုဖူလုံရေးအစီအစဉ်မှ တစ်ဆင့် ဖြန့်ချိပေးသွားမည်ဟု သိရှိရပါသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၈ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် တစ်အိတ်လျှင် ၂၅၂၀၀ ကျပ်ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါကဈေး အနည်းငယ်မြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် စက်တင်ဘာ ၂၇ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၆ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် ၂၅မှတ် တစ်အိတ်လျှင် ၂၇၇၉၈ ကျပ် မှ ၂၈၀၂၄ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် စက်တင်ဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုညဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၂၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက် များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သောဆန်ဈေးကွက် မြင့်တက်လာနိုင်ကြောင်း၊ အရည်အသွေးကောင်းတန်းမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေး၊ ဈေးကွက်နိုင်ငံများနှင့်

စာမျက်နှာ ၃၁ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

ကြည်စိမ့်သူ

၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေး နှုန်း ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁၆ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေး နှုန်းသက်သာသောနိုင်ငံများတွင် ပါဝင်ပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဘာဘေဒို | လီတာ | ၁.၉၅ |
| ၂ | အီရန် | လီတာ | ၀.၂၉ | နယ်သာလန် | လီတာ | ၁.၉၆ |
| ၃ | ဆူဒန် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၂.၀၇ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | အိုက်စလန် | လီတာ | ၂.၀၈ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၆ | ဟောင်ကောင် | လီတာ | ၂.၁၇ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | ဆွစ်ဇာလန် | လီတာ | ၁.၇၉ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | မိုနာကို | လီတာ | ၁.၈၀ |
| ၃ | အယ်ဂျီးရီးယား | လီတာ | ၀.၂၀ | ဆွီဒင် | လီတာ | ၁.၈၃ |
| ၄ | ဆူဒန် | လီတာ | ၀.၂၃ | နော်ဝေ | လီတာ | ၁.၉၄ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၂.၀၃ |

မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား တစ်ဖက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများ သည် ယခုစက်တင်ဘာလ နောက် ဆုံးပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများ မှာ အနည်းငယ် မြင့်တက်ခဲ့ပါသည်။

အာရှဒေသ နိုင်ငံများဖြစ် သော မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် ထိုင်ဝမ် နိုင်ငံများ၏ ဈေးနှုန်းမှာ တည်ငြိမ် နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ ကြီးများ၏ စက်သုံးဆီဈေးနှုန်း များမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ် လျှင် ဈေးနှုန်းမြင့်တက်လာကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါ သည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | စက်တင်ဘာ ၂၁ | စက်တင်ဘာ ၂၄ | စက်တင်ဘာ ၂၅ | စက်တင်ဘာ ၂၆ | စက်တင်ဘာ ၂၇ | စက်တင်ဘာ ၂၁ | စက်တင်ဘာ ၂၄ | စက်တင်ဘာ ၂၅ | စက်တင်ဘာ ၂၆ | စက်တင်ဘာ ၂၇ |
| ၁ | မြစ်ကြီးနား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ | ၅၂၀၀ | ၅၂၀၀ |
| ၂ | လားရှိုး | ၄၉၅၀ | ၄၉၅၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ |
| ၃ | ကျိုင်းတုံ | ၅၉၆၂ | ၅၉၆၂ | ၅၉၆၂ | ၅၉၆၂ | ၅၇၆၀ | ၆၀၇၅ | ၆၀၇၅ | ၆၀၇၅ | ၆၀၇၅ | ၅၈၅၀ |
| ၄ | တောင်ကြီး | ၄၉၅၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၄၉၅၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ |
| ၅ | လွိုင်ကော် | ၄၅၀၀ | ၅၀၀၀ | ၅၀၅၀ | ၅၀၀၀ | ၅၀၀၀ | ၄၉၀၀ | ၅၁၀၀ | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ |
| ၆ | ဘားအံ | ၄၆၀၀ | ၄၇၂၅ | ၄၇၂၅ | ၄၇၄၇ | ၄၇၇၀ | ၄၇၀၀ | ၄၈၆၀ | ၄၈၆၀ | ၄၉၀၅ | ၄၉၅၀ |
| ၇ | မော်လမြိုင် | ၄၈၃၇ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၇၉၂ | ၄၉၀၅ | ၄၉၀၅ | ၄၉၀၅ | ၄၉၀၅ |
| ၈ | ထားဝယ် | ၄၉၈၅ | ၄၉၈၅ | ၄၉၈၅ | ၄၉၈၅ | ၅၁၅၀ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ | ၄၈၁၅ | ၄၉၅၀ |
| ၉ | မြိတ် | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၁၀ | ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၇၂၈ | ၄၇၂၈ | ၄၇၂၈ | ၄၇၂၈ | ၄၈၄၁ |
| ၁၁ | ပုသိမ် | ၄၅၀၀ | ၄၅၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၅၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၁၂ | စစ်တွေ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၄၈၀ | ၄၄၈၀ | ၄၆၆၀ | ၄၆၆၀ | ၄၆၆၀ |
| ၁၃ | ဟားခါး | ၅၀၈၀ | ၅၁၉၀ | ၅၁၉၀ | ၅၂၃၀ | ၅၂၃၀ | ၄၉၃၀ | ၅၁၂၀ | ၅၁၂၀ | ၅၁၂၀ | ၅၁၂၀ |
| ၁၄ | မုံရွာ | ၄၄၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၅၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၆ | ပခုက္ကူ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၇ | မကွေး | ၄၇၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၄၀ | ၄၉၅၅ | ၄၉၅၅ | ၅၀၀၀ | ၅၀၀၀ |
| ၁၈ | ပြည် | ၄၆၀၀ | ၄၆၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၉ | ပဲခူး | ၄၅၉၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၆၅၅ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၂၀ | ပျဉ်းမနား | ၄၇၄၇ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၇၉၂ | ၄၉၀၅ | ၄၉၀၅ | ၄၉၀၅ | ၄၉၀၅ |
| ၂၁ | နေပြည်တော် | ၄၇၄၇ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၈၆၀ | ၄၇၉၂ | ၄၉၀၅ | ၄၉၀၅ | ၄၉၀၅ | ၄၉၀၅ |
| ၂၂ | ကလေး | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |

Source : DOCA-Domestic

## ရွှေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဇွန်လ ၁၈ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စ လျှင် ၁၃၃၃ ဒေါ်လာရှိရာမှ စက်တင်ဘာ ၂၈ ရက်တွင် ၁၁၈၄ ဒေါ်လာသို့ ဆက်တိုက်ကျဆင်းလာခဲ့ပြီး ကမ္ဘာ့ရွှေဈေးက သုံးလ အတွင်း ၁၁ရာခိုင်နှုန်းခန့် ဈေးကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါ သည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၄၉ ဒေါ်လာကျ ဆင်းလာသော်လည်း ပြည်တွင်းရွှေဈေးမှာ ဆက်တိုက်မြင့်တက် လာခဲ့သည်ကို တွေ့ရှိရပါသည်။ စက်တင်ဘာလ တတိယပတ်တွင် အမေရိကန် ဒေါ်လာ ငွေကြေးလဲလှယ်မှုနှုန်းနှင့် ရွှေဈေးစံချိန်တင် မြင့်တက်လာမှုကြောင့် ရွှေဆိုင်များတွင် အရောင်းအဝယ်ရပ်ဆိုင်း လုနီးပါး ဖြစ်သွားခဲ့သည်ကို တွေ့ရှိရပါသည်။ ဒေါ်လာဈေးကစား သူများနှင့် ရွှေလက်ကားဈေးကွက်မှ လေပတ်ကားလုပ်သူများကို အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာန(စစစ)က စစ်ဆေးမှုများပြုလုပ် လာခြင်းကြောင့် ဒေါ်လာဈေးနှင့် ရွှေဈေးများ ပြန်လည်ကျဆင်း လာခဲ့သည်ကို တွေ့ရှိရပါသည်။ စက်တင်ဘာလ တတိယပတ် ၂၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၀၃၇၀၀၀ အထိ စံချိန် တင်မြင့်တက်ခဲ့ရာမှ စက်တင်ဘာ ၂၈ ရက်တွင် အခေါက်ရွှေ တစ် ကျပ်သားလျှင် ၉၇၅၀၀၀ ကျပ်အထိ ကျဆင်းလာခဲ့ပြီး တစ်ပတ် အတွင်း ကျပ် ၁၀ သိန်းအောက်သို့ ပြန်လည်ကျဆင်းလာခဲ့သည် ကိုတွေ့ရှိရပါသည်။ စက်တင်ဘာလအတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

စက်တင်ဘာလအတွင်း နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးကွက် အခြေအနေ

| နေ့စွဲ | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/အောင်စ) |
|---|---|---|
| ၁၄ - ၉ - ၂၀၁၈ | ၉၉၅၅၀၀ | ၁၂၀၆ |
| ၁၅ - ၉ - ၂၀၁၈ | ၉၉၄၀၀၀ | ၁၁၉၄ |
| ၁၇ - ၉ - ၂၀၁၈ | ၉၉၅၅၀၀ | ၁၁၉၅ |
| ၁၈ - ၉ - ၂၀၁၈ | ၁၀၀၇၅၀၀ | ၁၁၉၉ |
| ၁၉ - ၉ - ၂၀၁၈ | ၁၀၃၀၀၀၀ | ၁၂၀၃ |
| ၂၀ - ၉ - ၂၀၁၈ | ၁၀၃၂၀၀၀ | ၁၂၀၃ |
| ၂၁ - ၉ - ၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၀၉ |
| ၂၂ - ၉ - ၂၀၁၈ | ၁၀၂၇၀၀၀ | ၁၁၉၉ |
| ၂၄ - ၉ - ၂၀၁၈ | ၁၀၀၄၅၀၀ | ၁၁၉၇ |
| ၂၅ - ၉ - ၂၀၁၈ | ၁၀၀၉၀၀၀ | ၁၁၉၉ |
| ၂၆ - ၉ - ၂၀၁၈ | ၉၉၃၀၀၀ | ၁၂၀၀ |
| ၂၇ - ၉ - ၂၀၁၈ | ၉၈၄၀၀၀ | ၁၁၉၇ |
| ၂၈ - ၉ - ၂၀၁၈ | ၉၇၅၀၀၀ | ၁၁၈၄ |

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေး နှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များ အရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်တစ် ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများ နှင့်နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်း ကျဆင်းလာကြောင်း လေ့လာတွေ့ရှိရပါ သည်။ အဆိုပါ website တွင် ဖော်ပြချက် များအရ သကြားဖြူ (White Sugar ) တစ် တန်လျှင် စက်တင်ဘာ ၂၀ ရက်တွင် အမေ ရိကန်ဒေါ်လာ ၃၃၁ ဒသမ ၃၅ ပေါက် ဈေး ရှိခဲ့ရာမှ စက်တင်ဘာ ၂၁ ရက်တွင် အမေ ရိကန်ဒေါ်လာ ၃၃၂ သို့ အနည်းငယ်ပြန်လည် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၂၆ ရက်တွင် အမေရိကန်ဒေါ်လာ ၃၁၂ ဒသမ ၇၀ အထိ ဈေးပြန်လည်ကျဆင်းလာသည်ကို တစ်ဖက် ပါအတိုင်းတွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 26-Sep-18 | 10.62 cts/lb | 11.46 cts/lb | 312.70 $/T | 14.18 cts/lb |
| 25-Sep-18 | 10.92 cts/lb | 11.52 cts/lb | 318.55 $/T | 14.45 cts/lb |
| 24-Sep-18 | 10.99 cts/lb | 11.54 cts/lb | 319.40 $/T | 14.49 cts/lb |
| 21-Sep-18 | 11.44 cts/lb | 11.55 cts/lb | 332.00 $/T | 15.06 cts/lb |
| 20-Sep-18 | 11.39 cts/lb | 11.53 cts/lb | 331.35 $/T | 15.03 cts/lb |
| 19-Sep-18 | 11.39 cts/lb | 11.52 cts/lb | 331.45 $/T | 15.03 cts/lb |
| 18-Sep-18 | 11.22 cts/lb | 11.48 cts/lb | 330.20 $/T | 14.98 cts/lb |
| 17-Sep-18 | 11.32 cts/lb | 11.46 cts/lb | 331.15 $/T | 15.02 cts/lb |
| 14-Sep-18 | 11.79 cts/lb | 11.44 cts/lb | 334.30 $/T | 15.16 cts/lb |
| 13-Sep-18 | 12.20cts/lb | 11.38 cts/lb | 341.80 $/T | 15.50 cts/lb |
| 12-Sep-18 | 12.15 cts/lb | 11.29 cts/lb | 341.10 $/T | 15.47 cts/lb |
| 11-Sep-18 | 11.79 cts/lb | 11.20 cts/lb | 332.95 $/T | 15.10 cts/lb |
| 10-Sep-18 | 11.80 cts/lb | 11.14 cts/lb | 331.85 $/T | 15.05 cts/lb |
| 7-Sep-18 | 11.57 cts/lb | 11.07cts/lb | 330.85 $/T | 15.01 cts/lb |
| 6-Sep-18 | 11.36 cts/lb | 11.02 cts/lb | 329.35 $/T | 14.94 cts/lb |
| 5-Sep-18 | 11.47 cts/lb | 10.99 cts/lb | 334.50 $/T | 15.17 cts/lb |
| 4-Sep-18 | 11.22 cts/lb | 10.95 cts/lb | 327.95 $/T | 14.88 cts/lb |
| 3-Sep-18 | 11.17 cts/lb | 10.94 cts/lb | 326.55 $/T | 14.81 cts/lb |

Source: www.isosugar.org

၂၀၁၈ ခုနှစ် စက်တင်ဘာနောက်ဆုံး ပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေ သော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၅ ဖြစ်ပေါ် ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၁၁၊ ပါကစ္စတန်နိုင်ငံ တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈-၄၁၃၊ အိန္ဒိယနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၄၂-၅၈၉ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံ၊ ပါကစ္စတန် နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ဈေးအနည်းငယ် ကျဆင်းခဲ့ပြီး တရုတ်နိုင်ငံ၏ သကြားဈေးမှာ တည်ငြိမ်နေကြောင်း သိရှိရပါသည်။ မြန်မာ -တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက် ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၄၉ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၂ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ် တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၅ ပေါက်ဈေးရှိ သောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ ဒေါ်လာဈေးနှုန်းကွာဟ ချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၆၈ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၇ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန် မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံ မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိ ရပါသည်။

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် စက်တင် ဘာ ၂၇ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် ၆ ဒသမ ၉၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာပြောင်း လဲမှုမရှိကြောင်း တွေ့ရှိရ ပါသည်။

# ဒေသတစ်ခုထုတ်ကုန်တစ်မျိုးမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

မောင်မောင်ချိန်ခွင်

အမှန်တော့ OTOP ဆိုတဲ့ စကားလုံးနဲ့ ကျွန်တော် သိပ်မရင်းနှီးပါ။ ဌာနရဲ့ တာဝန်ပေးချက်အရ ရှမ်းပြည်နယ် အရှေ့ပိုင်းရဲ့မြို့တော်လို့ခေါ် ဆိုရမယ့်ကျိုင်းတုံမြို့ကို ရောက်ရှိတာဝန်ထမ်းဆောင်နေခိုက်မှာပဲ OTOP နဲ့ ရင်နှီးဖို့ အကြောင်းဖန်လာတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ ၈ ရက်ကနေ ၁၁ ရက်အထိ ကျိုင်းတုံမြို့၊ မြို့တော်ခန်းမမှာ ရှမ်းပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ပြုလုပ်ခဲ့တဲ့ ကျိုင်းတုံ-ဖယောင်းဒေသ (ထိုင်း) OTOP ပွဲမှာ လုပ်ငန်းကြီးကြပ်ရေးကော်မတီတာဝန်ကို ထမ်းဆောင်ခဲ့ရတယ်။ ပြပွဲကို ကမကထပြုလုပ်တဲ့ အဖွဲ့အစည်းတွေဆီက သတင်းစကား၊ လာရောက်ပြသကြတဲ့ ထိုင်းမြောက်ပိုင်းဒေသခံဆိုင်ရှင်တွေထံက မေးမြန်းလို့ရလာတဲ့ အချက်အလက်တွေ အပါအဝင် OTOP ထုတ်ကုန်တွေကို စစ်ဆေးကြည့်ရှုခွင့်ပါရခဲ့တာဖြစ်လို့ OTOP က ဘာလဲဆိုတာ မြည်းစမ်းခွင့်ရခဲ့တယ်။

OTOP (One Tambon One Product) ဆိုတာ ဒေသတစ်ခုထုတ်ကုန်တစ်မျိုးထုတ်လုပ်ပြီး အရောင်းမြှင့်တင်ရန်နှင့် ဈေးကွက်ထိုးဖောက်ဖို့အတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်လက်ထက်မှာ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာပါ။ ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ ဒေသငယ်ပေါင်း Tambons(sub-district) ၇၂၅၅ ခုကို ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီးတော့ ကိုယ့်ဒေသတွင်းကို ပြန်လည်အထောက်အကူဖြစ်စေဖို့ရည်ရွယ်ပြီး ဒေသခံစွန့်ဦးတီထွင်သူများကို အားပေးအားမြှောက်ပြုလုပ်တဲ့ အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆို အိမ်တွင်းလက်မှုလုပ်ငန်းတွေကို အစိုးရအကူအညီနဲ့ မြေတောင်မြှောက်ပေးတာမျိုးလို့ဆိုရမှာပါ။

OTOP အစီအစဉ်ရဲ့ မူလဇာစ်မြစ်ဟာ ထိုင်းနိုင်ငံက ပထမဆုံးစခဲ့တာတော့ မဟုတ်ဘူး။ ဂျပန်နိုင်ငံမှာ အောင်မြင်မှုရနေတဲ့ OVOP (One Village One Product) ကျေးရွာတစ်ခု ထုတ်ကုန်တစ်ခုအစီအစဉ်ကနေ ဉာဏ်ကွန့်မြူးပြီး ရေးဆွဲထားတာဖြစ်တယ်။ ထိုင်းနယ်စပ်ဒေသများအပါအဝင် ဒေသတွင်းထုတ်ကုန်များကို အရောင်းမြှင့်တင်ဖို့အတွက် နိုင်ငံတကာအဆင့်မီသောထုတ်ကုန် ဖြစ်ရမယ်။ သက်ဆိုင်ရာဒေသကို အထောက်အပံ့ပေးနိုင်ရမယ်။ အဲဒီ အချက် ၂ ခုအပေါ် မူတည်ပြီး တရားဝင်အသိအမှတ်ပြုခံထားရတဲ့ ဒေသတစ်ခုစီမှ အကောင်းဆုံးထုတ်ကုန်များကိုသာ OTOP ပြပွဲများမှာ ပါဝင်ခွင့်ရဖို့ ရွေးချယ်တာဖြစ်တယ်။ အရည်အသွေး မမီတဲ့ထုတ်ကုန်များကို ပြပွဲတွေမှာ ပါဝင်ခွင့်ပေးမထားတဲ့သဘောပါ။

OTOP ပြပွဲတွေမှာ အဓိကအားဖြင့် အစားအစာများ၊ အိမ်သုံးဆေးဝါးများ၊အဝတ်အထည်များ၊ ကြွေထည်မြေထည်များ၊ သိုးမွှေးနှင့်ချည်ထည် ပိတ်စများ၊ လက်ဖြင့်ပြုလုပ်သော လူသုံးကုန်ပစ္စည်းများ၊ ပန်းချီကားများအပါအဝင် ဒေသအလိုက်ထုတ်ကုန်များကို စနစ်တကျ စုစည်းပြသကြတာကိုတွေ့ရတယ်။

ဒေသထွက်ကုန်တွေကို လူသိပိုများလာပြီး ရောင်းအားကောင်းလာဖို့ ထုတ်ကုန်အုပ်စုအလိုက် အမျိုးအစားတွေကို ဒီလိုခွဲခြားထားတယ်။ အစား အသောက်နဲ့ အဖျော်ယမကာများ၊ အထည်အလိပ်နဲ့ အဝတ်အစားများ၊ လက်ရက်ထည်များ၊ အနုပညာပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများ၊ အိမ်ခန်းအလှဆင်ပစ္စည်းများနဲ့ ဘယဆေးများစတာတွေပါဝင်တယ်။ အဲဒီပစ္စည်းတွေကို ဒေသထွက်ကုန်ကြမ်းတွေနဲ့သာ အဓိကအသုံးပြုထားကြပြီး သူတို့ရွာ၊ သူတို့ဒေသလူမှုအသိုင်းအဝိုင်းရဲ့ အမှတ်သရုပ်ကို လှစ်ဟပြကြတယ်။ ရိုးရာပစ္စည်းတွေဟာ ချစ်စရာပုံစံရှိကြပြီး သူတို့စိတ်ကူးဉာဏ်ရှိသလောက် လက်နဲ့လုပ်ထားတာဖြစ်လို့ တုပဖို့မလွယ်ကူလှပါဘူး။ ဒေသအလိုက် ထုတ်ကုန်တိုင်းမှာသူတို့ဒေသရဲ့လူနေမှုဘဝကိုထင် ဟပ်စေမယ့်ပုံသဏ္ဌာန်မျိုးစုံဖော်ထားကြတယ်။ ဒါဟာ OTOP ထုတ်ကုန်ရဲ့ အနှစ်သာရလို့ ဆိုနိုင်ပါတယ်။

ထိုင်းနိုင်ငံဒေသအားလုံးမှ ထုတ်လုပ်တဲ့ OTOP ပစ္စည်းတွေကို ဒေသအလိုက် အမျိုးအစားများခွဲခြားပြီး သီးသန့်စာရင်းပြုစုထားတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသရှိ တောင်ကုန်းများမှာ နေထိုင်ကြတဲ့ လူနည်းစုမျိုးနွယ်များက ငွေထည်လက်ဝတ်ရတနာများ၊ ချည်ထည်၊ ကြွေထည်၊ စက္ကူနဲ့အထူးပြုလုပ်တဲ့ပစ္စည်းများ၊ ဝါးခြင်းတောင်း၊ ငွေထည်ဇွန်းခရင်းများ၊သစ်သားနဲ့ပြုလုပ်တဲ့လူသုံးကုန်ပစ္စည်းတွေကို ထုတ်လုပ်ကြပါတယ်။ ရိုးရာပွဲတော်များ၊ လက်ထပ်ပွဲတွေလို အခါအားလျော်စွာ ကျင်းပတဲ့နေရာတွေမှာဝတ်ဆင်ဖို့ အရည်အသွေးကောင်းပိုးထည်တွေနဲ့ အဝတ်အထည်များကိုတော့ အရှေ့မြောက်ပိုင်း ဒေသမှဖန်တီးထုတ်လုပ်တာ နာမည်ကြီးပါတယ်။ အထူးသဖြင့်တော့ ဒီဇိုင်းမျိုးစုံနဲ့ဆေးဆိုးထားတဲ့ချည်ထည်၊ ပိုးထည်တွေကို OTOP ပြပွဲတွေမှာ ပြသဖို့ဦးစားပေး ရွေးချယ်ကြပါတယ်။ ထိုင်းနိုင်ငံအလယ်ပိုင်းဒေသကနေ ဝါးနဲ့ပြုလုပ်တဲ့ ရိုးရာလက်မှုပစ္စည်းများ၊ မြေအိုးကြီးများအပါအဝင် မြေကြီးနဲ့ လုပ်ထားတဲ့ပစ္စည်းများ ထုတ်လုပ်ကြပါတယ်။ ထိုင်းနိုင်ငံအရှေ့ပိုင်းမှ ဆေးဆိုး ရက်ထည်များ၊ ကျူပင်နဲ့လုပ်သော ဖျာများ၊ ကြိမ်ခြင်း၊ ဝါးခြင်းများအပြင် သစ်သီး၊ အသားငါးတွေမပုပ်သိုးအောင် ထိန်းသိမ်းခြင်းလုပ်ငန်းမှာလည်း ကျော်ကြားပါတယ်။ ပါတိတ်အထည်များ၊ ကျူပင်မှထွက်တဲ့ လူသုံးကုန်ပစ္စည်းများ၊ ပုလဲနဲ့ပြုလုပ်သော ပစ္စည်းများ၊ သစ်သားပုံဖော်ထားတဲ့ ထုတ်ကုန်များကိုတော့ ထိုင်းနိုင်ငံတောင်ပိုင်းက ထွက်ရှိပါတယ်။ OTOP ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်အောင်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်တာကို ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ ပိုင်းမှဒေသခံများကအတုယူကြရပါမယ်။

OTOP ထုတ်ကုန်များထွက်ရှိတဲ့ ကျေးရွာတွေကို ပြည်ပပို့ကုန်အလားအလာကောင်းပြီး အရည်အသွေးမြင့် ပစ္စည်းများထုတ်လုပ်နိုင်မှုအပေါ် မှာ မူတည်ရွေးချယ်တာဖြစ်ပါတယ်။ ပိုးထည်၊ ကြွေထည်တွေဟာ အနုပညာလက်ရာမြောက်လှပါတယ်။ အမွမ်းအပြောက်များကိုလက်နဲ့ခြယ်မှုန်းပြီး ချစ်စဖွယ်ဖန်တီးမှုများ ပါဝင်ရပါတယ်။ OTOP စီမံကိန်းလုပ်ငန်းစဉ်တွင် ပါဝင်တဲ့ အလားအလာရှိထုတ်ကုန်များကိုဖော်ထုတ်ခြင်း၊ အရည်အသွေး ထိန်းချုပ်နိုင်ခြင်း၊ ထုပ်ပိုးမှုနှင့် ဒီဇိုင်းတီထွင် ဆန်းသစ်ခြင်း၊ ပြည်တွင်း၌သာ ဆွဲဆောင်နိုင်ရုံမကဘဲ ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ခြင်းစတာတွေအတွက် အစိုးရဘက်ကနေလိုအပ်တဲ့ အထောက်အပံ့တွေကို အပြည့်အဝပံ့ပိုးပေးလျက်ရှိပါတယ်။ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ဆောင်ရွက်နေတဲ့ ယန္တရားကြီးတစ်ခုလုံး အဆင့်မြင့်မားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်လည်ပတ်နေဖို့အတွက် ဒေသဆိုင်ရာအာဏာ ပိုင်များအပြင် နိုင်ငံတော်အဆင့်ရှိ ကော်မတီတစ်ခုပါဖွဲ့စည်းပြီး အကူအညီပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကူညီထောက်ပံ့ပေးမှုသည် ဒေသခံများအတွက် ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေတာဖြစ်လို့ကြိုဆိုရမယ့်ကိစ္စပါ။ ကျွန်တော်တို့နိုင်ငံမှာ SMEs လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်နေတာ တွေ့ပေမယ့် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပြည်ပကိုထိုးဖောက်နိုင်မှုမှာတော့ နည်းပါးနေပါသေးတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကတော့ နိုင်ငံတကာ ကုန်စည်ပြပွဲများမှာ ပါဝင်ဆင်နွှဲပြသနိုင်နေပါပြီ။ အသေးစား၊ အလတ်စားလုပ်ငန်းများမှ ဒေသထုတ်ကုန်များအတွက် အခုလို OTOP ပြပွဲများဟာ ရတောင့်ရခဲအခွင့်အရေးများပင် မဟုတ်ပါလား။ မိမိရရဆုပ်ကိုင်ပြီး အသုံးချနိုင်မှသာ ရလဒ်ကောင်းများ ထွက်လာမှာဖြစ်တယ်။

OTOP စီမံကိန်းမှာ အားသာချက်တွေရှိသလို စိန်ခေါ်မှုတွေလည်းရှိနေဆဲပါ။ ထိုင်းနိုင်ငံရဲ့ ဒေသခံလူ့အဖွဲ့အစည်းတွေ၊ ရွာသားတွေဟာ ထုတ်ကုန်တွေကို ကိုယ်ပိုင်သုံးဖို့၊ ဒါမှမဟုတ် ဒေသ ထွက်ကုန်ပစ္စည်းချင်း ဖလှယ်သုံးဖို့၊ အိမ်နီးချင်းနိုင်ငံတွေကို ရောင်းချဖို့ ထုတ်လုပ်ကြတယ်။ သာမန်ဒေသခံတွေဟာ အိမ်အလုပ်တွေပြီးတဲ့အချိန်၊ လယ်ယာလုပ်ငန်းသိမ်းချိန်၊ အားလပ်ချိန်များမှသာ ကုန်ပစ္စည်းတွေကိုပြုလုပ်ကြတာ။ ဒါကြောင့် လုပ်ငန်းစွမ်း ဆောင်ရည်နဲ့ ဈေးကွက်ကလိုအပ်တဲ့ ကုန်ပစ္စည်းပမာဏကို မထုတ်လုပ်နိုင်တဲ့ ပြဿနာတွေဟာ စိန်ခေါ်မှုအဖြစ် ရှိနေတုန်းပါပဲ။ ဒါ့အပြင် OTOP ကုန်စည်တွေကို မိတ်ဆက်တဲ့နေရာမှာ ဒေသခံအသိုင်းအဝိုင်းများဟာ နယ်စပ်ဒေသတွေကိုကျော်လွန်ပြီး ကုန်သွယ်ကြရလို့ အခက်အခဲအချို့လည်းရှိပါတယ်။ ဥပမာ-အစည်းအဝေးတွေကို သတ်မှတ်ရက်မလာနိုင်တာ။ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးဖို့ လက်လှမ်းမမီတာ။ သတ်မှတ်အရေ အတွက်ကိုမထုတ်လုပ်နိုင်တာ။ ဒီဇိုင်းပိုင်းကို ဦးစားမပေးနိုင်တာ။ အလွယ်တကူရောင်းချနိုင်မယ့် ဈေးကွက်မရှိတာ။ အရင်က OTOP ထုတ်ကုန်တွေဟာ ပြည်ပပို့ကုန်အရည်အသွေးမမီခဲ့ပါဘူး။

ကံကောင်းတာက အစိုးရအဖွဲ့ အတော်များများဟာ ဒေသခံတွေအပေါ် လိုအပ်တဲ့ထောက်ပံ့မှုတွေကို အခုချိန်ထိ ပံ့ပိုးကူညီပေးနေတုန်း။ ထိုင်းအစိုးရဟာ စီမံကိန်းတွေကို ကောက်ရိုးမီးပမာ ချမှတ်လုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး။ လုပ်ငန်းစဉ်တစ်လျှောက်မှာ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်မြှင့်တင်ရေးဦးစီးဌာနရဲ့OTOP လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့က ပြည်ပနိုင်ငံများအပါအဝင် ထိုင်းနိုင်ငံအတွင်း၌ ကုန်စည်ပြပွဲများ ကျင်းပကာ ပြည်ပကို တင်ပို့နိုင်မယ့် လက်ရွေးစင်ထုတ်ကုန်များကိုပြသနိုင်ဖို့ အကူအညီပေးခဲ့ကြတယ်။

OTOP စီမံကိန်းဟာဒေသခံများ ဝင်ငွေတိုးတက်လာစေရန်၊ အစိုးရအကူအညီများနဲ့ OTOP ထုတ်ကုန်များကို အချိန်မရွေးထုတ်လုပ်နိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့တာဖြစ်တယ်။ ထိုင်းနိုင်ငံ ဗဟိုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီး ဌာနလက်အောက်ရှိ ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေသခံများထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေး စံနှုန်းကောင်းမွန်စေရန် ကူညီဆောင်ရွက်ပေးတယ်။ စက်မှုဝန်ကြီးဌာန၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်ကုန်တိုးတက်ရေးမှာ အဓိကကျတဲ့ အရည်အသွေးထိန်းချုပ်ခြင်းနှင့် စွမ်းရည်မြှင့်သင်တန်းများပေးနေသလို ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့အစည်းကလည်း ထုပ်ပိုးမှုပုံစံများ၊ ဈေးကွက်အကြိုက်ဒီဇိုင်းများကို ဒီဇိုင်နာအဖွဲ့များက ကျေးရွာဒေသခံများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

ထိုင်းနိုင်ငံရဲ့ OTOP အစီအစဉ်ဟာ အောင်မြင်မှု အရှိန်အဟုန်ရနေပြီဆိုတာကို ပြီးခဲ့တဲ့ကျိုင်းတုံ- ဖယောင်း (Phayao) (ထိုင်းနိုင်ငံမြောက်ပိုင်းတွင်ရှိ) OTOP ပြပွဲက သက်သေခံလျက် ရှိပါတယ်။ ဒီပြပွဲမှာ ဖယောင်းဒေသထွက် စားသောက်ကုန်၊ အလှကုန် ပစ္စည်း၊ ရိုးရာအဝတ်အထည်၊ အိမ်တွင်း အလှဆင်ပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်း စတဲ့ဆိုင်ခန်းပေါင်း ၅၀ ခန့် လာရောက် ပြသနိုင်တာတွေ့ရပါတယ်။ ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ဒေသချင်းဆက်စပ်မှုရှိတဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း ဈေးကွက်အား ထိုးဖောက်ဖို့ကြိုးစားလာခဲ့တာ ဖြစ်တယ်။

အခုလို OTOP ပွဲတော်များကို ဒီမိုကရေစီအစိုးရလက်ထက်တွင် ကျိုင်းတုံမြို့၌ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ တစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ တစ်ကြိမ်၊ စက်တင်ဘာလမှာတစ်ကြိမ် စုစုပေါင်း ၃ ကြိမ်မြောက် ပြုနိုင်ခဲ့ပြီဖြစ် တယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ရှမ်းလူမျိုးများအပါအဝင် လားဟူ၊ အာခါ၊ ဝ လူမျိုးများ စုပေါင်းနေထိုင်လျက်ရှိရာ သူတို့ရဲ့ရိုးရာအဝတ်အထည်များ၊ ဒေသထွက်လက်ဖက်ခြောက်၊ ဝက်ခေါက်၊ ခေါပုတ်၊ ပြောင်း၊ ဆန်စတာတွေကို ကုန်ကြမ်းအတိုင်းမရောင်းချဘဲ ပါကင်လှလှထုပ်ပိုးကာ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ပြီး ဒေသခံတိုင်းရင်းသားများက OTOP ပြပွဲတွေမှာပါ ဝင်ပြသနိုင်ရေး အားထုတ်ကြဖို့ Stakeholder အားလုံးကို တိုက်တွန်းချင်ပါတယ်။ ယခုလို ကိုယ့်နိုင်ငံဘက်ခြမ်းကို OTOP ပြပွဲများလာရောက်ပြသနေခိုက်မှာ ဒေသထုတ်ကုန်များ ဈေးကွက်ရရှိစေဖို့ ကုန်သည်အသင်းများ၊ ပြည်နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ပြည်ပနှင့် ကုန်သွယ်မှုဆောင်ရွက်နေသော ကုမ္ပဏီများ၊ ဆက်စပ်ဌာနများနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များအကြား စနစ်တကျပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက် နိုင်ပါက ရှမ်းအရှေ့ဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်သလို ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်လာမှာဖြစ်တယ်။

တိုင်းပြည်တစ်ခုရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ စီးပွားရေးလုပ်ငန်း အကြီးကြီးတွေလုပ်နိုင်မှ မဟုတ်ပါဘူး။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာပဲ ဒေသအလိုက် ထွက်ရှိတဲ့ရိုးရာအဝတ်အထည်၊ လက်မှုပစ္စည်းများ၊ လူသုံးကုန်များ၊ အစားအသောက်များ၊ လက်ဝတ်ရတနာများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပြည်တွင်း သုံးဖို့တင်မကဘဲ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ဖို့ရာ ဒေသဆိုင်ရာအစိုးရမှကူညီပံ့ပိုးပေးရန်လိုအပ်သလို ဒေသခံများကလည်း ဆန်းသစ်တီထွင်စွန့်စားလုပ်ကိုင် လိုစိတ်များရှိကြဖို့လိုအပ်ပါတယ်။ အစိုးရ၊ ဒေသခံပြည်သူ၊ နည်းပညာ၊ အရင်းအနှီးများဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက သေးငယ်သော လုပ်ငန်းပင်ဖြစ်လင့်ကစား ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ပြီး တစ်ဦးချင်းဝင်ငွေလည်းတိုးတက်လာနိုင်ပါကြောင်း OTOP က ရတဲ့ အတွေးတစ်စကို မျှဝေလိုက်ရကြောင်းပါ။

# Seminar on Traceability in Rice Moisture Measurement program ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲ ရေးဌာနစု (CTQM)တွင် ဆန်စပါး အစိုဓာတ်တိုင်းတာရေး နောက်ကြောင်းပြန်ခြေရာခံစနစ်နှင့်ပတ်သက်၍ Seminar on Traceability in Rice Moisture Measurement program ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဝေ တက်ရောက်ခဲ့ပြီး စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားကို စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဝေ၊ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် (MRF) ဒုဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ ရန်ကုန်တိုင်းဒေသကြီးတိုင်းဦးစီးမှူး ဦးမြင့်ချို၊ ဂျပန်နိုင်ငံ Kett Electric Laboratory Co., Ltd မှ Mr. Yoshida Norihiro , Japan Development Services (JDS) မှတာဝန်ရှိသူ များ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ CTQM ဌာန၏ ဌာနမှူးနှင့် ဝန်ထမ်းများ၊ လှည်းကူးမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်(၅)ခုမှ သင်တန်းသား/သူ (၃၄) ဦးတို့တက်ရောက်ခဲ့ပါသည်။

Seminar on Traceability in Rice Moisture Measurement program ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနစု (CTQM) တွင် ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုမှ ဝန်ထမ်း ၂၀ ဦး၊ CTQM မှ ဝန်ထမ်း ရှစ်ဦး၊ MITS မှ နှစ်ဦးနှင့် MRFမှ လေးဦးတို့ကို သင်တန်းပို့ချသွားမည်ဖြစ်ပါသည်။

ညွှန်ကြားရေးမှူး ဦးမြင့်ဝေမှ ဆန်စပါးကဏ္ဍတွင် အစိုဓာတ်၏ ကြိတ်ခွဲရေးနှင့် သိုလှောင်ရေးအပိုင်းတွင် အရေးပါပုံများ၊ ဆန်စပါးအစိုဓာတ်တိုင်းတာရေးနောက်ကြောင်းပြန် ခြေရာခံစနစ်ဖြစ်ပေါ်လာပုံနှင့် JICA ၏ အကူအညီဖြင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်နေမှုများ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ National Institute of Metrology Myanmar(NIMM) မှ Primary Standard အဖြစ်တာဝန်ယူပြီး စားသုံးသူရေးရာဦးစီးဌာနရှိ CTQM မှ Secondary Standard အဖြစ်တာဝန်ယူရပုံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှ ကူညီဆောင်ရွက်ရမည့် အပိုင်းများ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံတွင် ဆန်စပါးရောင်းဝယ်ရေးကဏ္ဍ၌ လယ်သမား၊ပွဲစား၊ စက်ပိုင်နှင့် ကုန်သည် စသည့် အဆင့်တိုင်းတွင် အစိုဓာတ်တိုင်းကိရိယာများ အသုံးပြုလျက်ရှိပြီး ၎င်းတို့သည် တိကျမှန်ကန်သော အစိုဓာတ်တိုင်းကိရိယာများ ဖြစ်ရန် လိုအပ်ပါကြောင်း၊ အစိုဓာတ်သည် ဆန်စပါး၏ အရည်အသွေးကို သက်ရောက်မှုရှိသည့်



အပြင် ရောင်းဝယ်ဖောက်ကားသည့် နေရာတွင်လည်း အလေးချိန်အပေါ် သက်ရောက်မှုရှိသဖြင့် အရေးကြီးပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် အဆိုပါစီမံကိန်းကို စားသုံးသူအကျိုးစီးပွားကာကွယ်ရေး ရှုထောင့်အပြင် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် တရားမျှတသော ကုန်သွယ်မှုဆီသို့ ဦးတည်နိုင်ရန် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးမြင့်ဝေမှ ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်(MRF)ဒုဥက္ကဋ္ဌဒေါက်တာမျိုးအောင်ကျော် မှ စီမံကိန်းနှင့်ပတ်သက်၍ ပုဂ္ဂလိကကဏ္ဍမှပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆန်စပါးအစိုဓာတ်၏ အရေးပါပုံနှင့် အရောင်းအဝယ် ပြုလုပ်ရာတွင် အစိုဓာတ်တိုင်းကိရိယာများ၏ တိကျမှု အရေးပါပုံများ၊ စီမံကိန်းတွင်အစိုးရဝန်ကြီးဌာန(၂)ခုဖြစ်သည့် ပညာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပြင် MRF အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးအစိုဓာတ် တိုင်းတာခြင်းနှင့်ပတ်သက်၍ နောက်ကြောင်းပြန် ခြေရာခံစနစ်တည်ထောင်ခြင်းစီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ JICA ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး Kett Electric Laboratory Co.,Ltd မှ နည်းပညာပိုင်းဆိုင်ရာ အကူအညီ ပေးလျက်ရှိပါသည်။ Kett Electric Laboratory Co.,Ltd အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် အဆိုပါစနစ်ကိုတည်ထောင်ပေးခဲ့ပြီး၊ မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် တည်ထောင်ပေးခဲ့သည်မှာ (၁၅) နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။ **မောင်မောင် (CTQM)**

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာငွေ . . . . မှအဆက်

အမေရိကန်ဒေါ်လာသည် ကမ္ဘာ့ငွေကြေးများထဲတွင် ခိုင်မာသည့် ငွေကြေးတစ်ခုဖြစ်ပြီး Global Currency အဖြစ် အသုံးပြုလျက်ရှိကြပါသည်။ ထိုသို့ Global Currency အဖြစ် အသုံးပြုလျက်ရှိခြင်းကြောင့် အမေရိကန်ဒေါ်လာ ဈေးတက်ခြင်း/ကျခြင်းသည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး လုပ်ငန်းများအတွက် များစွာအရေးပါလျက်ရှိရာ မြန်မာနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အခြေခံစားသောက်ကုန်မှစပြီး လူသုံးကုန် အပါအဝင် ရင်းနှီးမြှုပ်နှံမှုကုန် ကြမ်းပစ္စည်းများ၊ မိမိနိုင်ငံ၏ စီးပွားရေးအခြေခံဖြစ်သော စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့် သွင်းအားစုများအား ပြည်ပမှတင်သွင်းနေရသည့်အတွက် ဒေါ်လာဈေးနှုန်းမြင့်တက်ခြင်းကြောင့် ပြည်တွင်းသို့တင်သွင်းရသည့် သွင်းကုန်ပစ္စည်းများ ဈေးမြင့်တက်လာပြီး ၎င်း၏အကျိုးဆက်အဖြစ် ကုန်ဈေးနှုန်း မြင့်တက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်သော ငွေလဲနှုန်းများအရ ၂၀၁၃ ခုနှစ် မှ ၂၀၁၈ ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း နှစ်အလိုက် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းထားများအား ပြန်လည်သုံးသပ်ကြည့်လျှင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွင်း ငွေလဲလှယ်နှုန်း ၉၈၇ ကျပ်ဝန်းကျင်ရှိပြီး၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ အတွင်း ၉၈၂ ကျပ်ဖြစ်ပေါ်ခဲ့ပြီး ကြားကာလအတွင်း ဈေးနှုန်းတည်ငြိမ်မှုရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်းမှ စတင်၍ အမေရိကန်ဒေါ်လာငွေလဲနှုန်း တိုးတက်ပြောင်းလဲလာခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် ၁၃၀၆ ကျပ်အထိ ရောက်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ၁၁၆၇ ကျပ်အထိ ဈေးနှုန်းပြန်လည်ကျဆင်းခဲ့ပါသည်။ ၂၀၁၆ နှစ်ကုန်ပိုင်း နှင့် ဇန်နဝါရီလဆန်းပိုင်းတွင် ၁၃၆၀ ကျပ် ဝန်းကျင်ခန့် ဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၁၃၆၅ ကျပ်ဝန်းကျင်ခန့်ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်း ဖြစ်သော ဇန်နဝါရီလအတွင်းတွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေလဲနှုန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်သော ငွေလဲနှုန်းများအရ တစ်ဒေါ်လာလျှင် ၁၃၃၀ ကျပ် ဝန်းကျင်သာရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ၁၃၃၆ ကျပ်၊ မတ်လတွင် ၁၃၃၅ ကျပ်ဝန်းကျင်ဖြင့် အပြောင်းအလဲ သိသာမှုမရှိခဲ့သော်လည်း ဧပြီလတွင် ၁၃၄၀ ကျပ်၊ မေလတွင် ၁၃၅၅ ကျပ်၊ ဇွန်လတွင် ၁၄၀၅ ကျပ်၊ ဇူလိုင်လတွင် ၁၄၂၉ ကျပ်၊ ဩဂုတ်လတွင် ၁၅၁၂ ကျပ်၊ စက်တင်ဘာ ၂၁ ရက်တွင် ၁၅၉၇ ကျပ် အထိ စံချိန်တင် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

စက်တင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၉၇ ကျပ်ရှိခဲ့သော်လည်း ပြည်တွင်း (ပြင်ပငွေကြေးဈေးကွက်) ငွေလဲလှယ်နှုန်းတွင် တစ်ဒေါ်လာလျှင် ၁၆၃၀ ကျပ်အထိ အမြင့်ဆုံးဈေးအဖြစ် စံချိန်တင်မြင့်တက်လာခဲ့ပြီးနောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (စစစ) က ကန်ဒေါ်လာဈေးကစားသူများကို ခေါ်ယူစစ်ဆေးခဲ့ခြင်းကြောင့် တရားမဝင်ငွေကြေးဈေးကွက်ရပ်နားပြီး စက်တင်ဘာ ၂၅ ရက်တွင် ၁၅၇၅ ကျပ်ဝန်းကျင်ခန့်သို့ ကျဆင်းလာခဲ့ပြီး ၄ ရက်အတွင်း ပြင်ပဒေါ်လာငွေလဲလှယ်နှုန်းသည် တစ်ဒေါ်လာလျှင် ၅၅ ကျပ်ခန့် ကျဆင်းလာခဲ့သည်ကို လေ့လာသိရှိရပါသည်။

ပြင်ပငွေကြေးဈေးကွက်တွင် ဒေါ်လာ ဈေးဖွင့်ရောင်းဝယ်ခြင်းမရှိဘဲ ငွေလဲကောင်တာများနှင့် ပုဂ္ဂလိကဘဏ်များရှိ ငွေလဲကောင်တာများဈေးဖွင့်ကြောင်း၊ ဒေါ်လာဈေးကစားသူများကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စစ်ဆေးခြင်းကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး ဆက်လက်ကျဆင်းနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့မှ မှန်းဆနေကြပါသည်။ ပြည်တွင်း (ပြင်ပငွေကြေးဈေးကွက်) တွင် ဒေါ်လာဈေး ကျဆင်းလာသကဲ့သို့ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် တစ်ဒေါ်လာလျှင် ၁၅၉၇ ကျပ်မှ ၁၅၆၀ ကျပ်သို့ ကျဆင်းလာခဲ့ သည်ကိုတွေ့ရှိရပါသည်။ အဆိုပါ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ website တွင် Economic Indicator (ရာခိုင်နှုန်း) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈ ရာခိုင်နှုန်း ၊ Annual Rate of Inflation ၅ ဒသမ ၅ ရာခိုင်နှုန်း ၊ Year on Year Inflation က ၈ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည်ကိုလည်း လေ့လာသိရှိရပါသည်။

စက်တင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၁-၉-၁၈ | ၂၄-၉-၁၈ | ၂၅-၉-၁၈ | ၂၆-၉-၁၈ | ၂၇-၉-၁၈ | ၂၈-၉-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၉၇ | ၁၅၉၀ | ၁၅၈၂ | ၁၅၇၈ | ၁၅၇၀ | ၁၅၆၀ | -၂.၃၃၇ | ↓ |
| ၂ | Thai Baht | THB | ၃၂.၃၆ | ၃၂.၄၄ | ၃၂.၄၃ | ၃၂.၄၃ | ၃၂.၄၆၀ | ၃၂.၄၂ | ၀.၁၈၅ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၆၄ | ၁.၃၆၅ | ၁.၃၆၆ | ၁.၃၆၆ | ၁.၃၆၅ | ၁.၃၆၀ | ၀.၂၉၃ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၂ | ၄.၁၃၅ | ၄.၁၃၃ | ၄.၁၃၇ | ၄.၀၁၁ | ၄.၁၄၅ | ၀.၃၁၅ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၈၄၄.၇၆၇ | ၁၄၈၀၉.၆၅ | ၁၄၈၈၂.၄၀၈ | ၁၄၉၂၀.၅၈ | ၁၄၉၀၉.၇၈၂ | ၁၄၉၁၆.၈၁ | ၀.၄၈၅ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၈၄၇ | ၆.၈၅၇ | ၆.၈၅၇ | ၆.၈၆၇ | ၆.၈၇၉ | ၆.၈၉ | ၀.၆၂၈ | ↑ |
| ၇ | Indian Rupee | INR | ၇၂.၀၁၅ | ၇၂.၂၄ | ၇၂.၆၇ | ၇၂.၆၈၅ | ၇၂.၆၀၁ | ၇၂.၅၆၈ | ၀.၇၆၈ | ↑ |
| ၈ | Japanese Yen | JPY | ၁၁၂.၅၀၄ | ၁၁၂.၅၈ | ၁၁၂.၈၉ | ၁၁၂.၉၂၄ | ၁၁၂.၇၂၃ | ၁၁၃.၄၂၂ | ၀.၈၀၆ | ↑ |
| ၉ | Austrialia Dollar | AUD | ၁.၃၇၂ | ၁.၃၇၄ | ၁.၃၇၇ | ၁.၃၇၉ | ၁.၃၇၇ | ၁.၃၈၇ | ၁.၀၉၃ | ↑ |
| ၁၀ | Euro | EUR | ၀.၈၄၉ | ၀.၈၅၁ | ၀.၈၅၁ | ၀.၈၅ | ၀.၈၅၁ | ၀.၈၅၉ | ၁.၁၇၈ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၅၃ | ၀.၇၆၄ | ၀.၇၆၂ | ၀.၇၅၉ | ၀.၇၅၉ | ၀.၇၆၅ | ၁.၅၉၄ | ↑ |

Source:Central Bank of Myanmar

သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနောက်ဆုံးပတ်အတွင်း ကမ္ဘာ့နိုင်ငံများ၏ အမေရိကန်တစ်ဒေါ်လာလျှင် ငွေလဲလှယ်နှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပြီး မြန်မာငွေတန်ဖိုး ပြန်လည်မြင့်တက်လာကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း (၂ ဒသမ ၃၃၇ ရာခိုင်နှုန်း) ပြန်လည်ကျဆင်းလာခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် လေ့လာတွေ့ရှိချက်များအရ ပြင်ပနိုင်ငံခြားငွေလဲလှယ်မှုဈေးကွက်မှာ ဗဟိုဘဏ်မှသတ်မှတ်ထားသည့် ဈေးနှုန်းထက်လျော့နည်းပြီး ရောင်းဝယ်မှုဆောင်ရွက်နေကြောင်း တွေ့ရှိရသည့်အတွက် နောင်လာမည့်အပတ်များတွင်လည်း အမေရိကန်ဒေါ်လာဈေး ဆက်လက်ကျဆင်း လာနိုင်မည်ဟု ခန့်မှန်းရပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

CONSTRUCTION, POWER & MINING
Myanmar2018

INTERMACH MYANMAR

MTA MYANMAR

SUBCON MYANMAR
Industrial Subcontracting Exhibition

MYANMARWATER

RENEWABLE ENERGY
RE
MYANMAR

# A MEGA INDUSTRIAL & INFRASTRUCTURE EVENT FOR MYANMAR!

A unique combination of 4 special shows at 1 location featuring technologies and equipment covering a variety of industries including Industrial Machinery, Subcontracting & Sourcing, Construction, Mining, Water & Wastewater Management, Power and Renewable Energy.

**15 National Pavilions from 8 countries**
e.g. Singapore, Thailand, China, Taiwan, Korea, Japan, Malaysia and India

**500 Companies representing 1000 of Brands**

**Comprehensive Technical Seminars** and Activities related to all the industries

## 11-13 OCTOBER 2018

**Yangon Convention Centre (YCC)**
*Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.*

NEW VENUE

**9.00-17.00 hrs.**



DON'T MISS THIS MEGA EVENT!!!

**Pre-register at**
reg.ubmmyanmar.com

Supported by:
MCEA
REAM
Yangon Electricity Supply Corporation

Organised by:
UBM

For more informationplease contact UBM Myanmar
+95 1378 975

# အောင်တံခွန်
## logistics Services









No.53. 41 Street, Botahtaung Township, Yangon.
PH : 09777333056, 0949333314, 095412227,
09421087062, 09799778426.
Email : zmologistic@gmail.com

---

လက်ဖက်ရည်ကောင်းကြိုက်သူများ၊
အမျိုးသမီးများနှင့် ကလေးငယ်များ
လုံခြုံစိတ်ချစွာ စားသုံးနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်လိုက်သည်။

ရှယ်
မြန်မာ့ လက်ဖက်ရည်ဆိုင်





အမှတ်(၁၁၁၄)၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ပညာလမ်းထိပ်၊
နန္ဒဝန်ဈေးအနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09 443355771

---

# Great Four Power Co.,Ltd.
## Installation Service and Unit Sales

Batching Plant,Elevator and Generator

PH:09 2630 40744
09 253044767, 09 770843109
Office: No.279,
Thumingalar Road, Block-9,
South Okklapa Tsp., Yangon.
thegreatpowerfamily@gmail.com
www.greatfourpower.com
HotLine:09 424483674

---

# လခြမ်းနီ

လခြမ်းနီဆေးတိုက်မှထုတ်လုပ်သော လိမ်းဆေးအဆီ၊ အဆီခဲ၊ ရှူလိမ်းဆေး




ဓာတ်ကြီး(၄)ပါး နှင့် မျှတစွာဖော်စပ်ထားသော
အကြောပြေ၊ လေပြေ၊ အညောင်းပြေ၊ ဒက်ပြေ
ဒက်ကြောလိမ်းဆေးအဆီ နှင့် အဆီခဲ

လှံသွားတံပုဆိန်အမှတ်တံဆိပ် ရှူလိမ်းဆေး

လခြမ်းနီ
အတွေ့တွေ့ရောင်းဝယ်ရေး
Hj.ဦးဖိုးနိုင် နှင့် မိသားစု
Royal Emperor ရောင်စုံလက်စောင်ပြားနှင့် စေတာစာလုံးဖောက်သည်။

ပင်ရုံး-အမှတ်(၅၃)၊ ၉၄ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။ ဖုန်း- 09778055525, 09778055515
ဆိုင်-အမှတ်(၉၈)၊ ၂၈ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-01389781, 388552, 373432
ဆိုင်-အမှတ်(၄၆၁)၊ ကျိုက္ကဆံလမ်း၊ ရန်ကုန်မြို့။ ဖုန်း- 095130847, 09785172510, 095172510, 095075010
Royal Emperor - Ph: 01 387198, 09 5075010

# ပြည်တွင်း၊ ပြည်ပ ပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန်ငွေတောင်းခံလွှာများတွင် မမှန်မကန် တန်ဖိုးဖော်ပြမှုနှင့်သက်ဆိုင်သော အမိန့်ကြော်ငြာစာထုတ်ပြန်

## ပြည်တွင်း/ပြည်ပ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများသိရှိစေရန်

၁။ ပြည်တွင်းပြည်ပ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် ပြည်ပမှကုန်စည်များ ပြည်တွင်းသို့ တင်သွင်းရာ၌လည်းကောင်း၊ ပြည်တွင်းမှကုန်စည်များ ပြည်ပသို့ တင်ပို့ရာ၌လည်းကောင်း ပို့ကုန်သွင်းကုန်ငွေတောင်းခံလွှာများတွင် မမှန်မကန်တန်ဖိုးလျှော့၍ ဖော်ပြခြင်း၊ တန်ဖိုးတင်၍ ဖော်ပြခြင်းများပြုလုပ်ပြီး ယင်းသို့ဆောင်ရွက်ခြင်းမှ ရရှိသော နိုင်ငံခြားသုံးငွေများကို ပြည်ပဘဏ်များ၌ ငွေစာရင်းဖွင့်လှစ်ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသဖြင့် ထိုကဲ့သို့ မရိုးမသားဆောင်ရွက်နေမှုများအပေါ် အောက်ပါအတိုင်း ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၂-၁၁-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ပို့ကုန်သွင်းကုန်လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခြင်းနှင့်ပတ်သက်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၇၄/၂၀၁၆ အပိုဒ် ၄ တွင် "ကုမ္ပဏီများအနေဖြင့် Invoice နှင့် Sale Contract တို့အား အတုအပပြုလုပ်ခြင်း၊ Invoice နှင့် Sale Contract ပါ အချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်း၊ Invoice နှင့် Sale Contract ပါ ဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်ရှောင်တိမ်းရန် ရည်ရွယ်၍ မမှန်မကန်ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာဌာနအလိုက် ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။"

(ခ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၁-၆-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်(၃၈/၂၀၁၇) အပိုဒ် ၃ တွင် ကုမ္ပဏီများအနေဖြင့် Invoice နှင့် Sale Contract တို့အား အတုအပပြုလုပ်ခြင်း၊ Invoice နှင့် Sale Contract ပါ အချက်အလက်များအား မမှန်မကန်ဖော်ပြခြင်း၊ တရားမဝင်ဆောင်ရွက်ခြင်း၊ Invoice နှင့် Sale Contract ပါဈေးနှုန်းနှင့် တန်ဖိုးများအား အခွန်ရှောင်တိမ်းရန် ရည်ရွယ်၍ မမှန်မကန် ဆောင့်ရွက်ထားကြောင်း စိစစ်တွေ့ရှိ ရပါက လိုင်စင်ခွင့်ပြုမှုများအတွက် တင်ပို့/တင်သွင်းခဲ့သည့် ဈေးနှုန်းများအား ပြန်လည်စိစစ်မည့် လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ထားပြီး အဆိုပါလုပ်ထုံးလုပ်နည်း၏ လုပ်ငန်းတာဝန်များကဏ္ဍ အပိုဒ်(၅)တွင် ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့တွင် ဖော်ပြထားသည့် အောက်ပါ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) အပိုဒ်ခွဲ(ခ)တွင် "ဈေးနှုန်းမမှန်မကန်ဖော်ပြလျှောက်ထားသည်ဟု စစ်ဆေးတွေ့ရှိသည့် ကုမ္ပဏီများစာရင်းကို စိစစ်ရေးအဖွဲ့များမှ တင်ပြလာပါက ၎င်းကုမ္ပဏီများ၏ ဒါရိုက်တာ(သို့)တာဝန်ရှိသူကို ခေါ်ယူ၍အဖွဲ့ဖြင့် ထပ်မံ စစ်ဆေးမေးမြန်းမှုများ (Re-Check) ပြုလုပ်ခြင်း။

(၂) အပိုဒ်ခွဲ(ဂ)တွင် အစစ်ဆေးခံရသည့်ကုမ္ပဏီအား အသေးစိတ်စစ်ဆေးရန် နိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် တောင်းယူစစ်ဆေးခြင်း၊ လိုင်စင်/ID လျှောက်ထားသည့် ဈေးနှုန်းအတိုင်း အမှန်ငွေလွှဲထားခြင်း ရှိ/မရှိ စိစစ်နိုင်ရန် ငွေလွှဲစာတမ်း၊ ဘဏ်စာရင်းစာအုပ်တို့ကို စိစစ်ခြင်း၊ မှန်ကန်မှု မရှိကြောင်း စိစစ်တွေ့ရှိရပါက အရေးယူမှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်း။

(ဂ) ယင်းအမိန့်ကြော်ငြာစာ ၃၈/၂၀၁၇ ပါ လုပ်ထုံးလုပ်နည်း၏ အရေးယူဆောင်ရွက်မှုကဏ္ဍ၊ အပိုဒ် (၁၅) တွင် ဈေးနှုန်းမှန်ကန်ရေးစိစစ်မှုအဖွဲ့များမှ စိစစ်ပြီး မမှန်မကန်ဖော်ပြလျှောက်ထားမှုများကို ဖော်ထုတ်ရာတွင် ကုမ္ပဏီများအနေဖြင့် မမှန်မကန်ဖော်ပြလျှောက်ထားမှုများကို စိစစ်တွေ့ရှိရပါက လိမ်လည်တင်ပြခြင်းအတွက် ရာဇသတ်ကြီး ပုဒ်မ ၄၆၃၊ ပုဒ်မ ၄၆၄၊ ပုဒ်မ ၄၆၈ တို့ဖြင့် အရေးယူခြင်း သို့မဟုတ် ပို့ကုန်သွင်းကုန် ဥပဒေအရ အရေးယူခြင်း၊ အခွန်တိမ်းရှောင်မှုအတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူခြင်းပြုမည်ဖြစ်ပါသည်။

(ဃ) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၂(ခ) နှင့် ၂၇(က) တို့အရလည်း အောက်ပါအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) ပုဒ်မ ၂၂ (ခ) တွင် မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် မိမိ၏ရောင်းရငွေ၊ သို့မဟုတ် ဝန်ဆောင်မှုရငွေများနှင့် စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း၊ မမှန်မကန်သော၊ သို့မဟုတ် မမှန်မကန်ဟု မိမိသိရှိယုံကြည်သော စာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများကို တင်ပြကြောင်းတွေ့ရှိလျှင် ကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူအား သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးကိုဖြစ်စေ အပြစ်ပေးနိုင်သည်။

(၂) ပုဒ်မ၂၇(က)တွင် ကုန်စည်တစ်မျိုးမျိုးကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ဆောင်ရွက်ခြင်းအတွက် နိုင်ငံခြားငွေရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။

# တရားမဝင်သယ်ဆောင်လာသော တရုတ်နိုင်ငံမှထွက်ရှိသည့်ကြက်သွန်နီအိတ် ၂၄၀ ဖမ်းဆီးရမိ

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးစခန်းအနေဖြင့် တရားမဝင် ကုန်သွယ်မှုလျော့နည်းရေးနှင့် ကုန်သွယ်မှုပမာဏပြည့်မီရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၆ ရက်က ၀၄:၀၀ ချိန်ခန့်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင် ဦးစီးအဖွဲ့သည် သတင်းအရ တရားမဝင်ကုန်သွယ်မှုလျော့နည်းစေရန်အတွက် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဝန်းကျင်ရှိ ရှောင်ကွင်းလမ်းများအား လှည့်လည်ကြည့်ရှုဆောင်ရွက်နေစဉ် မူဆယ်မောင်းတံအနီး၌ ယာဉ်အမှတ် YGN (3C-2996) နံပါတ်တပ် Mitsubishi Canter FE63EEV ယာဉ်အမျိုးအစား ခဲရောင်ယာဉ်အားစစ်ဆေးရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပိတ်ပင်တားမြစ်ထားသောတရုတ်ကြက်သွန်နီ အိတ် ၂၄၀ အားတရားမဝင် တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ တားဆီးယာဉ်ပေါ်၌ တရုတ်နိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီအိတ် ၂၄၀ အား တင်ဆောင်ထားသည်ကို တွေ့ရှိရပြီး စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း၊ ပါရှိခြင်းမရှိသည့်အတွက် အဆိုပါယာဉ်အမှတ် YGN (3C-2996) နံပါတ်တပ် Mitsubishi Canter FE63EEV ယာဉ် အမျိုးအစားခဲရောင် ယာဉ်အားစစ်ဆေးရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပိတ်ပင် တားမြစ်ထားသော တရုတ်ကြက်သွန်နီ အိတ် ၂၄၀ အား တရားမဝင် တင်ဆောင်ထားကြောင်း တွေ့ရှိရသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် OSS အကောက် ခွန်ဦးစီးဌာနမှ တစ်ဆင့် မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရပါသည်။

တစ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံထွက်ကြက်သွန်နီများကို ရှမ်းပြည်နယ်အတွင်းသို့ နည်းလမ်းမျိုးစုံဖြင့်တင်သွင်းဆောင်ရွက်နေကြသည့်အတွက် ဒေသအတွင်း ကြက်သွန်နီစိုက်တောင်သူများ နစ်နာမှုမရှိစေရန်နှင့် ဆုံးရှုံးမှုမရှိနိုင်စေရေး အတွက် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် ရှောင်တခင်စစ်ဆေးခြင်း၊ သတင်းအရ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုများ တားဆီးရေးအထူးအဖွဲ့ဖြင့်လည်း တားဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **အေးအေးဝင်း(နယ်ရုံး)**



# ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ITC ကတ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်နိုင်မှု အခြေအနေ

ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှု ဆောင်ရွက်နိုင်ရန်၊ တရားမဝင် ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိပြီး ကုန်သွယ်မှုပမာဏ တိုးမြင့်လာစေရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးတက်ရရှိရန်အတွက် ရည်ရွယ်၍ တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင် ITC ကတ်ကို ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၂၀၁၃ ခုနှစ် ဧပြီ ၂၂ ရက်မှစ၍ ကတ်များစတင်ထုတ်ပေးခဲ့ပါသည်။ ကန်ပိုက်တီကုန်သွယ်ရေးစခန်းအနေဖြင့် မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်အတွင်းရှိ ဒေသနေပြည်သူများအား တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင် Individual Trading Card (ITC) ကတ်ကို ခွင့်ပြုထုတ်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာ ၂၅ ရက်အထိ (ITC) ကတ်လာရောက် လျှောက်ထားသူ ၁၀ ဦးအား ကတ်အသစ် ၁၀ စောင် ထုတ်ပေးနိုင်ခဲ့ပြီး၊ ယခင်လျှောက်ထားပြီးသူများမှ (ITC) ကတ်သက်တမ်း တိုးခွင့်ပြု လျှောက်ထားမှုအနေဖြင့် သက်တမ်းတိုး ၁၅ စောင် ထုတ်ပေးနိုင်ခဲ့ပါသည်။ ကန် ပိုက်တီကုန်သွယ်ရေးစခန်း အနေဖြင့် (ITC) ကတ်ဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ ရာ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ပို့ကုန်ပိုင်းတွင် တန်ဖိုး ကျပ် ၂၆၁၀၃၀၀၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး ၄၂၃၀၆၈၄၉၁ ကျပ် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုး ၄၂၅၆၇၈၇၉၁ ကျပ် ဆောင်ရွက်နိုင်ခဲ့၍ ဒေသနေပြည်သူများအနေဖြင့် အရင်းအနှီး အနည်းငယ်ဖြင့် လွယ်ကူချောမွေ့စွာ ကုန်သွယ်မှုဆောင်ရွက်နိုင်နေပြီး ကုန်သွယ်မှုပမာဏလည်း အထိုက်အလျောက် တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

**စိုင်းလှိုင်သူ (ပျဉ်းမနား)**

# နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေသော တံတားကြီးများဥပဒေကြမ်း ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားသည်

**မောင်လွင်ပြင်**

'တံတားကြီးများ ဥပဒေကြမ်း' ပေါ်ထွက်လာပြီဖြစ်သည်။ ယင်းဥပဒေကြမ်းကို ဩဂုတ် ၂၁ ရက်ကပြုလုပ်ခဲ့သည့် အမျိုးသားလွှတ်တော် န၀မ အကြိမ်ပုံမှန်အစည်းအဝေးတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တင်သွင်းခဲ့သည်။ တံတားကြီးများ ဥပဒေကြမ်းရေးဆွဲရခြင်း ရည်ရွယ်ချက်သည် တံတားကြီးများ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီးများ ကြံ့ခိုင်မှု စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူပုဂ္ဂိုလ်၊ မော်တော်ယာဉ်နှင့် ရထား စသည်တို့ တံတားပေါ် အသုံးပြုခြင်းအပေါ် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ဖြစ်သည်ဟု ဖော်ပြထားသည်။

စက်တင်ဘာ ပထမပတ်အတွင်းကတော့ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဥပဒေကြမ်းတစ်ခုလုံးကို အပိုဒ်ချင်းစီ ဆွေးနွေးပြီး အတည်ပြုလိုက်ပြီ ဖြစ်သည်။ ယခု ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်သွင်းထားပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆောက်လုပ်သမျှ တံတားကြီးများနှင့် ပတ်သက်သည့် သီးသန့်ဥပဒေတစ်ရပ်မရှိသေးပါ။ ယခုတံတားကြီးများဥပဒေက ယင်းကွက်လပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်သည်။ တံတားကြီးများ တည်ဆောက်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့လူနေမှုဘဝ အဆင့်မြှင့်တင်ရေး စသည့် အမျိုးသားအကျိုးစီးပွား မျှော်ကိုးချက်ဖြင့် နိုင်ငံတော် အထူးစီမံကိန်းကြီးအဆင့်အနေဖြင့် တည်ဆောက်နေသည်ဆိုသော်လည်း တံတားကြီးများနှင့်ပတ်သက်သော ဥပဒေတစ်ရပ် မရှိခဲ့၍ တံတားတည်ဆောက်ရေးကို အကြောင်းပြုပြီး အဂတိလိုက်စားမှုများ ရှိခဲ့သည်။ အဂတိလိုက်စား၍ တည်ဆောက်ခဲ့သဖြင့်လည်း တံတားကြံ့ခိုင်မှု အားနည်းခြင်း၊ သက်ပြည့်အသုံးမပြုရခြင်း၊ သက်တမ်းပြည့် အသုံးမပြုရ၍ နိုင်ငံတော် ဘဏ္ဍာငွေ အကျိုးရှိရှိ အသုံးမပြုနိုင်ခြင်း စသည့်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ပြင် သက်တမ်းပြည့် အသုံးမပြုရသဖြင့် ဒေသဖွံ့ဖြိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု ချောမွေ့လုံခြုံရေးကိုလည်း ဘေးထွက်ဆိုးကျိုး ထိခိုက်ပျက်ပြားစေရပြန်သည်။ ပြည်သူလူထုအတွက်လည်း အသက်အန္တရာယ်ခြိမ်းခြောက်ခံရသည့်သဖွယ် ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် တံတားကြီးများဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန်စီစဉ်ခြင်းဖြစ်သည်။ ယင်းဥပဒေသည် ပြည်သူ့အတွက် တိုက်ရိုက်အကျိုးရှိစေမည့် ပြည်သူ့သက်တော်စောင့်ဥပဒေဟုလည်းမြင်သည်။

တံတားကြီးများ ဥပဒေကြမ်းတွင် ပါဝင်သော မှတ်သားဖွယ် အချက်အချို့ကို ကောက်နုတ်တင်ပြပါမည်။ ဥပဒေကြမ်း၏ အခန်း (၇) တားမြစ်ချက်များ အခန်းပုဒ်မ ၁၀ တွင် တံတားကြီးများ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း စသည့် လုပ်ငန်းဆောင်ရွက်နေသော တံတားကြီးများပေါ်တွင် မည်သည့်မော်တော်ယာဉ် စက်ယန္တရား၊ ရထား သို့မဟုတ် အနှေးယာဉ်မျှ ခွင့်ပြုချက်မရှိဘဲ ရပ်နားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း မပြုရ။ ပုဒ်မ ၁၁ (က) တံတားကြီး အင်္ဂါရပ်ကို ရည်ရွယ်ချက်ဖြင့် တမင်ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ပေါ့လျော့မှုကြောင့် ပျက်စီးစေခြင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲမှုကို ထိခိုက်စေမည့် အပြုအမူများ ပြုလုပ်ခြင်း။ ပုဒ်မ ၁၁ (ခ) သဘာဝဘေးအန္တရာယ်နှင့် လူပုဂ္ဂိုလ်တို့၏ ဖျက်ဆီးမှုများမှအပဖြစ်သည့် တံတားကြီး၏ အရည်အသွေး၊ စံချိန်စံညွှန်း လျော့နည်း၍ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အရည်အသွေး စစ်ဆေးရာတွင် သိလျက်နှင့် တမင်ထိမ်ချန် ဆောင်ရွက်ခြင်းများမပြုလုပ်ရဟု ပြဋ္ဌာန်းထားသည်။

ထို့ပြင် ဥပဒေကြမ်း၏ ပြစ်မှုနှင့် ပြစ်ဒဏ်အခန်းသည်လည်း စိတ်ဝင်စားစရာ ကောင်းသည်။ ပြည်သူအများလည်း သိထားသင့်သည်။ ပြစ်မှုပြစ်ဒဏ် အခန်းပုဒ်မ ၁၄ (က)တွင် ရေးဆွဲပြဋ္ဌာန်းထားသည်မှာ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) (ခ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်နှင့်အထက် ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၏ နှစ်ဆကို ပေးလျော်စေရမည်ဟုဆိုသည်။ ထို့ပြင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) (ဃ) (ဇ) (ဈ) (ဋ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ၃ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် တံတားကြီးဆိုင်ရာ ပျက်စီးဆုံးရှုံးမှု၏တန်ဖိုး နှစ်ဆကို ပေးလျော်ရမည်ဟု ရေးဆွဲထားသည်ကို တွေ့ရသည်။ ဥပဒေကြမ်း၏ အခန်း (၃) ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့် အခန်းတွင်လည်း ယခုလို ရေးဆွဲထားပါသေးသည်။ တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တံတားကြီး ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ တည်ဆောက်ပြီး တံတားများပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများနှင့် အထူးစီမံကိန်းများ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်တွင် မြောင်းမြကြိုးတံတား ပြတ်ကျခဲ့သည်။ ယင်းကြိုးတံတား ပြတ်ကျပြီးနောက် ပြည်တွင်းပြည်ပ ပညာရှင် တံတားအင်ဂျင်နီယာများအဖွဲ့သည် မြန်မာပြည်ရှိ ကြိုးတံတား ၂၉ စင်းကို အလျင်အမြန် စစ်ဆေးခဲ့သည်။ ယင်းသို့စစ်ဆေးသောအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်းတည်ရှိသည့် ကြိုးတံတား ခြောက်စင်း ကြံ့ခိုင်မှု အားနည်းနေသည်ကို တွေ့ရှိခဲ့ရသည်။ ယင်းကြိုးတံတားများမှာ- ပုသိမ်ကြိုးတံတား၊ ပမ္မဝတီ (မြင်းကဆိပ်)ကြိုးတံတား၊ ရွှေလောင်းကြိုးတံတား၊ ဝါးခယ်မကြိုးတံတား၊ ကျွန်းကုန်းကြိုးတံတား၊ လပွတ္တာ (ပင်လယ်လေး)ကြိုးတံတားတို့ ဖြစ်သည်။ ယင်းကြိုးတံတား ခြောက်စင်းသည် အခြေအနေ ဆိုးရွားသည့်အဆင့် ဖြစ်နေသည်ဟုလည်း စစ်ဆေးရေးအဖွဲ့ဖြစ်သည့် တံတားအထူးအဖွဲ့နှင့် ဂျပန်ပညာရှင်များက ပြောကြားသည်။ ထို့ကြောင့် ယင်းကြိုးတံတား ခြောက်စင်းအား သတ်မှတ်ထားသည့် ခွင့်ပြုတန်ချိန်မှ တန်ချိန်လျှော့ချရန်လည်း လိုအပ်ကြောင်း အကြံပြုပြောကြားသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေအနေ ယိုယွင်းနေသော ကြိုးတံတားသုံးစင်း စစ်ဆေးတွေ့ရှိထားသည်။ ရွှေလောင်း၊ ဝါးခယ်မနှင့် ကျွန်းကုန်းကြိုးတံတားတို့ဖြစ်သည်။ ရွှေလောင်းကြိုးတံတားသည် ကြံ့ခိုင်မှု နောက်ဆုံးအဆင့်ဖြစ်သည်။ အဆင့် (၅) သို့ ရောက်နေသည်။ ဝါးခယ်မနှင့် ကျွန်းကုန်းကြိုးတံတားတို့မှာ ကြံ့ခိုင်မှု အဆင့် (၄)တွင် ရှိသည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြံ့ခိုင်မှုအားနည်းလာသော ကြိုးတံတားခြောက်စင်းအား ခွင့်ပြုတန်ချိန်များ လျှော့ချထားလိုက်ပြီ ဖြစ်သည်။ ၂၀၀၂ ခုနှစ် မတ် ၂၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယာဉ်နှင့်ကုန် ၃၆ တန် ခွင့်ပြုထားသော ရွှေလောင်းကြိုးတံတားကို ယခု မေ ၂၂ ရက်က စတင်ပြီး ၁၀ တန်သာ ခွင့်ပြုတော့သည်။ ဝါးခယ်မကြိုးတံတားကိုလည်း ယာဉ်နှင့် ကုန် ၁၄ တန်သို့ လျှော့ချလိုက်သည်။ ကျွန်းကုန်းကြိုးတံတားကိုလည်း ယာဉ်နှင့်ကုန် ၁၃ တန်သာ ခွင့်ပြုတော့သည်။ စစ်ဆေးတွေ့ရှိချက်များအရ ရွှေလောင်းကြိုးတံတား အခြေအနေက တံတားသံပေါင်ဆွဲကြိုးလေးချောင်းအထိ ပြတ်တောက်နေသည်။ ကျွန်းကုန်းကြိုးတံတားကတော့ တံတားသံပေါင်အခင်းများ နိမ့်ကျနေသည်။ ယာဉ်များ ဖြတ်သွားလျှင် တံတားလှုပ်ရမ်းနေသည်။

ကြံ့ခိုင်မှု အားနည်းနေသော ကျန်တံတားသုံးစင်း တန်ချိန် လျှော့ချမှု အခြေအနေကတော့ လပွတ္တာ (ပင်လယ်လေး)ကြိုးတံတား မူလခွင့်ပြုတန်ချိန် ၂၀ မှ ၁၄ တန်သို့၊ ပမ္မဝတီ (မြင်းကဆိပ်) ကြိုးတံတား မူလခွင့်ပြုတန်ချိန် ၂၀ မှ ၁၆ တန်သို့၊ ပုသိမ်ကြိုးတံတား မူလခွင့်ပြုတန်ချိန် ၃၆ တန်မှ တန် ၂၀ သို့ အသီးသီး လျှော့ချသတ်မှတ်ခဲ့သည်။ ယင်းသည် ပြည်သူလူထု၏ အသက်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။ ထို့ပြင် ဒေသလမ်းပန်းဆက်သွယ်ရေး လုံခြုံရေးအတွက်ကိုလည်း ကြိုတင်ထိန်းသိမ်းကာကွယ်ခြင်း ဖြစ်သည်။ ယင်းကြံ့ခိုင်ရေး အားနည်းလာနေသော ကြိုးတံတားများကို ပြုပြင်၍ရသဖြင့် ပြုပြင်ရေး၊ ပြင်ဆင်ထိန်းသိမ်း၍ရသဖြင့် ပြင်ဆင်ထိန်းသိမ်းရေးများကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေပြီ ဖြစ်သည်။ ယင်းသို့ တံတားများ ကြံ့ခိုင်ရေး အားနည်းလာရခြင်းကြောင့်လည်း တံတားကြီးများ ဥပဒေကို အမြန်ပြဋ္ဌာန်းနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက အားချင်းစီစဉ်ဆောင်ရွက်ရခြင်း ဖြစ်မည်ဟု ယူဆသည်။ တံတားကြီးများဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ပြီဆိုလျှင်တော့ အရည်အသွေးပြည့်ဝသော နိုင်ငံတော် အကျိုးပြု တံတားကြီးများ ပေါ်ပေါက်လာပေတော့မည်ဖြစ်သည်။ ထို့ပြင် လက်ရှိတံတားကြီးများကိုလည်း ဥပဒေနှင့်အညီ ထိန်းသိမ်း ကာကွယ်စောင့်ရှောက် အဆင့်မြှင့်တင်နိုင်ပါတော့မည်ဟု ယုံကြည်မိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**(စာရေးသူ၏အာဘော်သာဖြစ်သည်)**

**Commerce ကာတွန်း**



## တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ စက်တင်ဘာ တတိယပတ်အတွင်း အမေရိကန် ဒေါ်လာ ၅ ဒသမ ၃၉၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၅၅၄၃ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်း အလိုက်တင်ပို့မှုမှာ မူဆယ်မှတန်ချိန် ၂၃၃၂၀၊ လွယ်ဂျယ်မှ ၁၅၆၇ တန်ခွဲ၊ ချင်းရွှေဟော်မှ ၂၅၆ တန်ကျော်နဲ့ ကန်ပိုက်တီမှတန် ၄၀၀ ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က အဆိုပါစခန်း များမှ ပြောင်းဖူးစေ့ ၁၂၃၈၂ တန်ကျော် သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၁၃၁၆၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၃၂၅၈၄ ကျပ်ရှိရာမှ စက်တင်ဘာတတိယပတ်မှာ ၃၄၁၈၀၁ ကျပ်သို့ ဈေးထပ်မံမြင့် တက်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကား ၉၉၂ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၅၁၁ စီးပိုမိုခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၅၅ သန်း၊ ထွက်ရှိမှုမှာ ၃ ဒသမ ၂၇ သန်း၊ ပြည်ပတင်ပို့မှု ၁ ဒသမ ၆၇ သန်းရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် ပြောင်းကို ဧပြီနဲ့မေတွင် မြေပြုပြင်ပြီး မေဒုတိယပတ်မှ ဇူလိုင်ဒုတိယပတ်အတွင်း စိုက်ပျိုးကြကြောင်း သိရပါတယ်။ **မော်မော်အောင်**

# အညာဒေသ၌ပျားရည် ဈေးကောင်း၍ပျားရှာသူများ တွက်ခြေကိုက်နေ

ကျောက်ပန်းတောင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင် ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် ပျားရည် ဈေးကောင်း၍ ပျားရှာသူများတွက်ခြေ ကိုက်နေကြောင်းသိရသည်။



"မိုးပါးသွားပြီမို့ ပျားရှာသူများ လုပ်ငန်းစတင်ကြပြီ။ လက်ရှိပျားရည် ဈေးကွက်ကလည်း ပြည်တွင်းတိုင်းရင်း ဆေးလုပ်ငန်းက ပွဲစားတွေကဝယ်ပါ တယ်။ ပြီးခဲ့တဲ့ဩဂုတ်လမှာတော့ ပျား ရည်တစ်ပိဿာကို ကျပ် ၄၀၀၀ ကနေ ယခု ကျပ် ၆၀၀၀ ပေးဝယ်တယ်။ပြီး တော့ပြည်ပပို့တယ်လို့လည်း ပြောတယ်။ ပျားရည်ဈေးကွက်မှာ မွေးမြူရေး ပျားရည်နဲ့ သဘာဝပျားရည်ဆိုတာရှိတယ်" ဟု ပျားရည်ရောင်းဝယ်သူတစ်ဦးက ပြောသည်။

အညာဒေသ၌ဒေသခံများသည် မိုးနှောင်းကာလ တော်သလင်းလက နေစတင်၍ တပေါင်းလအထိ သီးနှံစိုက် ခင်းများတွင်လည်းကောင်း၊ ဆီးခြံများ တွင်လည်းကောင်း ပျားကို အဓိကရှာ ဖွေကြကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်တွင် ပျားရှာ သူ လူ ၅၀ လောက်ရှိကြောင်း တစ်နေ့ ကျပ် ၁၀၀၀၀ ခန့်ရရှိပြီး ဝင်ငွေကောင်း နေကာ အလုပ်အကိုင်ရနေကြောင်း ၎င်းက ပြောသည်။

အဆိုပါဒေသထွက်ပျားရည်ကို ပြည်တွင်းတိုင်းရင်းဆေးဝါးလုပ်ငန်း နှင့်မုန့်လုပ်ငန်းများ၊ ယိုစုံလုပ်ငန်းက ဝယ်ယူကြောင်းစုံစမ်းသိရှိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

# ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ပေါ်ရှိ ကုန်မျိုးစုံဆိုင်များအား ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရန် ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေး

ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် စက်တင် ဘာ ၂၅ ရက်က ခရိုင်အငြင်းပွားမှုဖြေ ရှင်းရေးအဖွဲ့ဝင်များ၊ ယင်းမာပင်မြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာ၊ မီးသတ်တပ်ဖွဲ့တို့နှင့် ပူးပေါင်းပြီး ယင်းမာပင်မြို့ပေါ်ရှိ ကုန်မျိုးစုံဆိုင်ငါးဆိုင်အား စားသုံးသူ များ ဘေးကင်း လုံခြုံစိတ်ချရမှုရှိစေရန် နှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရန် အတွက် ဈေးကွက်စောင့်ကြည့် ကွင်း ဆင်းစစ်ဆေးရာ ဆိုင်ရှင်များမှလည်း လုပ်ငန်းဆောင်ရွက်မှုများအား နားလည် ၍ စိတ်ဝင်စားမှုရှိခြင်း၊ ဆိုင်တွင် ကျန် ရှိ/တွေ့ရှိသော FDAအစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြော်ငြာထား



သော ကုန်ပစ္စည်းများ၊ သက်တမ်းလွန် ပစ္စည်းများအား အပ်နှံခြင်း၊ သိမ်းဆည်း ခြင်းများကို ဆောင်ရွက်လျက် ရှေ့ဆက် လက်ပြီး ရောင်းချခြင်း မပြုရန်နှင့် စားသောက်ထုတ်ကုန်ရောင်းချသူများ အသင်း ဖွဲ့စည်းရာတွင်လည်း ပူးပေါင်း ပါဝင်ကူညီ ဆောင်ရွက်ရန်ပြောကြား ခဲ့ပြီး ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ခိုင်မို့မို့(မြင်းမူ)**

# ပြည်တွင်းစားသုံးမှု ပိုလျှံဖို့ ဂျုံစိုက်ပျိုးမှု တိုးချဲ့စို့

ဥရောပနိုင်ငံများ၏ အဓိကအစားအစာမှာ ဂျုံဖြစ်ပြီး၊ အာရှနိုင်ငံများ၏ အဓိကအစားအစာမှာ ဆန်၊ စပါးဖြစ်ပြီး ဂျုံကို ဖြည့်စွက်အစားအစာအဖြစ် စားသုံးကြပါသည်။ ကမ္ဘာ့ လူဦးရေ၏ သုံးပုံတစ်ပုံမှာ ဂျုံကိုစားသုံး ကြပါသည်။ ဂျုံသီးနှံ ကို ဘီစကစ်၊ အသားပေါင်းအမျိုးမျိုး၊ မြန်မာ့ရိုးရာ အစားအစာ အဖြစ် ဂျုံစေ့ကို ထန်းလျက်နှင့်ကျို၍ ဂျုံယိုအဖြစ်စားသုံးခြင်း၊ ဘေးထွက်ပစ္စည်းများဖြစ်သည့် ဂျုံဖွဲ့အား နွားစာ၊ မြင်းစာ၊ ဝက်စာ များအဖြစ် အသုံးပြုကြပါသည်။

အခွံမချွတ်ထားသည့် ဂျုံနှင့်ပြုလုပ်သော ပေါင်မုန့်၊ ခေါက်ဆွဲ စသည့် စားသောက်ကုန်များတွင် ဗီတာမင် E၊ B1၊ B2၊ B3၊ ဖောလစ်အက်စစ်၊ ကယ်လ်စီယမ်၊ ဖော့စ်ပရပ်စ်၊ ဇင့်၊ သံဓာတ်နှင့် အမျှင်ဓာတ်များ ပါဝင်၍ ဆီချိုရောဂါဖြစ်နိုင် ခြေကို လျော့ကျစေနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဂျုံသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည် နယ်တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိပါသည်။ မြန်မာနိုင်ငံ တွင် စိုက်ပျိုးသည့် ဂျုံသီးနှံအမျိုး အစားများမှာ မုံရွာ ဂျုံဖြူ၊ ဇလုပ်ဂျုံဖြူ၊ V-1287 မျိုးတို့ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဂျုံစိုက်ဧက ၁၆၃၃၅၅၊ အထွက်နှုန်း ၂၁ ဒသမ ၄၈ တင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဂျုံစိုက်ဧက ၁၁၉၂၇၁၊ အထွက်နှုန်း ၂၁ ဒသမ ၄၄ တင်းဖြစ်ပြီး၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဂျုံစိုက် ပျိုးရန် လျာထားဧက ၁၂၀၀၀၀ ဧက ဖြစ်ပါသည်။ စစ်ကိုင်း တိုင်းဒေသကြီးအတွင်း ဂျုံကြိတ်ခွဲစက် ၅၄ စက်၊ ဂျုံခေါက်ဆွဲ စက် ၄၀ စက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံတစ်တင်းပေါက် ဈေးနှုန်း အနိမ့်၊ အမြင့်ဈေးများမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဂျုံဖြူသန့် ကျပ် ၁၇၀၀၀ မှ ကျပ် ၂၀၅၀၀၊ ဂျုံအထွက်တိုးကျပ် ၁၄၀၀၀ မှ ကျပ် ၁၉၅၀၀ ဈေးပေါက် သဖြင့် တောင်သူအကျိုးအမြတ်မှာ တစ်ဧကလျှင် ကျပ် တစ် သိန်း ငါးသောင်းခန့်ရရှိပါသည်။ နှစ်စဉ် စစ်ကိုင်းတိုင်းအတွင်း ဂျုံတန်ချိန် ၁ ဒသမ ၅ သိန်းမှ ၂ သိန်းကြား လိုအပ်၍ တောင်သူ များအနေဖြင့် စီးပွားရေးတွက်ခြေကိုက်သော ဂျုံကို ပိုမိုစိုက် ပျိုးသင့်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**သန်းသန်းတင် (မုံရွာ)**

# ရန်ကုန်ကားဈေးကွက်အမြင့်ဈေးဖြင့် အေးနေ

ရန်ကုန်မြို့ကားဈေးကွက်၏ စက်တင်ဘာလ၏နောက်ဆုံးရက်သတ္တပတ် အခြေအနေမှာ အရောင်းအဝယ်များအခြေအနေ အရပ်ရပ်ကြောင့် ဈေးကွက်အေး သွားပြီး အသုံးပြုပြီး ကားအနိမ့်များနှင့် စီအန်ဂျီသုံး အငှားယာဉ် အနည်းငယ်သာ အရောင်းအဝယ်အနည်းငယ်ရှိကြောင်း သိရသည်။

လတ်တလောဈေးကွက်ထဲတွင် စက်သုံးဆီဈေးတက် ခြင်း၊ နယ်ဝယ်လက်များ မဆင်းခြင်းစသည့် အကြောင်းအချက်အမျိုးမျိုးဖြင့် ဈေးကွက်အေးနေပြီး စလစ်ဈေး လည်း အမြင့်ဖြင့် တန့်နေကာမိုးရာသီအလယ် ရေကြီးရေလျှံဖြစ်ကတည်းက နယ်ဝယ်လက်များပါးခဲ့ရာမှ ပြီးခဲ့သည့်ဩဂုတ်လလယ်ခန့်တွင် ပြန်လည်ဝင်ရောက် လာပြီး ဈေးကွက်တွင် ကားလေးများ ပြန်လည်လှုပ်ခတ်လာမှုရှိသော်လည်း စက်တင် ဘာလပိုင်းတွင် စက်သုံးဆီဈေးမြင့်တက်လာမှုနှင့်သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်စစ်ဆေးမှုတိကျစွာ ဆောင်ရွက်လာခြင်းကြောင့် ကားလောက၊ ကားဈေးကွက်ထဲတွင် သက်ရောက်မှုရှိလာကြောင်း၊ ယခု ကာလတွင် ယာဉ်စစ်လုပ်ငန်းများမှာလည်း သုံးပတ်တစ်လခန့်ကြာမြင့်သဖြင့် ယခင်ကဲ့သို့ ချက် ချင်းဝယ်ယူရန်ခက်ခဲလာသဖြင့် ဈေးကွက်အေးစက်လာရခြင်း အကြောင်းတစ်ချက် ဖြစ်ကြောင်း၊ ယခင်လိုယုံကြည်မှုဖြင့်လုပ်ရန် ခက်ခဲလာကြောင်း လှိုင်မြို့နယ် ယာဉ် ရောင်းဝယ်ရေးစခန်းမှ ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ယာဉ်အရောင်းအဝယ် အေးစက်သထက်အေးစက်နေသော်လည်း ဈေးကွက် ထဲတွင် ကြိုက်ရောင်းကြိုက်ဝယ်ကားလေးများဖြစ်သည့် ဟွန်ဒါဖစ်၊ ဘယ်လ်တာ၊ ဒီမီယို၊ ပါဆို စသည့် သိန်း ၁၅၀ နှင့် ၂၀၀ ကြားကားလေးများ (အက္ခရာနိမ့်ကားလေး များ) အရောင်းအဝယ်ရှိနေပြီး လတ်တလော စက်သုံးဆီဈေးနှုန်း ကြီးမြင့်နေမှုကြောင့် စီအန်ဂျီသုံး တက္ကစီ အငှားယာဉ်ကားလေးများ သိန်း ၁၅၀ နှင့် ၂၀၀ ကြားဈေး တန်း မြင့် အရောင်းအဝယ်ဖြစ်ကြကြောင်း ဝါရင့်ယာဉ်အကျိုးဆောင်များက ပြောသည်။

**SN**

# လူငယ်နှင့်လက်တစ်ကမ်းမှအန္တရာယ်များ ပြည်သူ့စကားဝိုင်းကျင်းပ

အစိုးရနှင့် ပြည်သူကြား နီးကပ် စွာ ဆွေးနွေးတိုင်ပင်ပြီး ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများကို ပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ လူထု၏ စဉ်းစား တွေးခေါ်နိုင်မှုမြင့်မားလာပြီး အဖွဲ့ အစည်းအတွင်း ပါဝင်ဆွေးနွေးတတ် သော အလေ့အကျင့်ကောင်းများရရှိ စေရန်ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသ ကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမတွင် ပြည်သူ့လွှတ်တော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာ ၊ မြို့နယ် ကျန်းမာရေး၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်နှင့် လက်တစ်ကမ်းမှ အန္တရာယ်များ ခေါင်း စဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင် ဘာ ၂၂ရက်တွင်ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါစကားဝိုင်းတွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ပြုံးက လူငယ်များ အနီးအနား လက်တစ်ကမ်းတွင်ရှိသော အန္တရာယ် များအကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးက မူးယစ်ဆေးဝါးများ အန္တရာယ်အကြောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကျော် ကျော်လင်းက မူးယစ်ဆေးဝါးနှင့် စပ် ဆေးများ၏ အန္တရာယ်ကြီးမားပုံအကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ် တာဝန်ခံ ဦးကြည်နိုင်ဦးက အရောင်လှလှ ဆိုးဆေးများနှင့် အဆိပ်ဖြစ်သော စား သောက်ကုန်အန္တရာယ်များ အကြောင်း၊ မြို့နယ် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ဝေညိုက သက်ငယ်မုဒိမ်းမှုများ အကြောင်း ဆွေးနွေးခဲ့ပြီး၊ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၏ မေးမြန်းချက်များ ကို ဖြေကြားခဲ့ကြောင်း သိရပါတယ်။

၎င်းအခမ်းအနားသို့ ဌာနဆိုင် ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ စုစုပေါင်း ၉၇၀ ကျော် တက်ရောက်ခဲ့ ကြောင်း သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (GK3) | ယာယီ | ၂၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ပရီမီယို (၂၀၁၁) | M | ၄၀၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | အာလ်ဖတ် (၂၀၀၃) | H | ၃၆၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | နီဆန်းအေဒီဗင် (၂၀၁၁) | ယာယီ | ၂၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဗဇ် (၂၀၁၁) | ယာယီ | ၁၉၀ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါဖစ် (၂၀၀၉) | L | ၁၇၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ကလူဂျာ (၂၀၀၄) | K | ၃၇၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဘယ်လ်တာ | ယာယီ | ၂၃၀ သိန်း | |
| ၉။ | အပ်ကား(နှစ် ၂၀) | | ၁၂၅ သိန်း | ကားကောင်း |

# ကချင်ပြည်နယ် စီးပွားရေးတိုးတက်လာစေရန် ဒေသထွက်ကုန် အရောင်းစင်တာဖွင့်လှစ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ သခင်နက်ဖေလမ်း၊ အောင်နန်းရိပ်သာရပ်ကွက်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန သိုလှောင်ရုံတွင် ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း KSCCI မှ ကချင်ပြည်နယ်ဒေသထွက်ကုန် အရောင်းစင်တာဖွင့်ပွဲကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ ကချင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ကချင်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပါသည်။

အခမ်းအနားဖွင့်ပွဲ ကချင်ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဆောင်ရွက်ခဲ့ပြီး၊ ကချင်ပြည်နယ်ဒေသ ထွက်ကုန်အရောင်းစင်တာ ဖွင့်လိုက်ခြင်းအားဖြင့် ဒေသခံပြည်သူများ စီးပွားရေးအခွင့်အလမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အသေးစား၊ အလတ်စား SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလိုက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ဒေသထွက်ကုန်အရောင်းစင်တာ ဖွင့်လှစ်တဲ့နေရာမှာ နေရာဒေသနှင့် ဈေးကွက် အခြေအနေပေါ် မူတည်ပြီး ရွေးချယ်ရသည့်အပြင် ဒေသထွက်ကုန်များကို ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည် များ လာရောက်ကြည့်ရှုသည့်အခါ အဆင်ပြေသွားလာနိုင်သည့်နေရာဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ ဒေသထွက်ကုန်များကို တစ်စုတစ်စည်းတည်းပြသရောင်းချရာတွင်လည်း အချက်အချာကျသောနေရာဖြစ်ရန် လိုအပ်ပါကြောင်း၊ အချိန်ကာလတိုအတွင်း စီးပွားဖြစ်နိုင်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် စီးပွားရေးဇုန်နှင့် ကန်ပိုက်တီနယ်စပ်ဂိတ်ကို ပြည်ပြည်ဆိုင်ရာ ဝင်ပေါက်/ထွက်ပေါက်ဂိတ်အဖြစ် မကြာမီတိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ကချင်ပြည်နယ်သူ/ပြည်နယ်သား စီးပွားရေးလုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်ကြောင်း၊ KSCCI မှ ခရီးသွား အခြေပြုနေရာ ဖြစ်ပေါ်လာရေး ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်သွယ်စီးပွားပညာ ဖြန့်ဝေပေးရေး၊ အိုင်တီနည်းပညာနှင့် အပြည်ပြည်ဆိုင်ရာ ဘာသာစကား လေ့ကျင့်ပေးရေး စသည့် ကုန်သွယ်စီးပွားပညာပေးရေး စင်တာ ဖွင့်လှစ်ပြီး လုပ်ငန်းရှင်များအား စီးပွားရေးအမြင်များ ပညာပေးမည့်အစီအစဉ်ကို ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကြိုဆိုပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဆက်လက်၍ UMFCCI အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးမှ ပြောကြားရာတွင် ကချင်ပြည်နယ် ဒေသထွက်ကုန် အရောင်းစင်တာဖွင့်လှစ်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်သည့် အရောင်းစင်တာတစ်ခုဖြစ်သည့်အတွက်များစွာ ဂုဏ်ယူဝမ်းသာမိပါကြောင်း၊ ဒေသထွက် အစားအစာများ၊ အိုင်တီနည်းပညာများနှင့် အပြည်ပြည်ဆိုင်ရာ ဘာသာစကား လေ့ကျင့်ပေးရေး လုပ်ငန်းစဉ်များ၊ စီးပွားရေးဆိုင်ရာ ပညာပေးသင်တန်းများ၊ စီးပွားရေးဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စီးပွားရေးနှီးနှောဖလှယ်ပွဲများကို တစ်နေရာတည်းတွင် စုစည်းပြီး ဆောင်ရွက်ပေးနိုင်မည့် စင်တာကြီး စီစဉ်သွားမည်ကိုသိရ၍ ဝမ်းမြောက်မိပါကြောင်း၊ ခရီးသွားဧည့်သည်များ လာရောက်ပါက တစ်နေရာတည်းတွင်ဒေသထွက်လက်ဆောင်ပစ္စည်းများ၊ ဒေသထွက်အစားအစာများ၊ ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူ ခရီးသွားများကို စိတ်ချမ်းသာမှုပေးနိုင်မည့်အပြင် ဒေသတွင်း စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်ရရှိမှုကို ဆောင်ရွက်ပေးနိုင်မည့်နေရာတစ်နေရာဖြစ်သည့်အတွက် UMFCCI ၏ကိုယ်စား၊ KSCCI ၏ကိုယ်စား ဂုဏ်ယူမိပါကြောင်း ပြောကြားသွားပါသည်။

အခမ်းအနားကို ကချင်ပြည်နယ် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးဝရန်းခေါင်ဖုန်၊ တရားသူကြီးချုပ် ဦးတူးဂျာ၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးနှင့် KSCCI ဥက္ကဋ္ဌ ဦးပေါ်ဦးတို့မှ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ကချင်ပြည်နယ် ဒေသထွက်ကုန်အရောင်းစင်တာ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပါသည်။

**မျိုးပပ (ကချင်)**

# မြန်မာ-ဗြိတိန်ကုန်သွယ်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး



မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဗြိတိန်ကုန်သည်ကြီးများအသင်းချုပ်တို့ပူးပေါင်း၍ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်က ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ဗြိတိန်ကုန်သည်ကြီးများ အသင်းအမှုဆောင် Mr.Dougls Barnesu က သွင်းကုန်ပို့ကုန် လုပ်ငန်းများနှင့် ဓာတုကင်းလွတ် စားသောက်ကုန်များ၊ ရေထွက်ပစ္စည်းများ တင်ပို့ရေး၊ ဗြိတိန်ကုန်သည်ကြီးများအသင်း၏ ဆောင်ရွက်ချက်များအား ရှင်းလင်း တင်ပြသည်။ ထို့နောက် ဗြိတိန်ကုန်သည်ကြီးများ အသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ စီးပွားရေး လုပ်ငန်းရှင်များသည် စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေး၊ ပညာရေး၊ ဆောက်လုပ်ရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကသာခရိုင် စားသောက်ကုန်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်း

ကုန်စည် ဝန်ဆောင်မှုများ ဈေးကွက်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ခရိုင်စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများအသင်းကို စက်တင်ဘာ ၂၄ ရက်က ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူးရုံးခန်း၌ ဖွဲ့စည်းခဲ့သည်။

အဆိုပါအသင်းဖွဲ့စည်းခြင်း အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲမှု ကော်မတီ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စည်ပင် ဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်အတွင်းမြို့နယ်များရှိ စားသောက်ကုန် ထုတ်လုပ်သူ လုပ်ငန်းရှင်များ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အသင်းဖွဲ့စည်းရာတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်အုန်းမှ အသင်း၏ စည်းကမ်းချက်များ၊ စားသောက်ကုန်ထုတ်လုပ်ရာတွင် ပါဝင်ရမည့်အချက်များအား အသေးစိတ်ရှင်းပြခြင်း၊ အသင်းတည်တံ့ခိုင်မြဲရန်အတွက် နာယက(၃)ဦး၊ အလုပ် အမှုဆောင်(၁၃)ဦးနှင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒု-ခရိုင် ဦးစီးမှူး ဦးကျော်စိန်ဌေးမှ အသင်း ဖွဲ့စည်းရာတွင် ဆောင်ရွက်ရမည့် အချက်အလက်များ အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်း၊ နာယက ရွေးချယ် တင်မြှောက်ခြင်း၊ အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်ခဲ့ပြီး စားသောက်ကုန် ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းကို အောင်မြင်စွာ ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၁-၁၀-၂၀၁၈ မှ ၇-၁၀-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ထင်ပေါ်ကျော်စောမှုအောင်မြင်မှုများရရှိနေမည့်ကာလဖြစ်သည်။ စီးပွားရေးတွင် သတ္တုပစ္စည်းများနှင့်ပတ်သက်သောလုပ်ငန်း၊ ဓာတုဗေဒလုပ် ငန်းများကောင်းကျိုးပေးပါလိမ့်မည်။ ပညာရေးကောင်းနေပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အပူကြောင့်ဖြစ်သောဝေဒနာ၊ နမိုးနီးယားဖြစ်တတ်သောကြောင့် ကျန်းမာရေးဂရုစိုက်သင့်ပါသည်။ **ယတြာ။ ။ငရုတ်သီး၊ ငရုတ်ကောင်းစားခြင်းရှောင်ပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ပျော်ရွှင်မှုများရရှိနေတတ်သည်။ အဓိကစီးပွားရေးလုပ်ငန်းများမှာ ရေထွက်ပစ္စည်း၊ စားသောက်ကုန်လုပ်ငန်းများတွင်ကျယ်မှုရှိလိမ့်မည်။ ၎င်းတို့ထံမှ ငွေကြေးအလုံးအရင်းဝင်တတ်ပါသည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုအားကောင်းနေမည်။ အချစ်ရေးတွင်စိတ်ကစားနေတတ်ပြီး အိမ်ထောင်ရေးသာယာပျော်ရွှင်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ဆီး၊ ကျောက်ကပ်နှင့်ပတ်သက်သောဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။သောက်ရေသန့်လှူပါ။**




**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းများဖြစ်မြောက်မှုအားကောင်းနေတတ်ပါသည်။ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းအတိုက်အခံရှိသော်လည်း အကြီးအကဲများ၏ကူညီမစမှုကြောင့် အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ အကျိုးဆောင်လုပ်ငန်းပိုမိုကောင်းမည်။ ဉာဏ်ရည်ထက်မြက်၍ပညာရေးကောင်းမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေး အရိုးအဆစ်ကိုက်သော ဝေဒနာခံစားနေရတတ်သည်။ **ယတြာ။ ။ နှင်းဆီပန်းဘုရားလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ပညာနှင့်လုပ်သောကိုယ်ပိုင်လုပ်ငန်းကောင်းမည်။ အထူးသဖြင့် စာရင်းအင်းပညာနှင့်ပတ်သက်ပြီး လုပ်ငန်းတွင်းစိတ်ရော ကိုယ်ပါပင်ပန်းမှုများနေရတတ်ပါသည်။ လက်အောက်ငယ်သားများနှင့်ပတ်သက်၍ စိတ်ဖိစီးမှုများနေမည်။ ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းမကျမှုများကြောင့် သာယာမှုနည်းနေမည်။ ကျန်းမာရေးအနေဖြင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ **ယတြာ။ ။ဘုရားရောင်တော်ဖွင့်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေး၊ လူမှုရေးများအဆင်ပြေနေမည်။ မြေတွင်းထွက်ရတနာပစ္စည်းများနှင့်ပတ်သက်ပြီး စီးပွားရေးဆက်သွယ်လုပ်ကိုင်ပါက အောင်မြင်မှုများရရှိပြီး ဝင်ငွေအားကောင်းပါလိမ့်မည်။ ဉာဏ်ရည်ပြည့်ဖြိုးမှုကြောင့် ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ကူးယဉ်နေတတ်သည်။ ကျန်းမာရေးတွင် ရေဓာတ်ချို့တဲ့ခြင်း၊ အဆီများခြင်း ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။မိမိမွေးနံဂြိုလ်တိုင်တွင် ယပ်လှူပါ။**



**သောကြာသားသမီးများအတွက်** လှုပ်လှုပ်ရှားရှားသွားသွားလာလာလုပ်ငန်းများအကျိုးပေးနေတတ်ပါသည်။ နိုင်ငံရပ်ခြားခရီးသွားပို့ဆောင်ရေးလုပ်ငန်းပိုမိုအကျိုးပေးအားကောင်းလိမ့်မည်။ အထူးသဖြင့် ဆက်သွယ်ရေးနှင့်သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများမှ ဝင်ငွေအားကောင်းလိမ့်မည်။ ဖြတ်ထိုးဉာဏ်အား ကောင်းနေမည်။ အချစ်ရေးတွင် ပျော်ရွှင်မှုများရှိနေမည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း ဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ ဂေါတမမြတ်စွာဘုရားကိုရည်စူး၍ သစ်သီးဆွမ်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ကားပြုပြင်ခြင်း၊ စက်ပိုင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအကျိုးပေးအားကောင်းနေတတ်ပါသည်။ လုပ်ငန်းများမှ စီးပွားဖြစ်ထွန်းလိမ့်မည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အကြော၊ လေ၊ သွေးတို့နှင့်ပတ်သက်သောရောဂါဖြစ်တတ်ပါသည်။ အနေအစားသတိရှိသင့်သောကာလဖြစ်သည်။ **ယတြာ။ ။ ဘုရားစာအုပ်လှူပါ။**

## ရေကြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲနှင့် ဈေးကွက်ကွင်းဆင်းလေ့လာ

ရေကြည်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှမြို့နယ်တာဝန်ခံ ဦးအေးသိမ်းနှင့် ဝန်ထမ်းများသည် ရေကြည်မြို့နယ် အ. မ. က(ရှမ်းတန်း) ကျေးရွာရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၂၁၇ ဦးအား စက်တင်ဘာ ၁၀ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ရာ ကျောင်းနေအရွယ်မှစ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများ ရွေးချယ်စားသောက်နိုင်ရန် သို့မှသာ အနာဂတ်တွင် ကျန်းမာသန်စွမ်းသောဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း၊ သက်တမ်းလွန်မုန့်များ၊ တားမြစ်ဆိုးဆေးပါ အစားအစာများ ရှောင်ကြဉ်စားသောက်ရန်၊ စားသုံးသူများ၏ အခွင့်အရေးများ၊ စားသုံးသူ အသိပညာ ဗဟုသုတများကို ဟောပြော၍ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော မုန့်များအား ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သောမုန့်များ ရောင်းချရန်၊ ခွင့်မပြုသောမုန့်များ၊ ရက်လွန်အစားအစာများ ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးခဲ့ပါသည်။

စက်တင်ဘာ ၁၃ ရက်တွင် ရေကြည်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပါဝင်၍ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ မြို့နယ်အတွင်းရှိအလှကုန် ရောင်းချလျက်ရှိသော ဆိုင်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော အလှကုန်ပစ္စည်းများရောင်းချမှု မရှိစေရန် ရှောင်တခင် ကွင်းဆင်း လေ့လာစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး၊ အေးသိမ်း (ပုသိမ်)**

## လမ်းများပေါ် အကြောင်းမဲ့အချိန်ကြာမြင့်စွာ ရပ်ထားသည့် တွဲကားများ Wheel Lock ခတ်ဆွဲ ယာဉ်ဆွဲယူဒဏ်တပ်အရေးယူ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် အကြောင်းမဲ့အချိန်ကြာမြင့်စွာ ရပ်တန့်ထားသော တွဲကားများကို သော့ခတ်ဆွဲယူဖယ်ရှားအရေးယူ ခြင်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့ရာ စည်းကမ်းမဲ့တွဲကား ၄၈ စီး အရေးယူခဲ့ကြောင်း သိရသည်။ မြို့တော်စည်ပင်အခွန်ဌာနမှ ကြီးကြပ်လျက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များ၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် လမ်းများပေါ်တွင် အချိန်ကြာမြင့်စွာ ရပ်ထားသည့် တွဲကားများ နောက်တွဲယာဉ်များအား လမ်းများ ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး ရှင်းလင်းဖယ်ရှားခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာမှအပ ယာဉ်များ အကြောင်းမဲ့ အချိန်ကြာမြင့်စွာ ရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ယာဉ်ပြုပြင်ခြင်း၊ ယာဉ်ထားရှိခြင်းတို့ကြောင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ ဖြစ်ပေါ်စေသည့်အတွက် စီမံချက်ဖြင့် အရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာခဲ့သည်။ လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ယာဉ်ကိုဆွဲယူဖယ်ရှားကာ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ ဒဏ်တပ်အရေးယူပြီး ယာဉ်ဆွဲယူရွှေ့ပြောင်းစရိတ်ငွေကျပ်တစ်သိန်း ပေးဆောင်ရမည်ဖြစ်ပြီး ၂၄ နာရီအတွင်း လာရောက်ယူဆောင် ခြင်းမရှိပါက ရက်လွန်ဒဏ်ကြေးတစ်ရက် ကျပ်တစ်သောင်း ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ **မောင်ပြည်သူ**



## ကျိုင်းတုံတွင် FDA တားမြစ်တရုတ်အစပ်ချောင်းနှင့် သက်တမ်းလွန်မုန့်များ သိမ်းဆည်းရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အမှတ်(၁)ရပ်ကွက်ရှိ စတိုးဆိုင်များနဲ့ ကုန်စုံဆိုင်များကို စက်တင်ဘာ ၂၀ ရက်က ကျိုင်းတုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးသန်းစိုး၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ FDAကျိုင်းတုံခရိုင်ဦးစီးမှူး ဒေါက်တာတေဇာဝင်းနှင့်ဝန်ထမ်းများ၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ် တိ/မွေးကုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ စတိုးဆိုင်/ကုန်စုံဆိုင် ၁၁ ဆိုင်အား ဝင်ရောက်စစ်ဆေးခဲ့ရာ FDAမှ တားမြစ်ထားသော တရုတ်နိုင်ငံထုတ် အစပ်ချောင်းများ၊ ပြည်တွင်းပြည်ပထုတ် သက်တမ်းလွန်မုန့်မျိုးစုံ၊ ထောက်ခံချက်မရှိတရုတ်နိုင်ငံထုတ်စားသောက်ကုန်များ ထောက်ခံချက်မရှိ ဟင်းချိုမှုန့်များ၊ ထောက်ခံချက်မရှိ ဒေသထုတ်မုန့်များ စုစုပေါင်းတန်ဖိုး ကျပ် ၈၁၅၁၅၀ ခန့်အား စတိုးဆိုင်/ကုန်စုံဆိုင် ၁၀ ဆိုင်မှတွေ့ရှိ၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၉-(င)နှင့်(စ)အရ သိမ်းဆည်းခဲ့ပြီး အများပြည်သူ၏ရှေ့မှောက်တွင် ဖျက်ဆီးခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။ **ရန်နောင်(ကျိုင်းတုံ)**

## ပဲခူးတိုင်းဒေသကြီး(အရှေ့) ကောက်စောစပါးများစတင်ထွက်ပေါ်

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၈-၂၀၁၉ ခုနှစ်၊ မိုးစပါး ၂၆၁၁၃၄၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုစက်တင်ဘာလ တတိယပတ်တွင် ပဲခူးတိုင်းဒေသကြီး (အရှေ့) ရှိကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့တွင် မနောသုခ၊ ထိုင်းရက် ၉၀ ကောက်စော စပါးများ ဧကအနည်းငယ် ရိတ်သိမ်းနေပြီး အစိုဓာတ် (၂၈ ရာခိုင်နှုန်း/ ၃၀ ရာခိုင် နှုန်း) ရှိ၍ စပါးဈေးနှုန်းမှာ ၄၆ ပေါင်တစ်တင်းလျှင် ကွင်းဈေးနှုန်းကျပ် ၅၁၀၀၀၀ နှင့် စက်အရောက်ဈေးနှုန်းမှာ ကျပ် ၅၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ အဆိုပါ ကောက်စောစပါးများကို အခြောက်ခံ၍ကြိတ်ခွဲလျက်ရှိတဲ့ ဆန်စက်များမှာဆန် ၁၀၈ ပေါင် တစ်အိတ်ကိုကျပ် ၂၄၀၀၀ ဈေးနှုန်းဖြင့် ရန်ကုန် ဈေးကွက်မှ ဝယ်ယူလျက်ရှိတယ်လို့ စပါးကုန်သည်များထံမှ လေ့လာသိရှိရပါတယ်။ **ဝါဝါလွင်(ပဲခူး)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များ တင်သွင်း ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ရုံးခန်းတွင် စက်တင်ဘာ ၂၆ ရက် နေ့လယ်(၁)နာရီခွဲ အချိန်တွင် ပြည်ပမှ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များ တင်သွင်း၊ ဖြန့်ဖြူး၊ သိုလှောင်၊ ရောင်းချလျက်ရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာ ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးညွန့်လွင်၊ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ကြီးဦးစိုင်းလုံကျော်တို့မှ တက်ရောက် အမှာစကားပြောကြားခဲ့ပါတယ်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးစိုးညွန့်လွင် က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ စက်မှုနည်းပညာမှာ အင်မတန် နောက်ကျနေပြီဖြစ်သဖြင့် စိုက်ပျိုးရေးကိုသာ အခြေခံ၍ ကုန်ထုန်လုပ်မှုစွမ်းအား မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့တိုင်းပြည်သည်မည်သည့် သီးနှံမျိုးကိုမဆို စိုက်ပျိုးနိုင်သည့် တိုင်းပြည်ဖြစ်သဖြင့် စပါးတစ်မျိုးထဲကိုသာ မစိုက်ပျိုးဘဲ အမယ်မျိုးစုံကို စိုက်ပျိုးကြရမည်ဖြစ် ပါကြောင်း၊ စိုက်ပျိုးရေးသုံး ဆေးဝါးများ ရောင်းချလျက်ရှိသော ကုမ္ပဏီများ အနေဖြင့်လည်း မျိုးစေ့မှန်၊ အရည်အသွေး မှန်ကန်သော ပစ္စည်းများကိုသာ ဥပဒေနှင့်အညီ ဈေးကွက်အတွင်း မှန်မှန်ကန်ကန် ဖြန့်ဖြူး ရောင်းချရမည်ဖြစ်ကြောင်း၊ တောင်သူများ၏ စီးပွားရေးအခြေအနေများ ကောင်းမှသာ မိမိတို့ရဲ့ ပွဲရုံများ၊ ကုမ္ပဏီများလည်း အလုပ်ဖြစ်မည် ကို သိထားသင့်ပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များနှင့် အရောင်းကိုယ်စားလှယ်များက ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များကို တရားဝင်သတ်မှတ်ချက်များနှင့်အညီ မှန်မှန်ကန်ကန် ရောင်းချစေလိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း တရားဝင် သတ်မှတ်ချက်များနှင့် အညီမဟုတ်သော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များကို တွေ့ရှိပါက လက်လီလက်ကား၊ အရောင်းကိုယ်စားလှယ်ဆိုင်ခွဲများနှင့် ကုမ္ပဏီများအထိပါ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ သက်ဆိုင်ရာဌာနများ၏ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအားလုံးကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားရာ ရှမ်းပြည်နယ်မှ တောင်သူလယ်သမားများ၏ အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးအတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနေသော အရောင်းဆိုင်များစစ်ဆေးမှုကို အောင်ပန်း၊ ဟဲဟိုး၊ နောင်တရား၊ ဟိုပုံးမြို့များမှာ ၂၀၁၈ ခုနှစ်၊ ဇွန်လအတွင်းက စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်အညီ ရောင်းချမှုမရှိတာကို တွေ့ရှိရပါကြောင်း၊ ဒေသတွင်းရောင်းချလျက်ရှိသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း (၂)ကြိမ်တိုင်အောင် ဆွေးနွေးဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ် အစည်းအဝေးများမှာလည်း ဆွေးနွေးဆုံးဖြတ်ချက်များ ချမှတ်ခဲ့ရာ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များကို မြို့နယ်အလိုက် ကွင်းဆင်းစစ်ဆေးမှုများ လုပ်ဆောင်ရန်နှင့် တည်ဆဲဥပဒေလမ်းညွှန်ချက်များအတိုင်း စိစစ်ကြပ်ဆောင်ရွက်ရေး၊ ကုန်စည်များအပေါ် အညွှန်းစာသားများကို မြန်မာဘာသာနဲ့ ဖော်ပြသွားနိုင်ရေးဆိုပြီး သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားတဲ့ ဥပဒေများနှင့်အညီ တင်သွင်းပြီး၊ ကုမ္ပဏီများမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှုများလည်း ရှိရမည် ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်က ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ဈေးကွက်မှာ ဖြန့်ဖြူးရောင်းချဖို့ခွင့်ပြုခဲ့တဲ့ ပိုးသတ်ဆေး (၄၁)မျိုးကလည်း လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ကို ဘေးအန္တရာယ် မြင့်မားစေနိုင်ပြီး အဆိပ်အတောက် ပြင်းထန်သောကြောင့် သုံးစွဲရန်တားမြစ်ထားတဲ့ ပိုးသတ်ဆေးများ အဖြစ် သတ်မှတ်ကြေညာပြီးဖြစ်တဲ့ အတွက် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုကော်မတီမှ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်းကိုလည်း တက်ရောက်လာကြတဲ့လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ သိစေလိုပါကြောင်း၊ ယခုလို ဆောင်ရွက်ရခြင်းမှာ တောင်သူများနဲ့ ကုမ္ပဏီလုပ်ငန်းရှင်များ၏ အကျိုးစီးပွားအတွက်သာ ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးသုံးကုန်စည်များရဲ့ သတင်းအချက်အလက်တွေကို စိုက်ပျိုးသူများက ဂဃနဏ သိရှိလာပါက စံချိန်စံညွှန်းမီသော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်လာနိုင်မှာဖြစ်ပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်မှာဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အကျိုးစီးပွားများကို မြှင့်တင်ကာကွယ်ပေးနိုင်ဖို့ စိုက်ပျိုးရေးသုံးဆေးဝါးများ ရောင်းချသော ကုမ္ပဏီများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါကြောင်း၊ ဥပဒေနှင့်အညီရောင်းချမှုမရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်က ပြည်ပမှ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနေသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များအား ဈေးကွက်အတွင်း စစ်ဆေးတွေ့ရှိချက်များကို တင်ပြခဲ့ရာ ရောင်းချခွင့်လိုင်စင်မရှိဘဲမျိုး၊ မြေသြဇာ၊ ပိုးသတ်ဆေးများ ရောင်းချနေသည်ကိုတွေ့ရှိရပါကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တင်သွင်းခွင့်လိုင်စင်၊ မှတ်ပုံတင်များ မပါရှိသော မျိုး၊ မြေသြဇာ၊ ပိုးသတ်ဆေးများ ရောင်းချနေသည်ကို တွေ့ရှိရပါကြောင်း၊ တင်သွင်းခွင့်၊ ထုတ်လုပ်ခွင့် မှတ်ပုံတင်၊ ထုတ်လုပ်ရက်စွဲများကို မူရင်းတံဆိပ်စာသားများမပါရှိဘဲ လိုအပ်တဲ့ အချိန်မှသာ စက္ကူကပ် တံဆိပ်ရိုက်ရောင်းချနေသည်ကို တွေ့ရှိရပါကြောင်း၊ အချို့ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာများ၏ ဗူးခွံများအပေါ်တွင် ဖော်ပြထားသော Lot. No များ၊ အမှတ်စဉ်များနှင့် ကုန်ပစ္စည်းအပေါ်ရှိ ဖော်ပြထားသော Lot. No များ၊ အမှတ်စဉ်များ ကွဲလွဲနေသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ Exp Date များအပေါ်တွင် နောက်ထက် Exp Date အသစ်များ အထပ်ထပ်ပြုပြင်၍ ရောင်းချနေပါကြောင်း၊ ကုန်စည်၏ မူလအရည်အသွေး ရာခိုင်နှုန်းများအပေါ်တွင် အခြားရာခိုင်နှုန်းများကို စက္ကူကပ်ရောင်းချနေသည်ကို တွေ့ရှိရပါကြောင်း၊ ကန့်သတ်ချက်များ၊ သတ်မှတ်ချက်များ၊ သတိပေး အညွှန်းစာသားများကိုလည်း မြန်မာစာသားဖြင့် ဖော်ပြထားခြင်းမရှိသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုလည်း တွေ့ရှိရပါကြောင်း၊ မြန်မာစာသားဖြင့် ရေးသားထားသော်လည်း ကုမ္ပဏီ အမှတ်တံဆိပ်တစ်ခုသာ ဖြစ်ပါကြောင်း စစ်ဆေးတွေ့ရှိချက်များကို ပြည်ပမှတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနေသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့ ကုမ္ပဏီလုပ်ငန်းရှင်များ ရှေ့မှောက်တွင် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါတယ်။

၎င်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်စည်ပင်သာယာရေး ဦးစီးဌာန၊ ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများ အသင်းဥက္ကဋ္ဌ၊ တောင်သူကိုယ်စားလှယ်များ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနေသည့်ကုမ္ပဏီများဖြစ်သော မြင်းကျား၊ Farm Link၊ Arista၊ မြန်မာ့သြဘာ၊ ရွှေခြသေ့၊ Big-M၊ ဝိစာရ၊ ထက်သီဟနိုင် စသော ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက အသီးသီး ဆွေးနွေးခဲ့ကြပြီး ရှမ်းပြည်နယ်အတွင်း ဥပဒေနှင့်အညီ မဟုတ်သော မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့များ တင်သွင်း ဖြန့်ဖြူးရောင်းချနေသူများကို နိုဝင်ဘာ ၁ ရက်မှစတင်ပြီး ထိရောက်ပြင်းထန်စွာ အရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေ(၃) နာရီခွဲအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိပါတယ်။

**လွင်ကိုအောင်(တောင်ကြီး)**

## တရုတ်နိုင်ငံသို့ ပဲရဆေးကုန်ကြမ်းများတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာ တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၇ သန်းတန်ဖိုးရှိပဲရဆေး ကုန်ကြမ်းအမယ် ၁၆ မျိုးကို တန်ချိန်အားဖြင့် ၇၆၈ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၈၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၁၉ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပဲရဆေးအမယ် များမှာ ကွမ်းသီး၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ ဆီးခဲ့ခြမ်း၊ မာလာဥ၊ မာလာဥခေါင်း၊ ရွှေးရွက်၊ နနွင်းတက်၊ မိကျောင်းကွမ်းဖတ်စေ့၊ သီဟိုဠ်စေ့၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ ဖန်ခါးသီးခြောက်နဲ့ ချဉ်ပေါင်ဖာလာတို့ဖြစ်ပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်းတန်ဖိုးရှိ တောချင်း ၁၃ တန်၊ ပီလောပီနံဥခြောက် ၃၃ တန်ခွဲ၊ မျှစ်ခြောက် ၁၄၆ တန်နဲ့မာလာဥခေါင်းတစ်တန်ကိုတရုတ်နိုင်ငံသို့တင်ပို့ခဲ့တာ တွေ့ရပါတယ်။

အဆိုပါ သီတင်းပတ်အတွင်း မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်းတန်ဖိုးရှိ တောင်လုံးကျော်နှစ်တန်နီးပါးကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။ **မော်မော်အောင်**

## နယ်စပ်နဲ့ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၃ သန်းတန်ဖိုးရှိ ရော်ဘာ ၁၅၀၅ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ တင်ပို့သောရော်ဘာအမျိုးအစားများမှာ RSS - 3 အမျိုးအစား ၁၁၂၉ တန်ကျော်၊ RSS - 5 အမျိုးအစား ၁၇၆ တန်နဲ့ MSR-20 အမျိုးအစား တန်ချိန် ၂၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၀၅ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာ တင်ပို့မှုမရှိခဲ့ပါဘူး။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ ကျပ် ၁၇ ဒသမ ၉၆၈ သိန်းဖြစ်ကြောင်းနဲ့ ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၄၈၄၅၂ ကျပ်ဈေးတက်ကြောင်း မူဆယ်မှ သိရပါတယ်။

စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၅ သန်းဖိုးနဲ့ တန်ချိန် ၅၅၀ ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၉၈ တန်၊ ကိုရီးယားနိုင်ငံသို့ TSR - 20 အမျိုးအစား ၈၈ တန်ကျော်၊ မလေးရှားနိုင်ငံသို့ RSS - 3 အမျိုးအစား ၆၁ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၁၀၁ တန်၊ တရုတ်နိုင်ငံသို့ MSR-10 အမျိုးအစား ၂၀၂ တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၅၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး အတက်အကျအနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း အတက်အကျသိပ်မရှိဘဲ ယခင်တစ်ပတ် ဈေးအတိုင်းမပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

Vol: 18, No.39 Monday October 1 2018

# ကမ္ဘာ့ရွှေဈေးကွက်သို့ ထိုးဖောက်ရန်အတွက် One Stop Service Center ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်

ကမ္ဘာ့ ရွှေဈေးကွက်အတွင်းသို့ မြန်မာ့ရွှေ ထိုးဖောက်နိုင်ရန်အတွက် One Stop Service Center ကို ရန်ကုန်မြို့ရှိ Myanmar Culture Valley တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ One Stop Service Center ဖွင့်လှစ်ရခြင်းမှာ ပြည်တွင်း ထွက်ရွှေ၊ ရွှေနှင့် ပြုလုပ်ထားသောလက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းဆိုင်ရာများကိုတစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"One Stop Service Center ကို ဖွင့်တာက တင်းကျပ်ဖို့၊ ကြိုးနီစနစ်လိုမျိုး ယန္တရားလုပ်ဖို့မဟုတ်ဘဲ ချက်ချင်းဝန်ဆောင်မှုပေးနိုင်စေဖို့ ရည်ရွယ်လုပ်တာပါ။ ဒီနေရာကနေ လွယ်လွယ်ကူကူ ရောင်းဝယ်နိုင်မယ့် အခြေအနေဖြစ်လာရင် နိုင်ငံတော်အတွက်လည်း အကျိုးရှိလာမှာပါ"ဟု ဖွင့်ပွဲသို့ တက်ရောက် ဖွင့်လှစ်ပေးသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အဆိုပါစင်တာကို အကောက်ခွန်ဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဌာန၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနှင့် ဆက်စပ်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တင်ပို့၊ တင်သွင်းသူများအား ဝန်ဆောင်မှုကောင်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

One Stop Service Center ကို စက်တင်ဘာလ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး စင်တာ၏ လုပ်ငန်းဆောင်ရွက်ပေးမှုများကို အောက်တိုဘာလတွင် စတင်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ စင်တာမှတစ်ဆင့် ပြည်ပသို့ ရွှေတင်ပို့မည့် သူများအနေဖြင့် အမြတ်ခွန် နှစ်ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သလို စာရွက်စာတမ်းများကိုလည်း တစ်နေရာတည်းတွင် အပြီးသတ်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**




# Suzuki နှင့် ရောဝတီဘဏ်ပူးပေါင်း၍ ၇ နှစ်အရစ်ကျ မော်တော်ကားရောင်းချမှု အစီအစဉ်စတင်

ဆူဇူကီး(မြန်မာ)မော်တာကုမ္ပဏီ လီမိတက်နှင့် ရောဝတီဘဏ်တို့ပူးပေါင်းကာ ၇ နှစ်အရစ်ကျမော်တော်ကား ရောင်းချမှုအစီအစဉ် (AYA Super Suzuki Finance)ကို စက်တင်ဘာ ၂၅ ရက်မှစတင်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"AYA Super Suzuki Finance အစီအစဉ်သည် ဆူဇူကီး၏ အရည်အသွေးမြင့်မော်တော်ကားများဖြစ်ကြသော Suzuki Ciaz နှင့် ဘက်စုံသုံး ၇ ယောက် စီးခုံသုံးတန်းပါ Suzuki ERTIGA တို့ကို လွယ်ကူအဆင်ပြေစွာဝယ်ယူနိုင်မည်ဖြစ်ပြီး မော်တော်ကားတန်ဖိုး၏ ၂၅ရာ ခိုင်နှုန်းလက်ငင်းပေးချေမှုအတွက် အရစ်ကျပေးချေမှုကာလ အများဆုံး ၇နှစ် အထိပေးထားသလို ဖြည့်စွက်မှုအနေဖြင့် ကနဦးလက်ငင်းငွေပေးချေမှု ၂၀ရာခိုင်နှုန်းဖြင့် အရစ်ကျပေးချေမှု ကာလ ၅ နှစ်မှစတင်ကာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

"Suzuki နှင့် ပူးပေါင်းဆောင်ရွက်တဲ့ အခုအရောင်းမြှင့်တင်ရေးအစီအစဉ်ကတော့ ကျွန်တော်တို့ ပုံမှန်ဆောင်ရွက်ပေးနေကျ ၅ နှစ်အရစ်ကျစနစ်ကို ထပ်မံပြီး ၇ နှစ်အထိ အရစ်ကျပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်က သုံးစွဲသူများအတွက် Suzuki ကားအသစ်များကို ဝယ်ယူရာမှာ ပိုမိုလွယ်ကူသက်သာစွာ ပိုင်ဆိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ရောဝတီဘဏ်၏ Managing Director ဦးမြင့်ဇော်က ပြောသည်။

ယခုအစီအစဉ်မှတစ်ဆင့် မော်တော် ကားဝယ်ယူသူများအနေဖြင့် အခြားဝန်ဆောင်ခနှင့် အရောင်းကော်မရှင်အခကြေးငွေများပေးဆောင်ရန် မလိုအပ်ကြောင်း သိရသည်။

"ရောဝတီဘဏ်နဲ့အတူ ပူးပေါင်း မိတ်ဆက်တဲ့ဒီအစီအစဉ်ကနေ ဆူဇူကီးကားဝယ်ယူမယ့် ဖောက်သည်တွေကို ယုံကြည်စိတ်ချခြင်းနဲ့ အဆင်ပြေချောမွေ့တဲ့ အရစ်ကျပေးချေမှုစနစ်ကိုခံစားစေခြင်း အားဖြင့်ဝယ်ယူမယ့် ပြည်သူတွေအတွက် အဆင်ပြေဆုံးဈေးနှုန်းနဲ့ လွယ်ကူသက်သာတဲ့ ငွေပေးချေမှုစနစ်တွေကိုလည်း စီစဉ်ပေးထားပါတယ်"ဟု ဆူဇူကီး(မြန်မာ) မော်တာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ Mr.Asano ကပြောသည်။

လက်ရှိအချိန်တွင် ဆူဇူကီးသည် ပြည်တွင်းဈေးကွက်အတွင်း အရောင်းပြခန်း ၃၇ ခုကိုဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ **သန်းထိုက်အောင်**

# BRAND'S ၏ BRAND'S Brain Study Camp V စာသင်ပွဲတွင် တက်ရောက်လိုသူများ စာရင်းစတင် ပေးသွင်းနိုင်

ငါးကြိမ်မြောက်ကျင်းပမည့် Brand's Brain Study Camp V စာသင်ပွဲတွင် တက်ရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲကျင်းပရခြင်းမှာ ပြည်တွင်းရှိ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားများ စာမေးပွဲအတွက် အဆင်သင့်ဖြစ်စေရန် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ လူမှုဘဝတိုးတက်ရေးမှာ ပညာရေးက အဓိကကျတယ်ဆိုတာကို အလေးထားမိသလို အတူပါဝင်ခွင့်ရတာကိုလည်း ဝမ်းသာမိပါတယ်။ စာသင်ပွဲကြီးမှာ စေတနာထားကူညီပေးကြတဲ့ ဆရာ၊ ဆရာမကြီးများကိုလည်း ကျေးဇူးတင်ပါတယ်"ဟု Pahtama Group ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ကိုဖြိုးမင်းကျော်က ပြောသည်။

စာသင်ပွဲကြီးသို့ တက်ရောက်လိုသည့် ကျောင်းသားကျောင်းသူများအနေဖြင့် စက်တင်ဘာလ ၂၃ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး စာရင်းပေးသွင်းရမည့် လျှောက်လွှာများကိုလည်း ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းပေါင်း ၁၀၀ တွင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် City Mart, Market Place, Orange အစရှိသည့် ရှော့ပင်းစင်တာများရှိ အရောင်းကောင်တာများတွင်လည်း လျှောက်လွှာပုံစံ ရယူနိုင်ကြောင်း သိရသည်။

Brand's အနေဖြင့် ယခုကဲ့သို့ စာသင်ဝိုင်းကြီးကို နှစ်စဉ် ကျင်းပပေးနေသလို ယခုနှစ်တွင်လည်း သရုပ်ဆောင် မိုရီဆာကီဝင်းကို Brand Ambassador အသစ်အဖြစ် တရားဝင်ခန့်အပ်ခဲ့ကြောင်း သိရသည်။ **ချောစု**

# AMPA & POWER EXPO MYANMAR ပြပွဲကို လေးရက်ကြာ ပြုလုပ်

မြန်မာ့အပြည်ပြည်ဆိုင်ရာ ယာဉ်အပိုပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကားပိုင်းဆိုင်ရာပြပွဲနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာ အီလက်ထရောနစ်နည်းပညာနှင့်လျှပ်စစ်စွမ်းအင်ဆိုင်ရာပြပွဲ (AMPA & POWER EXPO MYANMAR 2018) ကို ရန်ကုန်မြို့၊ အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ စက်တင်ဘာ ၂၇ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါပြပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ Delegation of German Industry and Commerce in Myanmar (AHK) တို့၏ ထောက်ခံမှုဖြင့် Taipei World Trade Center (TWTC) နှင့် Yorkers Trade & Marketing Service Co.,Ltd တို့မှ စီစဉ်တင်ဆက်ပြသခြင်းဖြစ်ကြောင်း သိရသည်။

AMPA MYANMAR ပြပွဲတွင် မော်တော်ယာဉ်အစိတ်အပိုင်းနှင့် ကိရိယာများ၊ မော်တော်ယာဉ်ပိုင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းများ၊ အင်ဂျင်အစိတ်အပိုင်းများ၊ ဆီနှင့် ဂတ်စ်ဆိုင်ရာ ဆက်စပ်ထုတ်ကုန်များ၊ မော်တော်ယာဉ်ပြုပြင်ခြင်းနှင့် ရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ထုတ်ကုန်များ၊ မော်တော်ဆိုင်ကယ် အစိတ်အပိုင်းနှင့် ဆက်စပ်ကိရိယာများ စသည့် နောက်ဆုံးပေါ် ထုတ်ကုန်များကို ပြသခဲ့ပြီး POWER EXPO MYANMAR ပြပွဲတွင် နိုင်ငံတကာအဆင့်မီ လျှပ်စစ်စွမ်းအင်ဆိုင်ရာကိရိယာများ၊ လျှပ်စစ်ပစ္စည်းထုတ်ကုန်များ၊ စွမ်းအင် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများ၊ မော်တာနှင့် ပန့်ခ်များ၊ ဝိုင်ယာကြိုးနှင့် ကေဘယ်လ်ကြိုးများ၊ ပါဝါဂျင်နရေတာများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

"ဒီနေ့ပြသတဲ့ ကဏ္ဍကြီးနှစ်ခုမှာ စီးပွားရေးဆိုင်ရာ စွန့်ဦးတီထွင်သူတွေအတွက် အလွန်ကောင်းမွန်တဲ့ စိတ်ကူးအိုင်ဒီယာတွေကို ရှာဖွေတွေ့ရှိနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ သက်ဆိုင်ရာလုပ်ငန်းဆိုင်ရာ နယ်ပယ်တွေက ခေါင်းဆောင်တွေနဲ့ တစ်ဦးချင်းတွေ့ဆုံ ဆွေးနွေးနိုင်မယ့် ဆွေးနွေးပွဲတွေ၊ ညစာ စားပွဲတွေကိုလည်း စီစဉ်ပေးထားပါတယ်"ဟု TWTC ၏ Executive Director ဖြစ်သူ Mr. Thomas Huang က ပြောသည်။

**သန်းထိုက်အောင်**

# စင်ကာပူနိုင်ငံရှိ SIM Global Education နှင့် MSI Overseas Education တို့ပူးပေါင်း၍ ဆွေးနွေးပွဲနှင့် Workshop ကျင်းပ

စင်ကာပူနိုင်ငံရှိ SIM Global Education နှင့် MSI Overseas Education တို့ ပူးပေါင်း၍ ဆွေးနွေးပွဲနှင့် Workshop ကို ရန်ကုန်မြို့ရှိ Sule Shangrila Hotel တွင် ကျင်းပခဲ့သည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲနှင့် Workshop ကို မန္တလေးမြို့တွင် စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့ပြီး ရန်ကုန်မြို့တွင်မူ စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပညာရေးဆွေးနွေးပွဲတွင် အရစ်ကျစနစ်ဖြင့် ကျောင်းလခပေးချေနိုင်မည့်ပုံစံ၊ ၁၀၀ ရာခိုင်နှုန်း Bond Free ပညာသင်ဆုနှင့် လျှောက်ထားမှုပုံစံများအကြောင်းကို ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

"အဓိကကတော့ စာသင်ခန်းပြင်ပ လှုပ်ရှားမှုအနေနဲ့ လုပ်ဆောင်ပေးတာပါ။ စာသင်ခန်းပြင်ပအနေနဲ့ ဘာတွေ လုပ်ဆောင်မလဲ၊ ဘာတွေ လေ့လာရမလဲဆိုတာတွေ သိအောင်လို့လုပ်တာပါ။ ဘာသာရပ်နဲ့မဆိုင်ပေမယ့် ဘက်စုံသိ နားလည်စေဖို့ Soft Skill ပိုင်း နားလည်အောင် လုပ်ပေးတဲ့သဘောပါ။ ကျောင်းသူတွေအနေနဲ့ စင်ကာပူက ကျောင်းတွေမှာ ဘယ်လိုပညာတွေ သင်ကြားလို့ရမယ်ဆိုတာတွေကိုလည်း ပြောကြားပေးသွားမှာပါ။ ဖောင်ဒေးရှင်းကစပြီး ဘက်ချလာအထိ တက်လို့ရတာတွေရှိတယ်။ ပေးအပ်မယ့် ဘွဲ့တွေ၊ ဒီဂရီတွေကလည်း SIM နဲ့ ပါတနာ ဖြစ်တဲ့ ယူကေ၊ ယူအက်စ်၊ ဩစတြေးလျ တက္ကသိုလ်တွေကပေးမယ့် ဘွဲ့၊ ဒီဂရီတွေကို ရရှိမှာပါ"ဟု SIM Global Education မှ Regional Manager Mr.Edgar Tai က ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် SIM Global Education တွင် လေ့လာသင်ယူနိုင်သည့် ဘာသာရပ်များနှင့် အနာဂတ် အလုပ်အကိုင်များအကြောင်းကို ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

# ထိုင်းနိုင်ငံတွင် မိုးလေဝသသတိပေးချက် ထုတ်ပြန်

ထိုင်းကုမ္ပဏီများသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များနှင့် လိုက်လျောညီထွေရှိအောင် နေထိုင်ပြုပြင်ရာတွင် နှေးကွေးနေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဘွန်း စာချုပ်များထုတ်ဝေရန် စီစဉ်နေသော လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာ စိုက်ပျိုးရေး သမဝါယမဘဏ်၏ စီမံကိန်းများကို ထောက်ခံကြိုဆိုလျက်ရှိသည့် သုတေသီတို့က ပြောသည်။

ဘဏ်ချေးငွေကို ရယူသူတို့သည် သစ်ပင်စိုက်ပျိုးရေးခြံများကို ထူထောင်ရာတွင် အာမခံစာချုပ်များကိုအသုံးပြုသွားမည်ဖြစ်သည်

ထိုင်းနိုင်ငံအတွင်းရှိကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ၏ ရာသီဥတုပြုပြင်ပြောင်းလဲမှုအကြောင်း သိမြင်နားလည်မှုမှာ လွန်စွာနိမ့်ကျလျက်ရှိကြောင်း



ထိုင်းဖွံ့ဖြိုးရေးသုတေသနသိပ္ပံအဖွဲ့ဝင် နီပွန်ပိုအာပေါင်ဆာကွန်က စက်တင်ဘာ ၂၆ ရက်တွင် ပြောသည်။ ရေလွှမ်းမိုးမှု၊ ပူပြင်းခြောက်သွေ့မှုနှင့် အခြားသော သဘာဝဘေးအန္တရာယ်များကြောင့် မကြာမီနှစ်များအတွင်း ဖြစ်ပွားနေသည့်ကြားမှပင် ယခုကဲ့သို့ နိမ့်ကျနေခြင်းဖြစ်သည်။

"ထိုင်းနိုင်ငံမှာ ရေအကြီးအကျယ်လွှမ်းမှုကို ၂၀၁၁ ခုနှစ်က ကြုံတွေ့ခဲ့ရပြီး ရုတ်တရက်ရေကြီးတာတွေကတော့ နှစ်စဉ်ဖြစ်နေပါတယ်။ အလားတူ ပူပြင်းခြောက်သွေ့မှုတွေနဲ့လည်း ကြုံတွေ့နေရပါတယ်။ ဒါပေမဲ့သဘာဝဘေးအန္တရာယ်တွေလျော့ပါးရေးနဲ့ ရာသီဥတုပြောင်းလဲမှုနဲ့အညီ နေထိုင်တတ်ဖို့အတွက် နားလည်သဘောပေါက်မှုက နိမ့်ကျနေပါသေးတယ်"လို့ လိုက်လျောညီထွေနေထိုင်ရေး ဆိုင်ရာဘဏ္ဍာရေးအဖွဲ့ဝင် အစီအစဉ် (Adaptation Finance Fellowship Programme) အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားမှာ သူကပြောပါတယ်။

အစီအစဉ်အရ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများနှင့် အတတ်ပညာရှင်များအား ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သော သင်တန်းများကိုပေးသွားမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးမှုကြောင့် သဘာဝဘေးအန္တရာယ်များမှာ မကြာခဏ ဖြစ်ပွားလျက်ရှိပြီး သဘာဝ ဘေးအန္တရာယ်ကိုကာကွယ်နိုင်စွမ်းမရှိသော ဆင်းရဲသားများမှာ ပိုမိုအထိနာကြောင်း နီပွန်က ပြောသည်။ **စံမီအောင်**

# မိုးသည်းထန်မှုကြောင့် အိန္ဒိယနိုင်ငံ ဘင်ဂါလုရုတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်

ဘင်ဂါလုရုနှင့် ကာနာတာကာပြည်နယ်အတွင်းရှိ ပတ်ဝန်းကျင်ခရိုင်များတွင် မိုးများသည်းထန်စွာရွာသွန်းခဲ့သည်။ ထို့ကြောင့်နေရာဒေသအများအပြားတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း စက်တင်ဘာ ၂၇ ရက်တွင် အာဏာပိုင်တို့က ပြောသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဘင်ဂါလုရုတွင် မိုးရေချိန် ၆ ဒသမ ၆ စင်တီမီတာရရှိခဲ့ပြီး မြို့တွင်းရှိလမ်းသွယ် အများအပြားတွင်ပါ ရေလွှမ်းမိုးမှုများဖြစ်ပွားပြီးယာဉ်အသွားအလာများရပ်ဆိုင်းခဲ့ကြောင်း ကာနာတာကာပြည်နယ် သဘာဝဘေးအန္တရာယ် စောင့်ကြည့်ရေးဗဟိုဌာနက ပြောသည်။

စက်တင်ဘာ ၂၅ ရက်ညတွင် ရွာသွန်းသောမိုးကြောင့် မြို့တွင်းရှိလမ်းအများအပြားတွင်ရေလွှမ်းမိုးပြီး အချို့နေရာများတွင် ရေများနစ်ပေအထိရောက်ရှိကာ ယာဉ်ကြောကျပ်တည်းမှုအကြီးအကျယ်ဖြစ်ခဲ့သည်။ မြို့၏တောင်ပိုင်းဆင်ခြေဖုံးဒေသတွင် စက်တင်ဘာ ၂၃ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ အန္တရာယ်တစ်စုံတစ်ခုဖြစ်ပွားသည်နှင့် တုံ့ပြန်နိုင်ရေးအတွက် သတိပေးချက်ကို အမြင့်မားဆုံးထားရှိပေးရန် ပြည်နယ်ဝန်ကြီးချုပ် အိပ်ချ်ဒီကာကူးမာ ရာဆွာမိက အာဏာပိုင်တို့အား ညွှန်ကြားထားသည်။

လာမည့်နှစ်ရက်အတွင်း မိုးများပိုမိုပြင်းထန်ပြီး လေများပိုမိုလာနိုင်သည့်အတွက် မြေနိမ့်ပိုင်းတွင်နေထိုင်သူများသည် သတိနှင့်နေကြရန် လိုကြောင်း ဝန်ကြီးချုပ်ရုံးကပြောသည်။

မြို့ပြဆိုင်ရာအရာရှိများက အိမ်များအတွင်းမှ ရေများနှင့် မြောင်းများတွင် ပိတ်ဆို့နေသောရေများကိုရေစုပ်စက်များဖြင့်စုပ်ထုတ်ပေးလျက်ရှိသည်။

ပြည်နယ်တောင်ပိုင်းဒေသခရိုင်များဖြစ်သောမန်ဒရာ၊ ကိုဒါဂူ၊ တူမာကူရူနှင့် ရာမာနာဂါရာခရိုင်များနှင့် မြောက်ပိုင်းခရိုင်များဖြစ်သော ဝိဂျာယာပူရ၊ ရိုင်ချာ စသည့်ခရိုင်များတွင် မိုးများရွာသွန်းလျက်ရှိသည်။

**စံမီအောင်**

စာမျက်နှာ (၁၂) သီးနှံဇုန်များ ဖော်ဆောင်လုပ်ကိုင်ခြင်းမှသည် . . . . . . . . မှအဆက်

ရှင်းလင်းသောမူဝါဒ၊ ရေရှည်အလား အလာရှိသည့်သီးနှံ၊ သင့်လျော်သောဒေသ၊ လိုအပ်သောအခြေခံအဆောက်အဦ၊ သက်ဆိုင်သူများ၏ ပူးပေါင်းပါဝင်မှု စသည်တို့သည် စီမံကိန်းများအောင်မြင်မှုအတွက် အဓိကကျသော အချက်များပင် ဖြစ်ပေသည်။ ထို့ပြင် မမျှော်မှန်းနိုင်သော အကြောင်းအရာများကြောင့် ပြည်တွင်း၊ ပြည်ပ ဝယ်လိုအား တည်ငြိမ်မှု ပျက်ပြားခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်း ဈေးနှုန်းများထိုးကျခြင်း စသည်တို့ဖြစ်ပေါ်လာပါက ထိခိုက်နစ်နာမှုလျော့နည်းစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ကြိုတင်ပြင်ဆင်ထားကြရပေမည်။ ထိုသို့ သီးနှံဇုန်များ အကောင်အထည်ဖော်ပြီး သီးနှံအလိုက် သင့်လျော်သော စိုက်ပျိုးမြေများတွင် တစ်စုတစ်ဝေးတည်း ဆက်စပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ ဝင်ငွေတိုးတက်စေနိုင်ခြင်းမှသည် လယ်ယာထွက်ကုန်များ အရည်အသွေးပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်လာစေနိုင်မည်ဖြစ်ပါသည်။

**စိုက်ပျိုးရေးလုပ်ငန်းများအား စီးပွားဖြစ်အကျိုးရှိအောင်ဆောင်ရွက်ခြင်းမှ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့. . .**

ယခုအချိန်အခါတွင် စက်မှုကုန်ထုတ်လုပ်ခြင်းများအတွက် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် တစ်ပြိုင်နက်တည်း ခေတ်မီပြည်ပပို့ကုန်အဖြစ် လယ်ယာထွက်ကုန်များထုတ်လုပ်နိုင်ရေးအတွက် ဦးစားပေး စိုက်ပျိုးရေးအထူးဇုန်များ ဖော်ဆောင်ခြင်းကို ဆောင်ရွက်သင့်ပေသည်။ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် အခြား ပြည်တွင်း၊ ပြည်ပ ဈေးကွက်အလားအလာရှိသော သီးနှံများကို အကြီးစားစီးပွားရေးအဖြစ် စိုက်ပျိုး ထုတ်လုပ်ရမည်ဖြစ်ပြီး ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းကာ ရေရှည်တွင် ဈေးကွက် အလားအလာကောင်းသော သီးနှံများ (ဥပမာ - ပန်းမာန်များ၊ လက်ဖက်၊ ကော်ဖီ၊ ကြံ၊ ပြောင်း၊ ထောပတ်သီး၊ သရက်သီးအပါအဝင် သစ်သီးဝလံများ စသည်) ကို စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရေး၊ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးတို့အတွက် ဒေသအလိုက် သီးနှံဇုန်များ သတ်မှတ်ဖော်ဆောင်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား အကျိုးရှိသည့် စီးပွားရေး လုပ်ငန်းများအဖြစ် လုပ်ကိုင်နိုင်စေမည်ဖြစ်ပါသည်။ ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းများသည် အားကောင်းသော စီးပွားရေးလုပ်ငန်းအသွင်သို့ရောက်ရှိပြီဆိုလျှင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာစေနိုင်ပြီး တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအား ဘဝဖူလုံရေးအတွက် အာမခံချက်ပေးနိုင်သည့်လုပ်ငန်းတစ်ခုအဖြစ် ထင်မြင်လာကာ အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်သွားကြမည်ဖြစ်ပါသည်။ ဤသို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအားကောင်းလာပြီး ဒေသတွင်း အလုပ်အကိုင်ဖူလုံစွာရရှိခြင်း၊ လူနေမှုဘဝများမြင့်မားလာခြင်း၊ ဒေသတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းအပြင် နှစ်လိုဖွယ်ကောင်းသည့် လူမှုပတ်ဝန်းကျင်များ ပေါ်ပေါက်ဖြစ်ထွန်းလာမည်မှာ အမှန်ပင် ဖြစ်ပေသည်။ထိုသို့ ဖြစ်ပေါ်ရရှိလာစေရန်အတွက်လည်း ပါဝင်သက်ဆိုင်သည့်သူများအားလုံးက နယ်ပယ်အလွှာအသီးသီးတွင် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်လည်း လိုအပ်ပေသည်။ ညီညွတ်စွာ လုပ်ဆောင်ခြင်းနှင့် တူညီသော အခြေခံစိတ်ဓာတ်များထားရှိ ဆောင်ရွက်ကြခြင်းက အောင်မြင်မှု၏သော့ချက်ပင်ဖြစ်ပါသည်။ အောင်မြင်သော စိုက်ပျိုးရေးလုပ်ငန်းများသည် လူသားအားလုံးအတွက် အကျိုးရှိသော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် အစဉ်အမြဲ ကြိုးစားလုပ်ဆောင်နေကြရမည်ဖြစ်ပါသည်။ အကျိုးရှိသော စီးပွားရေးလုပ်ငန်းများအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများကို မြန်မာပြည်၏ (၇၀) ရာခိုင်နှုန်းသော ပြည်သူများက အရှိန်အဟုန်မြင့်စွာ လုပ်ကိုင်ဆောင်ရွက်ကြပြီဆိုလျှင် စိုက်ပျိုးရေးကဏ္ဍမှ ပြည်တွင်းထုတ်လုပ်နိုင်မှုမြင့်မားလာကာ လျော့ကျနေသည့် လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှု ပြန်လည်တိုးတက်လာစေနိုင်မည် ဖြစ်ပေသည်။ သို့မှသာ စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ဦးမော့လာပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ကောင်းမွန်သော အထောက်အပံ့ကောင်းများ ဖြစ်ပေါ်လာစေပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်နိုင်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ကျမ်းကိုးစာရင်း**


(၁) Pros and cons of crop zoning in Thailand

(၂) https://www.commerce.gov.mm/.../pros%20and%20cons


❑

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်း . . . . မှအဆက်

ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာများ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကမ္ဘာကြီး၏ လက်ရှိအပြောင်းအလဲသည် Digital ခေတ်ကို ထင်ဟပ်လာပြီး E-commerce လုပ်ငန်းအမျိုးအစားအမျိုးစုံ၊ အရွယ်အစားအမျိုးစုံဖြင့် ကမ္ဘာနှင့်တစ်ဝန်းတိုးတက် ဖြစ်ထွန်းလာခြင်းကြောင့် နိုင်ငံအများအပြား သတိပြုရမည့် အခြေအနေတစ်ခု ဖြစ်လာပါကြောင်း၊ Digital Economy သည် ယနေ့ခေတ် နိုင်ငံအားလုံး ၏ဆန်းသစ်တီထွင်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးကြီးဆုံးမောင်းနှင်အား တစ်ခုဖြစ်လာသဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းဖော်ဆောင်ပေးသော ဖွံ့ဖြိုးတိုးတက်မှု အရင်းအမြစ်အသစ်တွေသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးခြင်း၊ အပြန်အလှန်အားဖြင့် ပိုမိုကောင်းမွန်ပြီး အားလုံးပူးပေါင်းပါဝင်နိုင်မည့် အခြေအနေတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အခွန်အခတိုးမြှင့်ရရှိခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍအား ပူးပေါင်းဆောင်ရွက်မှုများအကြား ဆောင်ရွက်ရန်ရှိသည်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက Digital Trade in a Digital Economy နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကာ အခမ်းအနားကို ညနေ ၅:၃၀ နာရီအချိန်တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **MOC(IR)**

စာမျက်နှာ (၃) ဒုတိယဝန်ကြီး ဦးအောင်ထူး . . . . မှအဆက်

ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားပါသည်။

ဆက်လက်၍ တက်ရောက်လာသော ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများဖြစ်ကြသည့် မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၊ ဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူ များအသင်း၊ ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း၊ ဆီလုပ်ငန်းရှင်များအသင်း၊ ပဲပြောင်း နှမ်းကုန်သည်များ အသင်းတို့က တွေ့ကြုံနေရသည့် လုပ်ငန်းအခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် မြန်မာကုန်သွယ်မှုမြှင့် တင်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းတို့က အသီးသီး ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **MOC(IR)**

# ချင်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ချင်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်းပြည်နယ် ဦးစီးမှူးရုံး၌ ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ချင်းပြည်နယ်စားသုံးသူ အငြင်းပွားမှု အဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးသောင်းကြိုင်က ယခင်လတွင် ကျင်းပပြုလုပ်ခဲ့သော (၂/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းဆောင်ရွက် ပြီးစီးမှု၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာ ၁၉ ရက်အထိ အသိပညာ ပေးဟောပြောပွဲ ပေါင်း ၃၃ ကြိမ်နှင့် မြို့မဈေးနှင့် မြို့ပေါ်ရှိကုန်စုံဆိုင် များ၊ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း (၁၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသော ဌာနဆိုင်ရာများမှလည်း ဝိုင်းဝန်းပူးပေါင်း အကြံပေးဆွေးနွေးစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာကြသောဌာနဆိုင်ရာများမှကဏ္ဍအသီးသီး အလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဒေါ်ကြယ် (ဟားခါး)**

# ဇန်းမော်မြို့ အကျဉ်းဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



ဇန်းမော်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများသည် ဇန်းမော်မြို့နယ် အကျဉ်းဦးစီးဌာနသို့ စက်တင်ဘာ ၁၉ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ရာ အကျဉ်းဦးစီးဌာနမှ တာဝန်ခံအရာရှိဦးမောင်မောင်အေးနှင့် အကျဉ်းဦးစီးဝန်ထမ်း ၇၀ ဦး၊ ဝန်ထမ်းမိသားစု ၂၅ ဦး၊ အကျဉ်းသား ကိုယ်စားလှယ် ၂၀ ဦး စုစုပေါင်း ၁၁၅ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန ဦးအောင်ကျော်ဦးက မိမိဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း၊ စားသုံးသူအကာ အကွယ်ပေးရေးဥပဒေ (၂၀၁၄) ပါအချက်များနှင့် ဥပဒေအသစ် ထပ်မံရေးဆွဲပြီး လွှတ်တော်တွင်း ဥပဒေကြမ်းကော်မတီများနှင့် ဆောင်ရွက်နေမှုများ အကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နှောင်းနှောင်းဝင်းက ထုတ်ကုန် လုံခြုံစိတ်ချရမှု လုပ်ငန်းများဆောင်ရွက်နေမှုများနှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဈေးကွက်အတွင်းကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအကြောင်း၊ စားသုံးသူပြည်သူများမှ ထိခိုက်နစ်နာ ဆုံးရှုံးမှုများရှိလာပါက အထောက်အထား ပြည့်စုံစွာဖြင့် မိမိဌာနတွင် ဖွင့်လှစ်ထားသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ တိုင်ကြားနိုင်မှုများကို ရှင်းလင်းဆွေးနွေးဟောပြောခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ယမင်းစိုး(ဇန်းမော်)**

# ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူ အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီ စနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့ကာ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လှိုင်နှင့် ကန့်ဘလူခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်သူလူထုများအတွင်း စားသုံးသူပါဝင်မှုကဏ္ဍများ မြင့်မားစေရန်အတွက် ကျောင်း၊ ဈေး၊ ရပ်ကွက်များတွင် စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များ ဖွဲ့စည်းသွားကြရန်၊ ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွင် လိုအပ်လျက်ရှိသော ထပ်တိုးအဖွဲ့ဝင်ဌာနများဖြင့် ထပ်မံဖွဲ့ စည်းသွားရန်၊ စားသုံးရန်မသင့် အန္တရာယ်ရှိသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းကြော်ငြာဗီနိုင်းများအား လူစည်ကားသည့်နေရာများတွင် စိုက်ထူဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်စိုးနိုင် (ကန့်ဘလူ)**

# ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၂)ကြိမ်မြောက် အစည်းအဝေးပြုလုပ်ပြီး သိမ်းဆည်းပစ္စည်းများ မီးရှို့ဖျက်ဆီး

ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင်စက်တင်ဘာ ၁၂ ရက်ကကျင်းပရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မိတ်ဖက်ဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ စားသုံးသူရေးရာကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။

အခမ်းအနားတွင်ဥက္ကဋ္ဌဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဦးမြင့်အောင်က ဩဂုတ်လအတွင်း ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ကွင်းဆင်း ဆောင်ရွက်မှုနှင့် မြို့နယ်တာဝန်ခံများက မိတ်ဖက်ဌာနများနှင့် ကျောင်း/ဈေး၊ ကျေးရွာများကွင်းဆင်း၍ တားမြစ်သိမ်းဆည်းခြင်း၊ ဈေးကွက်သတင်း ထောက်လှမ်းခြင်းအခြေအနေများ၊ ဧရာဝတီတိုင်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၃၁)ကြိမ်မြောက် ဆွေးနွေးဆုံးဖြတ်ချက်များ၊ လမ်းညွှန်ချက်များအား ရှင်းလင်း ဆွေးနွေးပါသည်။

ထို့နောက် ဩဂုတ်လအတွင်း ဈေးကွက်အတွင်းမှ သိမ်းဆည်းခဲ့သည့် စားသုံးရန်မသင့်သော သက်တမ်းလွန်အစားအသောက်များ အိမ်သုံးဆေးဝါးများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ၊ အချိုရည်များ၊ ကျင်းထုံခြင်ဆေးဘူးများ စုစုပေါင်းကာလတန်ဖိုး ကျပ် ၁၂၀၀၀၀ ကျော်အား ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် မီးရှို့ဖျက်ဆီးရန် အတည်ပြုဆုံးဖြတ်ခဲ့ကြသဖြင့် အစည်းအဝေးအပြီးတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံးတွင် အဖွဲ့ဖြင့် သိမ်းဆည်းပစ္စည်းများအား မီးရှို့ဖျက်ဆီး မြေမြှုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၉ ရက်က ကတ်ထိုက်အုပ်စု အ. မ. က(ဝမ်နန့်)ကျောင်း၌ ဝမ်နန့်နှင့် ဝမ်ကန်ရွာတို့မှ တောင်သူလယ်သမားများ၊ ကျောင်းသား/ကျောင်းသူများအား စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် ကျိုင်းတုံခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသန်းစိုးမှ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်း၍ သက်တမ်းစေ့ နေထိုင်သွားနိုင်စေရန် ရည်ရွယ်ပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းအားမြန်မာနိုင်ငံအနှံ့ ဆောင်ရွက်လျက်ရှိကြောင်း ယခုကဲ့သို့အသိပညာပေးမှုများကို ပြည်သူများအနေဖြင့် သိရှိလိုက်နာမှသာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း စားသုံးသူ အခွင့်အရေးများရှိသလို လိုက်နာရမည့်အချက်များလည်း ရှိကြောင်း အသေးစိတ် ရှင်းလင်းပြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ သဘာဝဓာတ်မြေဩဇာ ပြုလုပ်နည်းများ၊ စံချိန်စံညွှန်းမမီသော ဓာတ်မြေဩဇာများ၏ အန္တရာယ်များ၊ စပါးအထွက်တိုးစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ပိုးသတ်ဆေးသုံးစွဲရန် နည်းလမ်းများအား အသေးစိတ် ရှင်းလင်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**ရန်နောင်(ကျိုင်းတုံ)**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ မြင်းချောင်းကျေးရွာတွင် စားသုံးသူ အသိပညာပေးဟောပြောပွဲကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယတိုင်း ဦးစီးမှူး ဦးသိန်းနိုင်၊ စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်နှင့်ဝန်ထမ်းများသည် ပုသိမ်မြို့နယ် ဇင်ပြွန်းကုန်းကျေး ရွာအုပ်စု၊ မြင်းချောင်းကျေးရွာဓမ္မာရုံတွင် စက်တင်ဘာ ၁၂ ရက်က အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ကျေးရွာသူ/ရွာသားများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောပွဲတွင် ဒုတိယတိုင်း ဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံ၊ ဌာနဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်က ဓာတုဆိုးဆေးပါစားသောက်ကုန်များ၊ သက်တမ်းလွန်မုန့်များ၊ တားမြစ်ထားသော စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များအပြင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ အသိပညာဗဟုသုတများအား ဟောပြောဆွေးနွေးပြီး ကုန်စည်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ရှိပါကလည်း စားသုံးသူ သတင်းပြန်ကြားရေးနှင့် လက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) သို့ တိုင်ကြားနိုင်ကြောင်း ဟောပြောခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးသတင်းစာ၊ လက်ကမ်းစာစောင်နှင့်ဥပဒေဆိုင်ရာ စာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဧရာမြေ(ပုသိမ်)**

## မြောက်ပိုင်းခရိုင် စားသုံးသူအခြေင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ကျင်းပ

မြောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၉/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးကိုအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ စည်သူခန်းမ၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံး မှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မြောက်ပိုင်း ခရိုင်ဦးစီးမှူးရုံး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်တင်စိုးက ယခင်လ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စက်တင်ဘာလတွင် ဈေး၊ ကျောင်းနှင့် ရပ်ကွက်များသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများနှင့် ဈေးကွက်ကွင်းဆင်း ပညာပေးဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံး (CICC) သို့ ကုန်စည်၊ ဝန်ဆောင်မှုနှင့် ပတ်သက်၍ လာရောက် တိုင်ကြားမှုများရှိပါကလည်း အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ စေ့စပ်ဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူးမှ အသစ်ပြန်လည်ရေးဆွဲထားသည့်စားသုံးသူကာကွယ်ရေးဥပဒေကို ပြည်သူ့လွှတ်တော်တွင် အတည်ပြုလိုက်ပြီဖြစ်ပါကြောင်း၊ နည်းဥပဒေထွက်ရှိရေးကိုလည်း ဆက်လက် ဆောင်ရွက်နေပါကြောင်း၊ စားသုံး သူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပေး ဟောပြောခြင်း၊ ဈေးကွက်ပညာပေးခြင်း၊ စားသုံးသူတိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ခြင်း၊ အခါအားလျော်စွာ သတိပေးတားမြစ်ချက်များနှင့် ထုတ်ပြန်ကြေညာခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**ခိုင်ရွှေ (ရန်ကုန်)**

## စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး တည်ဆဲဥပဒေနှင့် အသစ်ထွက်ရှိမည့် စားသုံးသူကာကွယ်ရေး ဥပဒေ(မူကြမ်း)အား ဆွေးနွေး

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာ ပေးဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိရာ ဈေးချိုတော် စားသောက်ကုန်အသင်းရုံး၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး တည်ဆဲ ဥပဒေနှင့် အသစ်ထွက်ရှိမည့် စားသုံးသူကာကွယ်ရေးဥပဒေ(မူကြမ်း) အား ယှဉ်တွဲ၍ ဟောပြောဆွေးနွေးခဲ့ပါတယ်။

ယင်းဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဌာနခွဲတာဝန်ခံအရာရှိမှ ဟောပြောဆွေးနွေးရာတွင် စားသုံးသူ အခွင့်အရေးများ၊ လုပ်ငန်းရှင်များ၏ ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ လိုက်နာကျင့်သုံးရမည့် ဥပဒေပိုင်းဆိုင်ရာ အချက်များအား သိရှိလိုက်နာစေရေး၊ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးတည်ဆဲဥပဒေပါအချက်များနှင့် နောင်ထွက်ရှိလာမည့် စားသုံးသူကာကွယ်ရေးဥပဒေ(မူကြမ်း)တို့တွင် ကွဲပြားခြားနားမှု အခြေအနေများကို ယှဉ်တွဲ၍ အကျယ်တဝင့် ဟောပြောခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌ၊ CEC၊ EC၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား ၆၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးမှ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း (စားသုံးသူ၊ မန္တလေး)**

## မကွေးမြို့ ကုန်သည်ကြီးများအသင်း ကုန်စည်ဒိုင်တွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် စားသုံးဆီများ အရည်အသွေးကောင်းမွန်ရေး၊ စားသုံးသူအားလိမ်လည်ခြင်းမရှိစေဘဲ ရောစပ်မှုအချိုး ပွင့်လင်းမြင်သာစွာ ဖော်ပြလာရေးအတွက် ဆီစက်လုပ်ငန်းရှင်များ၊ ဆီကုန်သည်ကြီးများနှင့် တွေ့ဆုံညှိနှိုင်း

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များ ရွေးချယ် စားသောက်တတ်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်တွင် မကွေးမြို့၊ ကုန်သည်ကြီးများအသင်း ကုန်စည်ဒိုင်တွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် စားသုံးဆီများ အရည်အသွေး ကောင်းမွန်ရေး၊ စားသုံးသူအား လိမ်လည်ခြင်းမရှိစေဘဲ ရောစပ်မှုအချိုး ပွင့်လင်းမြင်သာစွာ ဖော်ပြလာရေးအတွက် ဆီစက်လုပ်ငန်းရှင်များ၊ ဆီကုန်သည်ကြီးများ၊ ဆီဆိုင်ပိုင်ရှင်များအား ဖိတ်ခေါ်၍ တွေ့ဆုံညှိနှိုင်းပွဲ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ရှေးဦးစွာ တိုင်းစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဝင်းက စားသုံးသူ ပေးချေ ရသည့် တန်ဖိုးနှင့်ညီမျှသည့် အရည်အသွေး ရရှိလာစေရေးအတွက် ၂၀၁၄ ခုနှစ်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါအချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးက ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဆီများတွင် ဆီစက်ပိုင်ရှင်များအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိလာစေရေးအတွက် Label တံဆိပ်ကပ်၍ ရောင်းချရန်၊ ရောဆီတွင်လည်း ရောစပ်မှုအချိုးအစား ဖော်ပြနိုင်ရေး ဆွေးနွေး ခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာကြသော ဆီစက်လုပ်ငန်းရှင်များမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဆီလုပ်ငန်းရှင်များဘက်မှ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် မည်သည့်ဆီကိုမဆို Label တပ်၍ ပါကင်ပြုလုပ်ရောင်းချရန်၊ လက်လီရောင်းချသည့် ဆီဆိုင်များအား ရောနှောရောင်းချခြင်းမပြုရန်၊ စားအုန်းဆီလက်လီလက်ကားရောင်းချသည့် လုပ်ငန်းရှင်များအား စည်ပင်အကူအညီဖြင့် ထပ်မံဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ရန် စသည့်ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင် (မကွေး)**

## ဟင်္သာတခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်က ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ဟင်္သာတခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက် ၍ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်မှ အထက်ဌာန လမ်းညွှန်ချက်များ၊ ဆုံးဖြတ်ရမည့် အမှာစာများနှင့် ယခုလ အတွင်း ဆောင်ရွက်ခဲ့မှုများနှင့် လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်း တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက နေရာစဉ်အလိုက် ဆွေးနွေးကြပြီး စားသုံးသူကိုယ်စားလှယ် ဦးအေးချိုမှလည်း စာသင်ကျောင်းများနှင့် ဈေးများတွင် ရှောင်တခင်စစ်ဆေးမှုများကို အဖွဲ့အနေဖြင့် တိုးမြှင့် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်မှလည်း အဖွဲ့အနေဖြင့် ရှောင်တခင်စစ်ဆေးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း၊ အစည်းအဝေးသို့ အဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူများ၊ စုစု ပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ **မောင်မောင်မြတ်ခိုင်**

## လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး ဖြန့်ဖြူးရောင်းချနေသည့် စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စားသုံးသူရေးရာဦးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၆ ရက်က ကျင်းပပြုလုပ်သော ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး ဖြန့်ဖြူးရောင်းချနေသည့် စီးပွားရေး လုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ ရောင်းချခြင်းမရှိပါက စစ်ဆေးအရေးယူဆောင်ရွက်မည့် ရှင်းလင်းပွဲအခမ်းအနားသို့တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးမှ ဆွေးနွေးရာတွင် စိုက်ပျိုးရေးဦးစီးဌာန၌ ဥပဒေ(၅) ခုဖြင့် ဆောင်ရွက်နေပြီး အပင်ပိုးမွှားကာကွယ်ရေးဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ ဓာတ်မြေသြဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးဥပဒေတို့ဖြစ်ပြီး မှတ်ပုံတင်ရမည့်အပိုင်းနှင့် လုပ်ငန်းလိုင်စင် ထုတ်ပေးသည့်အပိုင်းဟူ၍ အပိုင်း(၂)ပိုင်းဖြင့် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-မြို့နယ် အုပ်ချုပ်ရေးမှူးက ကုန်သည်လုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများကလည်း နိုင်ငံ့ဝန်ထမ်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ ခရိုင်ဥပဒေအရာရှိကလည်း ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး ဥပဒေများ အကြောင်းရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်မှူးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အချက်များအနက် စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် အချက်များနှင့် ပတ်သက်၍ ရှင်းလင်းခြင်း၊ ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ အစည်းအဝေးဆုံးချက်ပါ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးရောင်းချနေသူများအနေဖြင့် သတ်မှတ်ထားသည့် ဓာတ်မြေသြဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေနှင့်အညီ ရောင်းချသွားရန်၊ ပညာပေးကာလသုံးလ သတ်မှတ်ပေးထားကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချခြင်း မရှိသော ဆိုင်များအား သက်ဆိုင်ရာဌာနများ၏ ဥပဒေများဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်းသိရပါသည်။

အဆိုပါဆွေးနွေးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥပဒေရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စသည့် ဌာနဆိုင်ရာများနှင့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး/ ပေါင်းသတ်ဆေးဖြန့်ဖြူးရောင်းချနေသည့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း အင်အား ၄၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**



# အာဆင်နယ်မှ ထွက်ခွာရန် ရမ်ဆေး နီးစပ်နေ

အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမား ရမ်ဆေးသည် အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် မျှော်လင့်နေသော်လည်း အာဆင်နယ်အသင်းဘက်မှ မည်သည့်ကမ်းလှမ်းမှုမျိုးမှ ပြုလုပ်လာခြင်းမရှိကြောင်း သိရသည်။ ရမ်ဆေးသည် အာဆင်နယ်အသင်းနှင့် နောက်ဆုံးအကြိမ် သက်တမ်းတိုးမှုမှာ လေးနှစ်ဖြစ်ပြီး အဆိုပါ လေးနှစ်သက်တမ်းစာချုပ်မှာ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။

ရမ်ဆေးအနေဖြင့် အသင်းနှင့် စာချုပ်သက်တမ်းတိုးမှု မပြုလုပ်နိုင်ပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရတော့မည်ဖြစ်သည်။ ရမ်ဆေးသည် ယခင် အာဆင်နယ်အသင်း နည်းပြဟောင်း အာစင်ဝင်းဂါးလက်ထက်တွင် ပုံမှန်ပွဲထွက်ခွင့် ရရှိခဲ့သေးသော်လည်း လက်ရှိနည်းပြသစ် အူနိုင်းအမ်မရီ လက်ထက်တွင် ပထမပွဲထွက်ခွင့်များ ဆုံးရှုံးနေရပြီး အရေးမကြီးသည့် ပွဲစဉ်တချို့၌သာ ပါဝင်ခွင့် ရရှိနေခြင်း ဖြစ်သည်။ အသက်(၂၇) နှစ်ရှိ ရမ်ဆေးကို အီတလီစီးရီးအေ ကလပ် ဂျူဗင်တပ်နှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။



# ယူရို ၂၀၂၄ ပြိုင်ပွဲကို ဂျာမနီနိုင်ငံတွင် ကျင်းပမည်

ဥရောပဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ယူရိုပြိုင်ပွဲ၏ ယူရို ၂၀၂၄ အိမ်ရှင်ရွေးချယ်ပွဲကို ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့တွင် ကျင်းပခဲ့ရာ ဂျာမနီက တူရကီကို အသာရပြီး ၂၀၂၄ ယူရိုပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည်။

ဂျာမနီနိုင်ငံသည် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ ပေါင်းစည်းပြီးနောက်တွင် ယူရိုပြိုင်ပွဲကို ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခွင့် ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၂၄ ယူရိုပြိုင်ပွဲအတွက် နောက်ဆုံးဆန်ခါတင်အဖြစ် ဂျာမနီနှင့် တူရကီတို့ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ ဂျာမနီက မဲအသာရကာ ယူရိုပြိုင်ပွဲကျင်းပခွင့် ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အလက်ဆန်ဒါစီဖာရင်က ၂၀၂၄ ယူရိုပြိုင်ပွဲအတွက် အိမ်ရှင်ကို ရွေးချယ်ခြင်းမှာ မဲစနစ်ဖြင့် ရွေးချယ်ခြင်းကြောင့် သမာသမတ်ကြကြောင်း၊ ဘက်လိုက်မှုများမရှိကြောင်း၊ ဂျာမနီအသင်း ယူရိုပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရရှိသည်မှာ သင့်တော်ကြောင်း ပြောကြားလိုက်သည်။

၂၀၂၄ ယူရိုပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ကျင်းပမည်ဖြစ်ရာ ၃၂ ရက်ကြာမြင့်မည်ဖြစ်သည်။ ၂၀၂၄ ယူရိုပြိုင်ပွဲကို အသင်းပေါင်း ၂၄ သင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပွဲစဉ် စုစုပေါင်း ၅၁ပွဲရှိမည်ဖြစ်သည်။

၂၀၂၄ ယူရိုပြိုင်ပွဲမတိုင်မီ ကျင်းပမည့် ၂၀၂၀ ယူရိုပြိုင်ပွဲကို အီတလီနှင့် အဇာဘိုင်ဂျန်တွင် အုပ်စု(A)၊ ရုရှားနှင့် ဒိန်းမတ်တွင် အုပ်စု(B)၊ နယ်သာလန်နှင့် ရိုမေးနီးယားတွင် အုပ်စု(C)၊ အင်္ဂလန်နှင့် စကော့တလန်တွင် အုပ်စု(D)၊ စပိန်နှင့် အိုင်ယာလန်တွင် အုပ်စု(E)၊ဂျာမနီနှင့် ဟန်ဂေရီတွင် အုပ်စု(F) စသည်ဖြင့် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။

သို့သော် ၂၀၂၄ ယူရိုပြိုင်ပွဲကိုမူ ဂျာမနီ တစ်နိုင်ငံတည်း၌သာ ကျင်းပသွားမည်ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

## ၂၀၁၉-၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ၂၀၂၀ ယူရိုပြိုင်ပွဲတို့တွင် ဗီဒီယိုအကူဒိုင်စနစ် အသုံးပြုမည်

လာမည့် ၂၀၁၉-၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ၂၀၂၀ ယူရိုပြိုင်ပွဲတို့တွင် ဗွီဒီယိုအကူဒိုင်စနစ်(VAR)ကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်မှ တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။ များမကြာမီအချိန်အတွင်း၌ VAR စနစ်ကို အသုံးပြုတော့မည်ဖြစ်ရာ ၂၀၁၉-၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ၂၀၂၀ ယူရိုပြိုင်ပွဲတို့အပြင် ၂၀၁၉ ဥရောပ စူပါဖလားပြိုင်ပွဲ၊ ၂၀၂၀-၂၁ ယူရိုပါလိဂ်ပြိုင်ပွဲ၊ ၂၀၂၁ ဥရောပနေရှင်နယ်လိဂ်ပြိုင်ပွဲတို့တွင်လည်း VAR စနစ်ကို အသုံးပြုတော့မည်ဖြစ်သည်။

အဆိုပါ VAR စနစ်ကို ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသုံးပြုခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်ဟုဆိုသော်လည်း ဝေဖန်မှုများစွာ မြင့်တက်ခဲ့သေးသည်။ သို့သော် လက်ရှိအချိန်တွင် VAR စနစ်ကို အီတလီစီးရီးအေ၊ စပိန်လာလီဂါ နှင့် ပြင်သစ်လီဂူးဝမ်း ပြိုင်ပွဲတို့တွင် စမ်းသပ်အသုံးပြုနေပြီဖြစ်သည်။ အင်္ဂလန်ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသုံးပြုခြင်းမရှိသေးဘဲ အက်ဖ်အေဖလားပြိုင်ပွဲတွင် စမ်းသပ်အသုံးပြုသွားမည်ဖြစ်သည်။ VAR စနစ်ကြောင့် ဘောလုံးရသ ပျောက်သည်ဟု ဝေဖန်ခြင်းခံနေရသော်လည်း ဘောလုံးအသိုင်းအဝိုင်းက အဆိုပါ VAR စနစ်ကို လက်ခံခြင်းကြောင့် ပြိုင်ပွဲများတွင် ဆက်လက်အသုံးပြုသွားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။


## ဖီဖာမှ ထုတ်ပြန်သည့် အကောင်းဆုံးလူငယ်ကစားသမားထဲတွင် အမ်ဘတ်ပီ၊ ရက်ချ်ဖို့ဒ်နှင့် အိုဒရှိုင်းတို့ပါဝင်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာမှ ထုတ်ပြန်လိုက်သည့် အကောင်းဆုံး လူငယ်ကစားသမားများထဲတွင် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး အမ်ဘတ်ပီ၊ မန်ယူအသင်းမှ တောင်ပံတိုက်စစ်မှူး ရက်ချ်ဖို့ဒ်နှင့် ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး အိုဒရှိုင်းတို့ ပါဝင်လာခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာအနေဖြင့် နေရာအလိုက် အကောင်းဆုံး ကစားသမားများကို ထုတ်ပြန်လိုက်ခြင်းဖြစ်ရာ အကောင်းဆုံး လူငယ်ဂိုးသမားများထဲတွင် ဒွန်နာရမ်မာ (အသက် ၁၉နှစ်၊ အေစီမီလန်၊ တန်ဖိုး ပေါင် ၂၅ ဒသမ ၅ သန်း)၊ လာဖွန့် (အသက် ၁၉နှစ်၊ ဖီအိုရင်တီးနား၊ တန်ဖိုး ပေါင် ၁၀ ဒသမ ၆ သန်း)၊ လူနင် (အသက် ၁၉နှစ်၊ ရီးရဲလ်မက်ဒရစ်၊ တန်ဖိုး ပေါင် ၂၅ ဒသမ ၅ သန်း)တို့ ပါဝင်နေသည်။

အကောင်းဆုံး လူငယ်နောက်ခံကစားသမားများထဲတွင် ဒီလိုက် (အသက် ၁၈နှစ်၊ အေဂျက်၊ တန်ဖိုး ပေါင် ၁၈ သန်း)၊ အာနော့ဒ် (အသက် ၁၉နှစ်၊ လီဗာပူး၊ တန်ဖိုး ပေါင် ၁၂ ဒသမ ၃ သန်း)၊ ပါမီကာနို (အသက် ၁၉နှစ်၊ လိုက်ဇစ်၊ တန်ဖိုး ပေါင် ၁၀ ဒသမ ၆ သန်း)၊ ဒီယေဂိုလိုက်တီ (အသက် ၁၉နှစ်၊ ပေါ်တို၊ တန်ဖိုး ပေါင် ၈ ဒသမ ၄ သန်း)တို့ ပါဝင်သည်။

အကောင်းဆုံး လူငယ်ကွင်းလယ်ကစားသမားများထဲတွင် ဘိုင်လေ (အသက် ၂၀နှစ်၊ လေဗာကူဆင်၊ တန်ဖိုး ပေါင်



၂၇ ဒသမ ရ သန်း)၊ ပူလီဆစ် (အသက် ၁၉နှစ်၊ ဒေါ့မွန်၊ တန်ဖိုး ပေါင် ၁၆ ဒသမ ၇ သန်း)၊ ဟာဗက်ဇ် (အသက် ၁၉နှစ်၊ လေဗာကူဆင်၊ တန်ဖိုး ပေါင် ၁၆ ဒသမ ၇ သန်း)၊ အော်ရာ (အသက် ၂၀နှစ်၊ လိုင်ယွန်၊ တန်ဖိုး ပေါင် ၁၄ ဒသမ ၅ သန်း) တို့ ဖြစ်သည်။

အကောင်းဆုံး လူငယ်တိုက်စစ်ကစားသမားများထဲတွင် အမ်ဘတ်ပီ (အသက် ၁၉နှစ်၊ ပီအက်စ်ဂျီ၊ တန်ဖိုး ပေါင် ၆၃ ဒသမ ၄ သန်း)၊ ရက်ချ်ဖို့ဒ် (အသက် ၂၀ နှစ်၊ မန်ယူ၊ တန်ဖိုး ပေါင် ၂၃ ဒသမ ၃ သန်း)၊ ဂျူနီယာ (အသက် ၁၇နှစ်၊ ရီးရဲလ်မက်ဒရစ်၊ တန်ဖိုး ပေါင် ၁၅ ဒသမ ၄ သန်း)၊ ကူထရိုနီ (အသက် ၂၀ နှစ်၊ အေစီမီလန်၊ တန်ဖိုး ပေါင် ၁၄ ဒသမ ၁ သန်း)၊ ဆီဆက်နွန် (အသက် ၁၈ နှစ်၊ ဖူလ်ဟမ်၊ တန်ဖိုး ပေါင် ၁၀ ဒသမ ၆ သန်း)နှင့် အိုဒရှိုင်း (အသက် ၁၇ နှစ်၊ ချယ်လ်ဆီး၊ တန်ဖိုး ပေါင် ၁ ဒသမ ၆ သန်း) တို့ဖြစ်သည်။

## မက်ဆီ၊ စီရိုနယ်ဒိုတို့နှင့် မနှိုင်းယှဉ်ရန် ဟာဇက် ပြောကြား

ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ကစားသမား ဟာဇက်က မိမိကို မက်ဆီ၊ စီရိုနယ်ဒိုတို့နှင့် ခိုင်းနှိုင်းခြင်းမပြုရန် တိုက်တွန်းပြောကြားလိုက်သည်။

ဟာဇက်က ‘ကျွန်တော့်ကို မက်ဆီ၊ စီရိုနယ်ဒိုတို့နဲ့ မခိုင်းနှိုင်းပါနဲ့။ ကျွန်တော့်မှာ သူတို့လောက် အရည်အချင်းမရှိပါဘူး။ ကျွန်တော် ကစားနေတာ ကျွန်တော့်အသင်းအတွက်၊ ကျွန်တော့်အသင်း အနိုင်ရဖို့အတွက်ပါ။ ကျွန်တော်ဟာ ဘောလုံးကစားနေရရင် ပျော်နေသူတစ်ယောက်ပါ။ အသင်းနိုင်ပွဲရဖို့အတွက်ပဲ ကျွန်တော် အာရုံစိုက်ထားပါတယ်။ ကျွန်တော့်ရဲ့ ခြေစွမ်းက မက်ဆီနဲ့ စီရိုနယ်ဒိုတို့ကို မမီသေးပါဘူး’ ဟု ပြောကြားလိုက်သည်။

ဟာဇက်သည် ချယ်လ်ဆီးအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သလို ချယ်လ်ဆီးအသင်း၏ ရလဒ်ပိုင်းမှာလည်း ဟာဇက်၏ ခြေစွမ်းပေါ်တွင် များစွာတည်မှီနေသည်။ ဟာဇက်သည် ပြီးခဲ့သည့်ကြားရက်က လီဗာပူးအသင်းနှင့် ကစားခဲ့သည့် လိဂ်ဖလားပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျနေရာမှ ပွဲပြီးခါနီးတွင် ဟာဇက်၏ တစ်ကိုယ်တော်အစွမ်းဖြင့် လီဗာပူး နောက်ခံကစားသမားများကို ထိုးဖောက်ကာ အနိုင်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်အပြီးတွင် ချယ်လ်ဆီးအသင်း ပရိသတ်များက ဟာဇက်ကို မက်ဆီ၊ စီရိုနယ်ဒိုတို့နှင့် ခိုင်းနှိုင်းခဲ့ခြင်းဖြစ်သည်။



# v,f,mxGtukfpöifrsm;tyg t0ifpkd;yfpdk;&; xkwfukefrsm;&Jjynfywifyd;usqif;jcif;uk ukpm;EkdifzdkYvkyf0if....

(ယခင်တစ်ပတ်မှအဆက်)

ထို့ပြင် မွေးမြူရေးဇုန်များအကောင်အထည်ဖော်ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများရရှိမည်ဖြစ်ပေသည်-

(က) မွေးမြူရေးဇုန်များ ဖော်ဆောင်လုပ်ကိုင်စေခြင်းဖြင့် ဒေသခံပြည်သူများအတွက် ရေရှည်အလုပ် အကိုင်များရရှိစေခြင်း။

(ခ) မွေးမြူရေးဇုန်နှင့် လူနေအိမ်များသီးခြားစီရှိစေခြင်းဖြင့် ပတ်ဝန်းကျင်လူထုအတွက် ကျန်းမာရေး ထိခိုက်မှုမရှိခြင်း၊ တိရစ္ဆာန်ရောဂါများ ကျရောက်ပါက ရောဂါထိန်းချုပ်ရန် လွယ်ကူစေခြင်း။

(ဂ) ကုန်ထုတ်လမ်းများကောင်းမွန်အောင် ဆောင်ရွက်ထားရသဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ခြင်း။

(ဃ) မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ပတင်ပို့မှုတိုးတက်မြင့်မားလာကာ နိုင်ငံတော်၏ GDP ပမာဏ တိုးတက်လာစေခြင်း။

(င) မွေးမြူမှုများ တိုးတက်များပြားလာသဖြင့် မွေးမြူရေးဇုန်နှင့် အနီးပတ်ဝန်းကျင်ဒေသများနှင့် ပြည်တွင်းတွင် ဈေးနှုန်းသက်သာစွာ ရောင်းချပေးနိုင်ခြင်းကြောင့် ပြည်သူလူထု အသားစားနှုန်းများ တိုးတက်လာခြင်း။

(စ) ဇုန်များဖော်ဆောင်ကာ စုပေါင်းမွေးမြူခြင်းဖြင့် မွေးမြူရေးလုပ်ကိုင်သူများအချင်းချင်း နည်းစနစ်များ၊ အသိပညာများ၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဖလှယ်နိုင်စေမည့်အပြင် နိုင်ငံတကာ ဈေးကွက်အား အချိန်နှင့် တစ်ပြေးညီ သိရှိစေနိုင်ခြင်း တို့ဖြစ်ပါသည်။

မွေးမြူရေးဇုန်များ သတ်မှတ်ဖော်ဆောင်ရာတွင် စားကျက်မြေ၊ မြေလွတ်မြေရိုင်းများပေါ်များပြီး တစ်အုပ်တစ်မ မွေးမြူရေးခြံများစုစည်းနေသည့် နေရာဒေသဖြစ်ရမည်ဖြစ်ပြီး၊ သယ်ယူပို့ဆောင်ရေး လွယ်ကူအဆင်ပြေစေရေးအတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူအဆင်ပြေရန်လည်း လိုအပ်မည်ဖြစ်ပေသည်။ လိုအပ်သော အခြေခံအဆောက်အဦများ၊ ကုန်ထုတ်လမ်းများကိုလည်း ဆောက်လုပ်ကြရမည်ဖြစ်ပေသည်။ ထိုသို့ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ရာတွင် မွေးမြူသူများအနေဖြင့်လည်း သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များကိုလည်း လိုက်နာကျင့်သုံးကြရပေမည်။ မွေးမြူရေးဇုန် ဖော်ဆောင်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## DOCA( Domestic)

(က) ဇုန်အတွက်ခွင့်ပြုထားသော မြေဧရိယာတွင် သတ်မှတ်အကောင်ရေ ပြည့်မီအောင် မွေးမြူရပေမည်။

(ခ) လုပ်ပိုင်ခွင့်ရရှိသော မြေနေရာများ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုရ။

(ဂ) လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာမွေးမြူရေးဇုန်ကော်မတီထံသို့ ပြန်လည်အပ်နှံရမည်။

(ဃ) ဥပဒေနှင့်မလွတ်ကင်းသောဆောင်ရွက်မှုများ လုံးဝ(လုံးဝ) မပြုလုပ်ရ။

(င) ခွင့်ပြုထားသောဧရိယာအတွင်း သစ်ပင်သစ်တောများကို ခုတ်လှဲခြင်းမပြုရ၊ မလွှဲမရှောင်သာ၍ ခုတ်လှဲလိုပါက ကွပ်ကဲမှုရုံး၏ ခွင့်ပြုချက်ရယူရမည်။

(စ) ခွင့်ပြုထားသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှအပ အခြားစီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

(ဆ) ခွင့်ပြုထားသည့်မြေတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ယာယီအဆောက်အအုံမှအပ အခြားအခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ။

(ဇ) မွေးမြူရေးလုပ်ငန်းတွင် ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် တိရစ္ဆာန်များအား ပုံမှန်ကျန်းမာရေး စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ ကူးစပ်ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်များအား ခွဲခြားထားရှိခြင်း၊ ထုတ်ပယ်ခြင်း၊ သေဆုံးသည့်တိရစ္ဆာန်များအား မီးရှို့ခြင်း၊ မြှုပ်နှံခြင်းများကို ဆောင်ရွက်ရမည်။

(ဈ) မွေးမြူရေးဇုန်အတွင်း လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း စသည်တို့ကို အများစု၏ ဆန္ဒဖြင့်ဆောင်ရွက်ပါက ဇုန်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်။

(ည) မွေးမြူရေးဇုန်အတွက် လူ၊ တိရစ္ဆာန်၊ ပစ္စည်းလုံခြုံရေး၊ မီးဘေးလုံခြုံရေးတို့ကို ပူးပေါင်းဆောင်ရွက်ကြရမည်။

မွေးမြူရေးဇုန်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ထောင်ရသည့် အကြောင်းအရင်းများ၊ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ စသည်တို့ကို ရှင်းလင်းစွာ သတ်မှတ်ထားရမည်ဖြစ်ပါသည်။ သို့မှသာ မွေးမြူရေးဇုန်စီမံကိန်းများအတွက် အလားအလာရှိသော နေရာဒေသကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဖြစ်နိုင်ချေရှိသော အကျိုးအပြစ်များကို လေ့လာသုံးသပ်၍ စီမံချက်များကို စနစ်တကျရေးဆွဲ ဆောင်ရွက်ရန်လည်း လိုအပ်ပေသည်။ ရှင်းလင်းသောမူဝါဒ၊ သင့်လျော်သောဒေသ၊ လိုအပ်သော အခြေခံ အဆောက်အဦ၊ သက်ဆိုင်သူများ၏ ပူးပေါင်းပါဝင်မှု စသည်တို့သည် မွေးမြူရေးဇုန်စီမံကိန်းများအောင်မြင်မှု အတွက် အဓိကကျသောအချက်များပင်ဖြစ်ပေသည်။ ထို့ပြင် မမျှော်မှန်းနိုင်သော အကြောင်းအရာများကြောင့် ပြည်တွင်း၊ ပြည်ပဝယ်လိုအား တည်ငြိမ်မှုပျက်ပြားခြင်း၊ မွေးမြူရေးထွက်ကုန်များ၏ဈေးနှုန်းများထိုးကျခြင်း စသည်တို့ဖြစ်ပေါ်လာပါက ထိခိုက်နစ်နာမှုလျော့နည်းစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ကြိုတင်ပြင်ဆင် ထားကြရပေမည်။ ထိုသို့ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ပြီး ဒေသအလိုက်သင့်လျော်သော နေရာဒေသတွင် တစ်စုတစ်ဝေးတည်း မွေးမြူလုပ်ကိုင်ကြခြင်းဖြင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူများ၏ ဝင်ငွေ တိုးတက်စေနိုင်ခြင်းမှသည် မွေးမြူရေးပို့ကုန်များ အရည်အသွေးပြည့်မီစွာ တိုးတက်လာပြီး နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအားကိုလည်း မြင့်တက်လာစေနိုင်မည်ဖြစ်ပါသည်။ ထိုသို့ မွေးမြူရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ ဒေသဆိုင်ရာအုပ်ချုပ်သူများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူများ၊ မွေးမြူရေးနှင့် နီးနွှယ်ပတ်သက်နေသူများ အားလုံးက စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

မွေးမြူရေးဇုန်များ ဖော်ဆောင်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းများအား အကျိုးရှိသည့် စီးပွားရေး လုပ်ငန်းများအဖြစ်လုပ်ကိုင်နိုင်စေမည်ဖြစ်ပါသည်။ ထိုသို့ မွေးမြူရေးလုပ်ငန်းများသည် အားကောင်းသော စီးပွားရေးလုပ်ငန်းအသွင်သို့ရောက်ရှိပြီဆိုလျှင် မွေးမြူရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာစေနိုင်ပြီး မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေး လုပ်ငန်းများအား ဘဝဖူလုံရေးအတွက် အာမခံချက်ပေးနိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် အစဉ်တစိုက်ကြိုးပမ်း လုပ်ဆောင်သွားကြမည်ဖြစ်ပါသည်။ ဤသို့ဖြင့် မွေးမြူရေးလုပ်ငန်းများ အားကောင်းလာပြီး ဒေသတွင်း အလုပ်အကိုင်ဖူလုံစွာရရှိခြင်း၊ လူနေမှုဘဝများ မြင့်မားလာခြင်း၊ ဒေသတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းအပြင် နှစ်လိုဖွယ်ကောင်းသည့် လူမှုပတ်ဝန်းကျင်များ ပေါ်ပေါက်ဖြစ်ထွန်းလာမည်မှာ အမှန်ပင်ဖြစ်ပေသည်။ ထိုသို့ ဖြစ်ပေါ်ရရှိလာစေရန်အတွက်လည်း ပါဝင်သက်ဆိုင်သည့်သူများအားလုံးက ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန်လည်း လိုအပ်ပေသည်။ ညီညွတ်စွာလုပ်ဆောင်ခြင်းနှင့် တူညီသောအခြေခံစိတ်ဓာတ်များထားရှိဆောင်ရွက်ကြခြင်းက အောင်မြင်မှု၏ သော့ချက်ပင်ဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများမှ စီးပွားဖြစ်မွေးမြူခြင်းများဆီသို့လည်းကောင်း၊ စီးပွားဖြစ်မွေးမြူရေးခြံများမှ မွေးမြူရေးဇုန်များအဖြစ်သို့လည်းကောင်း ဖော်ဆောင်လုပ်ကိုင်ကြခြင်းဖြင့် မွေးမြူရေးကဏ္ဍမှ ပြည်တွင်းထုတ်လုပ်နိုင်မှုမြင့်မားလာကာ လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့မှု လျော့ကျနေခြင်းကို မွေးမြူရေး ပို့ကုန်များဖြင့် အစားထိုးကုစားနိုင်မည်ဖြစ်ပြီး ပြည်ပတင်ပို့မှု ပြန်လည်တိုးတက်လာစေနိုင်မည်ဖြစ်ပေသည်။ သို့မှသာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကောင်းမွန်သော အထောက်အပံ့ကောင်းများ ဖြစ်ပေါ်လာစေပြီး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်နိုင်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ဆက်လက်ဖော်ပြပါဦးမည်. . .။**

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်း . . . . မှအဆက်

Regular Supplier & Buyer တည်ဆောက်နိုင်ရေး အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါကြောင်း သုံးသပ်သိရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းများ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် စက်တင်ဘာ ၂၁ ရက်မှ ၂၇ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၁.၉.၂၀၁၈ | ၂၄.၉.၂၀၁၈ | ၂၅.၉.၂၀၁၈ | ၂၆.၉.၂၀၁၈ | ၂၇.၉.၂၀၁၈ |
| ၁ | ဧယာ | ၅ | ၂၅၀၀၀ | ၂၅၂၀၀ | ၂၅၂၀၀ | ၂၅၂၀၀ | ၂၅၀၀၀ |
| ၂ | ဧယာ | ၁၀ | ၂၄၅၀၀ | ၂၄၇၀၀ | ၂၄၇၀၀ | ၂၄၇၀၀ | ၂၄၅၀၀ |
| ၃ | ဧယာ | ၂၅ | ၂၂၀၀၀ | ၂၂၂၀၀ | ၂၂၂၀၀ | ၂၂၂၀၀ | ၂၂၃၀၀ |
| ၄ | ဧယာ | ၃၅ | ၂၁၅၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၃၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၄၃၀၀ | ၂၄၅၀၀ | ၂၄၇၀၀ | ၂၄၆၀၀ | ၂၄၅၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၃၃၀၀ | ၂၄၀၀၀ | ၂၄၂၀၀ | ၂၄၂၀၀ | ၂၄၀၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၂၂၀၀၀ | ၂၂၂၀၀ | ၂၂၂၀၀ | ၂၂၂၀၀ | ၂၂၃၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၂၁၅၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၁၈၀၀ |

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၉၀၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ ဘားအံ၊ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့တို့တွင် ကျပ် ၁၂၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်း သုည ဒသမ ၁၅ ရာခိုင်နှုန်း မြင့်တက်လာသည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်း . . . . မှအဆက်

ဆောင်ရွက်နိုင်ခဲ့ပြီး၊ ဒုတိယအကြိမ် (2nd Phase) ဆောင်ရွက်ရန် ဘဏ်များအား ထပ်မံရွေးချယ်ခဲ့ရာတွင် ဘဏ်ခုနစ်ဘဏ် ရွေးချယ်ခံရပြီး ယင်းဘဏ် ခုနစ်ဘဏ်အနက် မြန်မာနိုင်ငံသားများဘဏ်အား အဆင့်တစ်အဖြစ် ရွေးချယ်ခံရသည်ကို သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ရရှိလာသည့် အခွင့်အရေးကို အကောင်းဆုံး အသုံးပြုပြီး SME လုပ်ငန်းရှင်များအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်အောင် ဆောင်ရွက်သွားရန် တိုက်တွန်း ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ဘဏ်ခွဲပေါင်း ၃၂ ဘဏ်အထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဘဏ်ခွဲများ များပြားလာသည့်အတွက် ဒေသအသီးသီး၌ရှိသောဘဏ်များနှင့် ဆက်သွယ်ချိတ်ဆက်၍ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ကြမည့်လုပ်ငန်းရှင်များ၊ Customer များနှင့် ပိုမိုထိတွေ့ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် Customer Dealing ကို အထူးဂရုပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသားများဘဏ်လီမိတက်အနေဖြင့် ယခုထက် ပိုမို၍တိုးတက်အောင် နိုင်ငံအကျိုး၊ နိုင်ငံသူနိုင်ငံသားများအကျိုး၊ ရှယ်ယာရှင်များအကျိုးတို့ကို ပိုမိုဖြစ်ထွန်း သယ်ပိုးလာနိုင်စေရန် အသစ်ရွေးချယ်တင်မြှောက်ခံထားရသည့် ဒါရိုက်တာများ၊ ဝန်ထမ်းများအားလုံး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသားများဘဏ် ဥက္ကဋ္ဌ ဦးတိုးအောင်မြင့်က ဘဏ်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဘဏ်၏ ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒါရိုက်တာအဖွဲ့၏ ငွေစာရင်းရှင်းတမ်းကိစ္စရပ်များ၊ အစုရှယ်ယာရှင်များမှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ စနစ်တကျ လိုက်ပါပြင်ဆင်ဆောင်ရွက်ရမည့် မြန်မာ့ E-Commerce

အပိုင်း (၅)

■ မျိုးကေဝင်း

မြန်မာ့ E Commerce ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အစိုးရနဲ့ ပုဂ္ဂလိကလက်တွဲညီညီနဲ့ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ E -Commerce ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရတွေက အောက်ပါကဏ္ဍတွေမှာ ဦးဆောင်အကောင်အထည်ဖော်ပေးကြတာကို တွေ့ရပါတယ်-

(၁) E-Commerce ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်သည့် မူဝါဒများ၊ ပေါ်လစီများချမှတ်စီစဉ်ပေးခြင်း (ဥပမာ - မိမိနိုင်ငံရှိစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် အများပြည်သူအပေါင်း အသုံးပြုနိုင်ရန် Information Network များကို အလွယ်တကူ ချိတ်ဆက်နိုင်သည့် အခြေအနေရှိအောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ E-Commerce ICT လုပ်ငန်းများနှင့်ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးခြင်း)

(၂) သုံးစွဲသူများအနေဖြင့် E-Commerce စနစ်အပေါ် ယုံကြည်စိတ်ချမှုရှိစေရန် ဆောင်ရွက်ပေးခြင်း၊ (ဥပမာ - အတုအပများ၊ လိမ်လည်မှုများမှကင်းဝေးရန် ကာကွယ်ပေးစေမည့် အစီအမံများဆောင်ရွက်ပေးခြင်း၊ သုံးစွဲသူများ၏လုံခြုံရေး (Privacy) ရှိစေရန် စောင့်ရှောက်ကာကွယ်ပေးခြင်း)

(၃) နိုင်ငံတကာ E-Commerce စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသော ပြည်တွင်းစံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်း။

(၄) SME လုပ်ငန်းများအား အားပေးမြှင့်တင်ခြင်း၊ အခွန်လျှော့ချပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးကူညီပံ့ပိုးပေးခြင်း။

(၅) E-Commerce သုံးစွဲမှုတွင် အစိုးရကဏ္ဍက စံနမူနာပြအဖြစ် ဦးဆောင်သုံးစွဲလုပ်ကိုင်ကာ ပြည်သူလူထုပါ သုံးစွဲလာစေရန် စီစဉ်ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ(SMEs) ဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အဓိကမောင်းနှင်နေတဲ့လုပ်ငန်းတွေဖြစ်ပြီး တိုင်းပြည်ဝင်ငွေ အများစုဖော်ဆောင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းများဆောင်ရွက်နိုင်ပါတယ်။ ခေတ်မီနည်းပညာအသုံးပြုပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်တဲ့ SME လုပ်ငန်းများဖြစ်ပေါ်လာရန်လိုအပ်ပါတယ်။ မြန်မာနိုင်ငံဟာ စီးပွားရေးနဲ့ လူဦးရေအင်အားကြီး တရုတ်နှင့် အိန္ဒိယနိုင်ငံနှစ်နိုင်ငံအကြားတွင်တည်ရှိတဲ့အတွက် ဈေးကွက်ချဲ့ထွင်နိုင်ရန် အကောင်းဆုံးအနေအထား ဖြစ်ပါတယ်။ တိုင်းပြည် GDPရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဟာ ပုဂ္ဂလိကကဏ္ဍမှဖြစ်ပြီးတော့ မြန်မာ့စီးပွားရေးရဲ့ ၉၉ ရာခိုင်နှုန်းဟာ SME လုပ်ငန်းများမှ အဓိကမောင်းနှင်နေတာပဲ ဖြစ်ပါတယ်။ SME ထွက်ကုန်များဈေးကွက်ဝေစုရရှိစေဖို့နဲ့ E Commerce platform ပေါ်ရောက်ရှိစေဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ နာမည်ကျော် Alibaba ဟာ ထိုင်းနိုင်ငံရဲ့ စိုက်ပျိုးရေးစက်မှုထွက်ကုန်တွေနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍကို တရုတ်နဲ့ကမ္ဘာ့ဈေးကွက်ကို ချိတ်ဆက်ပေးမယ့် E Commerce ပလက်ဖောင်းတစ်ခုဖြစ်တဲ့ (Digital hub) တစ်ခုကို အမေရိကန် ဒေါ်လာ သန်း ၃၂၀ ရင်းနှီးမြှုပ်နှံပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလထဲမှာ စတင် အကောင်အထည်ဖော်ခဲ့ပါတယ်။ Alibaba ရဲ့တည်ထောင် သူတစ်ဦးဖြစ်တဲ့ ဂျက်မားဟာ ထိုင်းနိုင်ငံကို ခဏတာရောက်ရှိတဲ့ အချိန်အတွင်း မှာ သူ့ရဲ့နာမည်ကျော် Alibaba (Tmall) အွန်လိုင်းပေါ်ကနေ ထိုင်းနိုင်ငံဒေသထွက် ရွှေခေါင်းအုံးဒူးရင်းသီးကို တစ်မိနစ်အတွင်းမှာ အလုံးရေ ရှစ်သောင်းကျော်ကို တရုတ်ဈေးကွက်ကို ရောင်းချပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါဟာ E Commerce ပလက်ဖောင်းကို အသုံးပြုပြီးနိုင်ငံရဲ့ SME လုပ်ငန်းနဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို ပြည်ပ ဈေးကွက်ရှာဖွေပေးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် စားအုန်းဆီ၊ ရော်ဘာကုန်ကြမ်း၊ ဆန်စတဲ့ ထိုင်းနိုင်ငံရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေကိုလည်း တရုတ်နဲ့ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ အခွင့်အလမ်းများ ရရှိသွားတာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အခုလို အခွင့်အလမ်းမျိုး ရရှိနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ တိုင်းပြည်မှာ လိုအပ်တဲ့ Infrastructure နဲ့ခိုင်မာတဲ့မူဝါဒ၊ ဥပဒေတွေ ထွက်ပေါ်လာမယ်ဆိုရင် လုပ်ငန်းအတွက် လိုအပ်တဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ရောက်ရှိလာမှာပဲဖြစ်ပါတယ်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတိုးတက်လာစေရန်ရည်ရွယ်ပြီး ပုဂ္ဂလိက၊ အစိုးရပူးပေါင်းဆောင်ရွက်မှုနဲ့ နိုင်ငံစီးပွားရေးကိုမြှင့် တင်နိုင်စေရန် ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ်၊ မေလအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ B4B Insights Forum မှာ မြန်မာနိုင်ငံ Ecommerce ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်လို့ "E Commerce ကဏ္ဍမှာ အခွန်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လုံးဝကင်းလွတ်နေသည့်အတွက် အစိုးရနှင့်လုပ်ငန်းငယ်များအတွက် အကျိုးမရှိသကဲ့သို့ ဆိုင်ဖွင့်လှစ်ရောင်းချနေသော လုပ်ငန်းများထက်အခွင့်အရေးများ ပိုမိုရရှိနေပါတယ်။ အချို့ပစ္စည်းတွေအနေနဲ့ စားသုံးသူများအတွက် အာမခံချက်မရှိခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ အမျိုးသား ယဉ်ကျေးမှုနဲ့ လူမှုဘဝများကိုပါ ထိခိုက်စေနိုင်တာမျိုးတွေ ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရမှ လုပ်ငန်းရှင်နဲ့ စားသုံးသူ နှစ်ဦးနှစ်ဖက်အဆင်ပြေစေမယ့် လက်တွေ့နှင့်ကိုက်ညီသော မူဝါဒနှင့် ဥပဒေများကို ချမှတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်"လို့ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆွေးနွေးသွားတာလည်း တွေ့ရပါတယ်။

တကယ်တော့ E Commerce ကဏ္ဍဟာ ရေရှည်မှာ နိုင်ငံတော်အတွက်လိုအပ်တဲ့ အခွန်ဘဏ္ဍာကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်ရုံမက နိုင်ငံထုတ်ကုန်နဲ့ SME လုပ်ငန်းတွေ အောင်မြင်အောင်ထောက်ကန်ပေးနိုင်မယ့် အဓိကဒေါက်တိုင်တစ်ခုဖြစ်ပါတယ်။ ခိုင်မာတဲ့ မူဝါဒလုပ်ထုံးလုပ်နည်းနဲ့ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မယ့် National Payment System တစ်ခုရှိလာမယ်ဆိုရင် တိကျမှန်ကန်တဲ့ အခွန်အခတွေကို ပြည့်ပြည့်ဝဝကောက်ခံနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာ့အအောင်မြင်ဆုံး E commerce Company တွေဖြစ်တဲ့ Amazon၊ Alibaba တို့ဟာသူတို့ရဲ့နိုင်ငံအစိုးရကို နှစ်စဉ်အခွန်အခ ပေးဆောင်နေတာပဲဖြစ်ပါတယ်။ Alibaba ဟာဆိုရင် သူရဲ့ တရုတ် နိုင်ငံအစိုးရကို ၂၀၁၆ ခုနှစ်မှာ ယွမ် ၂၃ ဒသမ ၈ ဘီလီယံပြန်လည် ပေးဆောင်နိုင်တာ ဖြစ်ပါတယ်။ ကုန်ပစ္စည်းရောင်းဝယ်မှုတိုင်းမှာ E-payment transaction ကိုသာ အသုံးပြုခဲ့တဲ့အတွက် နိုင်ငံတော် အနေနဲ့လည်း အခွန်အကောက်အားလုံးကို online transaction ပေါ်ကနေ ပြည့်ပြည့်ဝဝ ကောက်ခံနိုင်တာဖြစ်ပါတယ်။ ဒ့ါအပြင် သတ်မှတ်ချက်နဲ့ ကိုက်ညီသော ရောင်းချနိုင်မယ့် ကုန်ပစ္စည်းများကိုပဲ ရောင်းချခွင့်ပြုခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက စစ်ဆေး အတည်ပြုပြီးသည့် အစားအသောက်ဆေးဝါး၊ စက်မှုနဲ့ လူသုံးကုန်ပစ္စည်းများနဲ့ ဝန်ဆောင်မှုများကို ခွင့်ပြုပေးကြတဲ့အတွက် စားသုံးသူအပေါ်မှာလည်း ဆိုးကျိုးမဖြစ်ပေါ်စေဖို့ကာကွယ်မှုတွေ လုပ်ဆောင်ပေးပါတယ်။

လတ်တလော E Commerce လုပ်ငန်းများ အစပျိုးကာလမှာ လိုအပ်တဲ့ Infrastructure မပြည့်စုံမှု၊ မူဝါဒလုပ်ထုံးလုပ်နည်းများအကောင်အထည်ဖော်နေသည့် အချိန်နဲ့ ပြည်သူလူထုအတွင်း လိုအပ်သည့် ICT awareness များရရှိအောင် ဆောင်ရွက်ဆဲကာလများဖြစ်တဲ့အတွက် ဒီအခက်အခဲတွေကို အစိုးရ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းနဲ့ စားသုံးသူပြည်သူတွေက အတူတကွကျော်လွှားရမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံ၏ E-Commerce လုပ်ငန်းများအကောင်အထည်ဖော်မှုနှင့် စေ့စပ်ညှိနှိုင်းမှုတို့ဆောင်ရွက်နိုင်ရန်အတွက် 'သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာနှင့် အီလက်ထရောနစ် ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ'ကို ဆက်စပ်တဲ့ အစိုးရဌာနအဖွဲ့အစည်းများနဲ့ပုဂ္ဂလိက အသင်းအဖွဲ့များမှ အသိပညာရှင်များပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံ၏ E Commerce စနစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်ရေးတို့အတွက် အစိုးရကဏ္ဍမှ လိုအပ်သည့် ပံ့ပိုးကူညီမှုကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# တောင်ကိုရီးယားအသေးစားစီးပွားရေးလုပ်ငန်းရှင်များ အစိုးရ၏အနိမ့်ဆုံးလစာသတ်မှတ်ချက်တိုးမြှင့်မှုကို စုပေါင်းဆန္ဒဖော်ထုတ်

တောင်ကိုရီးယား အသေးစားစီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်သူပေါင်း သုံးသောင်းခန့်သည် အစိုးရ၏အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်သည့် အစီအစဉ်နှင့် ပတ်သက်၍ ဩဂုတ်လ ၂၉ ရက်တွင် စုစည်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရှိရသည်။ အဆိုပါ ဆန္ဒဖော်ထုတ်သူများတွင် ကိုရီးယားအသေးစား လုပ်ငန်းများအသင်းချုပ်၊ ကိုရီးယားအစားအသောက်ဝန်ဆောင်မှုလုပ်ငန်း အသင်းနှင့်လုပ်ငန်းကဏ္ဍမျိုးစုံရှိညီနောင်အသင်း အဖွဲ့ပေါင်း ၈၀ ခန့်မှ အသေးစားလုပ်ငန်းရှင်များပါဝင်ပြီး အစိုးရ၏အနိမ့်ဆုံး လုပ်ခလစာကို လျင်မြန်သည့်နှုန်းထား မြင့်တိုးမြှင့်ပေးခြင်းသည် ၎င်းတို့လုပ်ငန်းငယ်များကို ပြိုလဲအောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ကြွေးကြော်ကာ ဆိုးလ်မြို့ မြို့လယ်ခေါင်၌ စုပေါင်း ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

အနိမ့်ဆုံးလုပ်ခလစာသည် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ၂၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ ခြင်းဖြစ်ပြီး ယခုဆန္ဒဖော်ထုတ်ပွဲသည် လုပ်ငန်းငယ်များဆောင်ရွက်နေသူများအနေဖြင့် ယင်းသို့ အနိမ့်ဆုံးလစာတိုးမြှင့်ခြင်းအပေါ် မကျေနပ်ချက် ကို ဖော်ထုတ်ကြခြင်းဖြစ်ကြောင်း၊ လုပ်ငန်းငယ် များဆောင်ရွက်နေသူများအနေဖြင့် အနိမ့်ဆုံး လုပ်ခလစာကို လုပ်ငန်းပေါ် မူတည်၍ ခွဲခြားသတ်မှတ်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့သော်လည်း အနိမ့်ဆုံး လုပ်ခလစာကောင်စီသည် လာမည့်နှစ်အတွက် အနိမ့်ဆုံး လုပ်ခလစာ တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါနေ့တွင် ဆန္ဒပြသူများအနေဖြင့် ၎င်းတို့ဆိုင်များကိုပိတ်ခဲ့ပြီး ဆန္ဒထုတ်ဖော်ပွဲကို လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားအသေးစားလုပ်ငန်းများ အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သမ္မတ မွန်ဂျေအင်းအစိုးရအဖွဲ့အနေဖြင့် ၎င်း၏ရည်မှန်းချက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် အနိမ့်ဆုံးလစာ တစ်နာရီလျှင် ဝမ် ၁၀၀၀၀ အထိ မြှင့်တင်ပေးသွားမည်ဆိုသည့် သမ္မတရွေးကောက်ပွဲဝင်စဉ်ကတိကဝတ်ကိုအကောင်အထည်ဖော်နိုင်ရန် ရည်မှန်း၍ အနိမ့်ဆုံးလုပ်ခလစာကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ပေးလျက်ရှိသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အနိမ့်ဆုံး တစ်နာရီလုပ်အားခမှာ နှစ်စဉ် ၄၅၀ ဝမ်နီးပါးနှုန်းဖြင့် တိုးမြှင့်ပေးခဲ့ပြီး ယခုနှစ်တွင် ယမန်နှစ်ထက် ၁၆ ဒသမ ၄ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ကာ လွန်စွာ သိသာထင်ရှားသည့် တိုးမြှင့်မှုတစ်ရပ်ဖြစ်ခဲ့သည်။ အနိမ့်ဆုံးလုပ်ခလစာ ကောင်စီအနေဖြင့် ၂၀၁၉ ခုနှစ်အနိမ့်ဆုံးလုပ်ခလစာကို ၁၀ ဒသမ ၉ ရာခိုင်နှုန်းထပ်မံတိုးမြှင့်ပေးသွားရန်လည်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည့်အတွက် ယင်းဆုံးဖြတ်ချက်သည် အသေးစားလုပ်ငန်းငယ်လေးများ ဆောင်ရွက်နေသူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည်ဟုလည်း ဝေဖန်ပြောဆိုမှုများရှိခဲ့သည်။

အစိုးရသည် အလုပ်သမားငါးဦးအောက်သာ ငှားရမ်းအသုံးပြုသည့် လုပ်ငန်းငယ်လေးများအတွက် မတူညီသည့် အနိမ့်ဆုံးလုပ်ခလစာနှုန်းထား တစ်ခု သတ်မှတ်ပေးရန်လည်း လုပ်ငန်းငယ်များမှ ယခင်လတွင်တောင်းဆိုခဲ့ပြီးဖြစ်သည်။ လုပ်ငန်းငယ်များအနေဖြင့် အစိုးရ၏အနိမ့်ဆုံးလုပ်ခ လစာသတ်မှတ်ချက်ကို အဟန့်အတားဖြစ်စေပြီး အလုပ်သမားများနှင့် ထိပ်တိုက် သဘောထားကွဲ လွဲမှုများဖြစ်စေရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အခြား နည်းလမ်းတစ်ခုဖြင့် ရပ်တည်ရန် ခက်ခဲလာသည့် အသေးစား လုပ်ငန်းငယ်လေးများအတွက် အခြေခံကျသည့် အဖြေတစ်ခုရှာဖွေနိုင်ရန် တောင်းဆိုနေခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူများက ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**

# ကိုရီးယားသမ္မတနိုင်ငံတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးလျက်ရှိ

တောင်ကိုရီးယားအစိုးရသည် တီထွင်ဆန်းသစ်မှုလုပ်ငန်းများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် စွန့်ဦးတီထွင်မှု လုပ်ငန်းများအတွက် ကောင်းမွန်သောဝန်းကျင်ကို ဖန်တီးပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် ပထမ နှစ်ဝက်ကာလအတွင်း စွန့်ဦးတီထွင်မှု လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာကြသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်း ၂၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်မှု လုပ်ငန်းများ ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ကုမ္ပဏီပေါင်း ၅၅၀ သည် ကိုရီးယားဝမ် ၁ ဒသမ ၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံ) ထိ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ကြကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လကုန်တွင် အဆိုပါကုမ္ပဏီများ၌ ခန့်ထားသည့် ဝန်ထမ်းဦးရေသည် ၁၉၄၅၆ ဦး ရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ခန့်ထားသည့် ဝန်ထမ်း ဦးရေ ၁၇၃၃၈ ဦးနှင့်နှိုင်းယှဉ်ပါက ၂၁၁၈ ဦး တိုးမြှင့်ခန့်ထားနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် စွန့်ဦးတီထွင်မှုလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်း ၅၀၀၀ ကျော်ထိ ဖန်တီးပေးနိုင်မည်ဟု အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများဝန်ကြီးဌာနက ခန့်မှန်းထားပါသည်။

Online ဖြင့် ကုန်ပစ္စည်းရောင်းချမှုနယ်ပယ်တွင် ဦးဆောင် လုပ်ကိုင်နေသည့် Kurly ကော်ပိုရေးရှင်းသည် ၂၀၁၈ ခုနှစ် ပထမခြောက်လအတွင်း စွန့်ဦးတီထွင်မှုလုပ်ငန်းလေးခုမှ ရင်းနှီးမြှုပ်နှံမှု ကိုရီးယားဝမ် ၇ ဒသမ ၅ ဘီလီယံထိ ရရှိခဲ့သည့်အတွက် ဝန်ထမ်းအင်အားကို ၁၃၀ ဦးမှ ၁၈၆ ဦးထိ (၄၃ ရာခိုင်နှုန်း) တိုးမြှင့် ခန့်ထားနိုင်ခဲ့ပါသည်။

Kurly ကော်ပိုရေးရှင်းကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တောင်ကိုရီးယားတွင် တစ်ဦးတည်း နေထိုင်သည့် ဦးရေတိုးတက်လာနေသည့်အတွက် Kurly ၏ ရောင်းအားသည် ၂၀၁၅ ခုနှစ်တွင် ကိုရီးယားဝမ် ၁၇ ဒသမ ၄ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် တွင် ကိုရီးယားဝမ် ၄၆ ဒသမ ၆ ဘီလီယံထိ (၁၆၈ ရာခိုင်နှုန်း) တိုးမြှင့် ရောင်းချနိုင်ခဲ့ပါသည်။

တီထွင်ဆန်းသစ်မှုလုပ်ငန်းများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးသည် တောင်ကိုရီးယားသမ္မတ Moon Jae-in ၏စီမံခန့်ခွဲမှုအောက်တွင် ဝင်ငွေမြင့်မားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော် ဆောင်ရွက်နေသော အဓိက စီးပွားရေး ရည်မှန်းချက်များအနက်မှ တစ်ခုဖြစ်ကြောင်း၊ တောင်ကိုရီးယားအစိုးရသည် အစောပိုင်းကာလတွင် တီထွင်ဆန်းသစ်မှုလုပ်ငန်းများဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အဓိက ကဏ္ဍ ရှစ်ခု (အဆင့်မြင့် နည်းပညာသုံးစိုက်ပျိုးရေးလုပ်ငန်းများ၊ အဆင့်မြင့် မြို့ပြများ၊ အဆင့်မြင့်နည်းပညာနှင့်ပရိုဂရမ်ဆော့ဖ်ဝဲလ်လုပ်ငန်းများ၊ ဒရုန်း တီထွင်မှုလုပ်ငန်းများ၊ လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ငန်းများနှင့် Artificial Intelligence များပါဝင်သည့်)တွင် ငွေကြေးထောက်ပံ့ပေးခြင်းနှင့် အခြားမက်လုံးများပေးခြင်းစသည့် အထောက်အကူပြုသော အစီအမံများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။ **မြတ်သန္တာနွယ်**

# ဂျပန်နိုင်ငံ၏ အဓိကစားသုံးကုန်ဈေးဆန္ဒန်းကိန်း (Consumer Price Index) မြင့်တက်လာခြင်း

ဂျပန်နိုင်ငံ၏ အဓိကစားသုံးကုန်ဈေးဆန္ဒန်းကိန်းသည် အထူးသဖြင့် ဓာတ်ဆီဈေးနှုန်းနှင့် စားသောက်ဆိုင်များတွင် ဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် သုည ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဩဂုတ်လ ၂၄ ရက်တွင် ဖော်ပြခဲ့သော အစိုးရသတင်းအချက်အလက်များအရ သိရှိရပါသည်။

စားသုံးကုန်ဈေးနှုန်းများ အတန် အသင့်မြင့်တက်လျက်ရှိပြီး ညွှန်းကိန်းသည် တစ်လပြီးတစ်လ သုည ဒသမ ၁ ရာခိုင်နှုန်းတက်ခဲ့သည်ဟု ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြောကြားထားပါသည်။ ဇူလိုင်လတွင် ရေနံစိမ်းဈေးနှုန်းများမြင့်တက်မှုကြောင့် ဓာတ်ဆီဈေးနှုန်းသည် ၁၆ ဒသမ ၈ ရာခိုင်နှုန်း၊ ရေနံဆီဈေးနှုန်းသည် ၂၂ ဒသမ ၂ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပြီး လျှပ်စစ်မီတာခများ ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပါသည်။ မပုပ်သိုးလွယ်သော အစားအသောက်များ၏ ဈေးနှုန်းအပြင် ဆေးကုသမှုစရိတ်များလည်း တိုးမြှင့်ခဲ့ပါသည်။

သို့သော် ကုမ္ပဏီကြီးများ၏ ပုံမှန်ဆောင်ရွက်မှုအစီအစဉ်များကို ပြင်ဆင်လိုက်ခြင်းကြောင့် စမတ်ဖုန်းနှင့် ဆက်သွယ်ရေးဝန်ဆောင်ခနှုန်းများ ကျဆင်းခဲ့ကြောင်း၊ ဖုန်စုပ်စက်ကဲ့သို့သော တာရှည်အသုံးခံသည့် အိမ်သုံးပစ္စည်းဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ကုန်စိမ်းနှင့် လောင်စာဈေးနှုန်း မပါဝင်ဘဲ စားသုံးကုန်ဈေးနှုန်းများသည် သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး လတ်ဆတ်သည့် ကုန်စိမ်းများ ဈေးနှုန်းအပါအဝင် စားသုံးကုန်ဈေးနှုန်းများ အားလုံးနီးပါး သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ အသီးအရွက်ဈေးနှုန်းများမြင့်တက်ခြင်းသည် ဇူလိုင်လအတွင်းဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးကြီးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ **MNK**

# အမေရိကန်ပြည်ထောင်စုမှ သံမဏိနှင့် အလူမီနီယံသွင်းကုန်အတွက် အကောက်ခွန်များ တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ အငြင်းပွားမှုဖြေရှင်းပေးရန် တူရကီနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တင်ပြ

အမေရိကန် ပြည်ထောင်စုအနေဖြင့် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် သံမဏိသွင်း ကုန်အတွက် အကောက်ခွန် ၂၅ ရာခိုင် နှုန်းနှင့် အလူမီနီယံသွင်းကုန်အတွက် အကောက်ခွန် ၁၀ ရာခိုင်နှုန်းကောက် ခံမှုမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Agreement on Safeguards နှင့် General Agreement on Tariffs and Trade (GATT) ၁၉၉၄ တို့နှင့် ကိုက်ညီမှုမရှိသဖြင့် အငြင်းပွားမှုဖြေရှင်းပေးရန် တူရကီနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း၌ တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါသည်။



၂၀၁၈ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ထုတ်ပြန်သောသတင်းများအရ အမေရိကန် ပြည်ထောင်စု၏ ယင်းလုပ်ရပ်အပေါ် တူရကီ၊ ရုရှား၊ ဆွစ်ဇာလန်၊ ဥရောပသမဂ္ဂ၊ ကနေဒါ၊ မက္ကဆီကို၊ နော်ဝေ၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့မှ အငြင်းပွား မှုဖြေရှင်းပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ တရားဝင်အကြောင်းကြားစာ ပေးပို့ထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တူရကီနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ Dispute Settlement Body ဥက္ကဋ္ဌထံသို့ ကုန်သွယ်မှုအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ သဘောတူညီချက်၏ Article (4.4) အရ ပထမ အဆင့်အနေဖြင့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု (Consultation) ပြုလုပ်နိုင်ရေး တရားဝင်အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

**ညီညီအောင်(စီးပွားရေးသံမှူး)**

# တရုတ်–အမေရိကန် ကုန်သွယ်ရေးဆွေးနွေးပွဲ၏ သက်ရောက်မှုများ

တရုတ်-အမေရိကန် အရာရှိများသည် ဩဂုတ် ၂၂ ရက်မှ ၂၃ ရက် နှစ်ရက်တာ ဆွေးနွေးပွဲကို ထူးခြားမှုမရှိဘဲ အဆုံးသတ်ခဲ့ကြောင်း သိရသည်။

တိုးတက်မှုမရှိသည့် အမေရိကန်-တရုတ် ကုန်သွယ်ရေး ဆွေးနွေးပွဲပြီးနောက် တိုကျို-အာရှစတော့ဈေးကွက် ကျဆင်းခဲ့ပြီး Hong Kong’s Hang Seng (HSI) ၏ စတော့ရှယ်ယာမှာ သုညဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ Shanghai Composite Index (SSEC) ၏စတော့ဈေးနှုန်းသည် သုည ဒသမ ၆၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဩစတြေးလျစတော့ဈေးကွက်သည် သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ တောင်ကိုရီးယား KOSPI KS11 ၏ စတော့ရှယ်ယာသည် သုည ဒသမ ၃၅ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ဂျပန် Nillei N225 ၏စတော့ရှယ်ယာ သည် သုည ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

ဂျပန်ယန်းဈေးသည် နှစ်ပတ်အတွင်း ၁၁၁ ဒသမ ၄၈ ယန်းအထိ နေ့ချင်းညချင်း တစ်ဟုန်ထိုး အမြင့်ဆုံးတက်ခဲ့သည်။ ယူရိုဈေးသည် ၁ ဒသမ ၁၅၄၈ ဒေါ်လာအထိ မြင့်တက်ခဲ့ကာ တရုတ်ယွမ် သည် တစ်ဒေါ်လာလျှင် ၆ ဒသမ ၈၈၃၃ ယွမ် (သုည ဒသမ ၁ ရာခိုင်နှုန်း) လျော့ကျခဲ့ပါသည်။ ဩစတြေးလျဒေါ်လာသည်လည်း သုည ဒသမ ၇၂၄၅ ဒေါ်လာသို့ရောက်ရှိပြီး သုည ဒသမ ၀၅ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။ ဩစတြေးလျနိုင်ငံ၌ ဝန်ကြီးများရာထူးမှ နုတ်ထွက်ပြီးချိန်နှင့် ဝန်ကြီးချုပ် Malcolm Turnbull ၏ ခေါင်းဆောင်မှုပြန်လည်ထားရှိပြီးနောက်တွင် နိုင်ငံရေး မတည်မငြိမ်ဖြစ်ပေါ်ပြီး နေ့ချင်းညချင်း ဒေါ်လာတန်ဖိုး ၁ ဒသမ ၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါသည်။



Industrial giants Caterpillar Inc (CAT.N) နှင့် Boeing Co (BA.N) တို့၏ ရှယ်ယာများတွင် Caterpillar ရှယ်ယာများသည် နှစ် ရာခိုင်နှုန်းကျဆင်းခဲ့ပြီး Boeing ရှယ်ယာများသည် သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

ထို့ပြင် စက်သုံးဆီဈေးများပိုမိုမြင့်တက်ခဲ့ကြောင်း ဝါရှင်တန်နှင့် ပေကျင်းအကြား ကုန်သွယ်ရေးပဋိပက္ခအလားအလာဖြစ်နေစဉ်တွင် စက်သုံးဆီဈေးကွက်၌ ရောင်းအားနှင့် ဝယ်လိုအားအခြေအနေသည် အထူးအကျပ်အတည်းဖြစ်နေကြောင်းကိုလည်း သတင်းများအရသိရသည်။ အမေရိကန်ရေနံစိမ်း CLc1 ဈေးနှုန်းသည် ၆၈ ဒသမ ၀၆ ဒေါ်လာ (သုည ဒသမ ၃၁ ရာခိုင်နှုန်း) အထိ မြင့်တက်နေပြီး Brent ရေနံစိမ်း LCOc1 ဈေးနှုန်းသည် ၇၄ ဒသမ ၉၀ ဒေါ်လာ (သုည ဒသမ ၂၇ ရာခိုင်နှုန်း) အထိ မြင့်တက်ခဲ့ကြောင်း သိရပါသည်။

**ခြူးသီရိရွှင်**


ဝါးလိုက်တိုင်း
ချောကလက်တွေ
ဖောက်ကနဲပဲ
Oishi
Pillows
CHOCO-FILLED CRACKERS
Oishi
O.Wow!
oishimyanmar


အရွယ်တင်၊ နုပျို၊ ကျန်းမာ၊ သက်ရှည်
T-7
Bird's Nest
BEVERAGE
100% Sterilized
ငှက်သိုက်ရည်
Sugar Free
with Rock Sugar
with Collagen
with Honey
ကျန်းမာပျော်ရွှင်သော နေ့စဉ်ဘဝအတွက် တီတီ-ဆဲဗင်း ရှိတယ်...
T-7 ငှက်သိုက်ရည်ကို အရည်အသွေးအကောင်းဆုံးငှက်သိုက်အစစ်ကို အသုံးပြု၍ အဆင့်မြင့်နည်းပညာများဖြင့်
ရာနှုန်းပြည့်ပိုးမွှားကင်းစင်အောင်ထုတ်လုပ်ထားပါသည်။
MEN Myanma Executive Network Co., Ltd.

# MYANMAR PADAUK TRADING CO., LTD.

မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။

KORYO CABLE — Made in Korea
CONTINENTAL ELECTRIC WIRE — Made in Korea
CADI-SUN — Made in Vietnam
EMG CABLE &WIRE — Made in Korea
N.i.ü ELEC — Made in China
JEWAY — Made in China

IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ။ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။



**Available Items**

- Building Wire
- Underground Cable
- Overhead Cable
- High Quality & Long Term Quality Control
- Resonable Price for Customer
- International Standard & Certified for Safety
- We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor

Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72

Email : epshowroom@myanmarpadauk.com Website : www.myanmarpadauk.com

# JPM
CAR SALE CENTER

Email- jpmautocenter@gmail.com
Web: www.jpmmotors.com

မြန်မာ့ရိုးရာ
သီတင်းကျွတ်ပွဲတော်



အရည်အသွေးကောင်းမွန်သော ကားအမျိုးအစားစုံ စိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့ဆက်သွယ်ဖို့ ...

HOT LINE
09 253008800

အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ( ဆွေထိုင်းစားသောက်ဆိုင်ရှေ့ ) Ph: 01 860 3921 ~ 22

COMMERCE INTERNATIONAL

# ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဗီယက်နမ်သကြားစက်များ ရုန်းကန်နေရ

စားသုံးမှုနိမ့်ကျခြင်း၊ လက်ကျန်များပြားခြင်းနှင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေခြင်းတို့ကို ကြည့်ခြင်းအားဖြင့် ဗီယက်နမ်ပြည်တွင်းသကြားစက်များအတွက် ခက်ခဲသောကာလကို ရောက်ရှိနေပြီကို ပြသနေကြောင်း ဗီယက်နမ် ကြံနှင့် သကြားအသင်း ဥက္ကဋ္ဌ ဖန်ဝေ့ဒိုအန်၏ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်နယူးစ် သတင်းတွင် ဖော်ပြသည်။



သကြားလုပ်ငန်း၏ သီးနှံသစ်ရိတ်သိမ်းမှုလုပ်ငန်းများကို လာမည့်လတွင် ဆောင်ရွက်တော့မည်ဖြစ်သည်။ သို့သော်လည်း နိုင်ငံခြားတိုင်းပြည်များမှ မှောင်ခိုသကြားများ ဝင်ရောက်လာသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

၂၃ နှစ်အတွင်း သကြားတန်တစ်သန်းရရှိရေး အစိုးရ၏ စီမံကိန်းသည် ယခုနှစ်သီးနှံကာလတွင် အခက်ခဲဆုံးကာလနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဒိုအန်းက ပြောသည်။

အချို့ သကြားစက်များသည် လယ်သမားများထံမှ ကြံကိုဝယ်ယူပြီးနောက် သန့်စင်ပြီးသော ထွက်ကုန်များကိုပုံမှန်ဈေးဖြင့် မရောင်းနိုင်သည့်အတွက် အချို့သော သကြားစက်ရုံများမှာ ကြွေးများတင်ခဲ့ရကြောင်း သူကပြောသည်။

"ဒီအခြေအနေကို ရောက်ရှိရတဲ့အကြောင်းတစ်ခုကမှောင်ခိုသကြားကြောင့် ဖြစ်ပါတယ်။ ဒီပြဿနာကလည်း နှစ်ပေါင်းများစွာရင်ဆိုင်နေရတဲ့ပြဿနာဖြစ်ပါတယ်"ဟု ဒိုအန်က ပြောသည်။

မှောင်ခိုတင်သွင်းမှုက ပြဿနာအသစ်တစ်ခုမဟုတ်သော်လည်း ယခုနှစ်တွင် ပိုဆိုးလာကြောင်း သူကပြောသည်။ မှောင်ခိုသမားများက ပြည်တွင်းဈေးကွက်ကို လွှမ်းမိုးထားပြီးမှောင်ခိုသကြားများကို ပေါ်ပေါ်တင်တင်ရောင်းချနေသည့်အတွက် အာဏာပိုင်တို့ကို စိန်ခေါ်သကဲ့သို့ဖြစ်နေသည်။

အနောက်ပိုင်းပြည်နယ်များနှင့် အလယ်ပိုင်းကမ်းရိုးတန်းဒေသများရှိ ဈေးဆိုင်များတွင် ထိုင်းကုန်အမှတ်တံဆိပ်များဖြင့် ဆိုင်တင်ရောင်းချလျက်ရှိသည်ကို စစ်ဆေးရေးအရာရှိများက တွေ့ရှိထားသည်။ ပြည်တွင်းဈေးကွက်အတွင်းသို့ မှောင်ခိုသကြားများအလုံးအရင်းဖြင့် လှိမ့်ဝင်လာခြင်းကြောင့် သကြားလုပ်ငန်း ပြင်းထန်စွာဂယက်ရိုက်ခတ်ခဲ့ကြောင်း ဒိုအန်က ပြောသည်။ ကြုံတွေ့နေရသော ပြဿနာကို ဒိုအန်၏အသင်းက အကြိမ်ကြိမ်အစီရင်ခံတင်ပြခဲ့သော်လည်း ပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။

၂၀၁၆-၂၀၁၇ သီးနှံရာသီတွင် သီးနှံရိတ်သိမ်းမှုမှာ တန်ချိန် ၇၀၀၀၀၀ ကျော်ခဲ့သည့်အတွက် နောက်လာမည့်နှစ်အတွက် ဈေးကွက်အနည်းငယ်သာရှိကြောင်း ပြလျက်ရှိသည်ကို တွေ့ရသည်။

ဩဂုတ် ၁၅ ရက်အထိ စာရင်းအရ ဗီယက်နမ်နိုင်ငံ၏ သကြားလက်ကျန်မှာ တန်ချိန် ၆၂၂၀၀၀ ရှိသည့်အတွက် ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါကတန်ချိန် ၆၇၅၀၀ ပိုမိုခဲ့သည်ကိုတွေ့ရကြောင်း လယ်ယာထုတ်ကုန်ပြုပြင်ရေးနှင့် ဈေးကွက်ဖွံ့ဖြိုးရေးစာရင်းအင်းဌာနမှ ပြောသည်။

ထိုင်းနိုင်ငံမှမှောင်ခိုသွင်းလာသောသကြားသည် ပြည်တွင်းမှထုတ်သောသကြားထက် ဗီယက်နမ်ဒေါင် ၁၀၀၀ မှ ၂၀၀၀ အထိ ဈေးသက်သာပြီး ဗီယက်နမ်စက်ရုံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ပြည်တွင်းရှိစက်ရုံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ဗီယက်နမ်ဒေါင် ၂၀၀၀ မှ ၃၀၀၀ အထိ ပိုမိုကုန်ကျသည်။ ထို့ကြောင့် ပြည်တွင်းမှထုတ်လုပ်သော သကြားသည် တရားမဝင် တင်သွင်းသော သွင်းကုန်များကို မယှဉ်နိုင်သည့်သဘောရှိကြောင်း သိရသည်။

စံမီအောင် စုစည်းသည်



## ဂျပန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်များ ကမ္ဘာ့အဆင့်တွင် မြင့်တက်လာ

ဂျပန်နိုင်ငံရှိတက္ကသိုလ် ၁၀၃ ခုသည် ယခုနှစ် တိုင်းမ်မဂ္ဂဇင်း၏ အဆင့်မြင့်ပညာရေး ကမ္ဘာ့တက္ကသိုလ်များ အဆင့်သတ်မှတ်ချက်Times Higher Education (THE) World University Rankings တွင် နိုင်ငံ၏ အဆင့်မြင့်ဆုံးတက္ကသိုလ်ကြီးနှစ်ခုဖြစ်သော တိုကျိုတက္ကသိုလ်နှင့် ကျိုတိုတက္ကသိုလ်တို့နှင့်အတူပါဝင်ခဲ့သည့်အတွက် ပညာရေးအဆင့်မှာမြင့်တက်လာခဲ့ကြောင်း JapanJimes သတင်းတွင် ဖော်ပြသည်။

Times Higher Education (THE) ၏စာရင်းအရဂျပန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သော တိုကျိုတက္ကသိုလ် (တိုဒိုင်းတက္ကသိုလ်ဟုလည်းလူသိများသည်) ယခင်နှစ်ကရရှိခဲ့သော အဆင့်ထက် အဆင့်လေးဆင့် ပိုမိုမြင့်တက်ကာ အဆင့် ၄၂ နေရာသို့ ရောက်ရှိခဲ့သည်။

ကျိုတိုတက္ကသိုလ်မှာ ပြည်တွင်း၌ရှိသောအဆင့် ၂နေရာကို ဆက်လက်ထိန်းထားနိုင်ပြီး ကမ္ဘာ့အဆင့်တွင် ယခင်နှစ်ကရရှိခဲ့သောအဆင့်ထက်အဆင့် ၉ ဆင့်ပိုမိုမြင့်တက်ကာ အဆင့် ၆၅ နေရာသို့ရောက်ရှိခဲ့သည်။ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးပေါင်း ၁၂၅၀ ကိုကောက်ယူပြုစုသောစာရင်းတွင် နှစ်နှစ်ဆက်တိုက် အဆင့်မြင့်တက်လာခြင်းဖြစ်သည်။

"ဂျပန်နိုင်ငံကအသိဉာဏ် ထက်သန်ပြီး အလားအလာကောင်းတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဂျပန်တက္ကသိုလ်တွေအတွက် တိုးတက်တဲ့အလှည့် အပြောင်းတွေကို ကျွန်တော်တို့တွေ့မြင်နေရပါတယ်"ဟု Times Higher Education (THE) ၏ကမ္ဘာ့အဆင့်အတန်း သတ်မှတ်ရေးဆိုင်ရာအယ်ဒီတာအဖွဲ့ ညွှန်ကြားရေးမှူး ဖီလ်ဘက်တီကပြောသည်။

သို့သော်လည်း ဂျပန်နိုင်ငံသည် ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ အဆင့်နှစ်ခုစလုံးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အဆင့်မြင့်ပညာရေးစွမ်းအားကိုခိုင်မြဲအောင် ထိန်းသိမ်းနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကိုအများကြီး တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ အဆင့်တက်လှမ်းရန်ကြိုးပမ်းမှုများကို တိုးမြှင့်ရန်လိုကြောင်း သူက သတိပေးပြောကြားသည်။ ယခုနှစ်တွင် ဂျပန်တက္ကသိုလ်ပေါင်း ၁၀၃ ခုထိပ်တန်းစာရင်းဝင်ခဲ့သည့်အတွက် ယခင်နှစ်က ရှိခဲ့သော ၈၉ ခုထက်ပိုမိုပါဝင်ခဲ့သည်။ ထို့ပြင် အဖွဲ့အစည်းပေါင်း ၁၇၂ ခုပါဝင်သော အမေရိကန်ပြည်ထောင်စုပြီးလျှင် ပါဝင်မှုအများဆုံး၌ ဒုတိယနေရာကို ရောက်ရှိခဲ့သည်။ တက္ကသိုလ်အရေအတွက် ၉၈ ခုသာပါဝင်သော ယူနိုက်တက်ကင်းဒမ်းမှာ ဒုတိယနေရာကို ပထမဆုံးအကြိမ်အဖြစ် လက်လွတ်ဆုံးရှုံးခဲ့ရသည်။

Waste Less,Save More
အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့
အမှိုက်လျှော့ချကြပါစို့။

## အမေရိကန်ဗဟိုဘဏ်အတိုးနှုန်း မြင့်တက်မှုဂယက်နှင့်ပတ်သက်၍ ထိုင်းတွင်အမြင်ကွဲပြား

အမေရိကန်ဗဟိုဘဏ်၏ ပြည်ထောင်စုရန်ပုံငွေအခြေခံစံထားအတိုးနှုန်း (Benchmark Federal Funds Rate) ကို နောက်ဆုံးမြှင့်တင်မှုကြောင့် ဖြစ်ပေါ်လာမည့် ဂယက်ရိုက်ခတ်မှုအပေါ် ထိုင်းသုတေသန အဖွဲ့အစည်းတို့သည် အမြင်အမျိုးမျိုးကွဲပြားလျက်ရှိကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

အမေရိကန်ဗဟိုဘဏ်အတိုးနှုန်း မြှင့်လိုက်ပြီးနောက် အမေရိကန်ဒေါ်လာ မြင့်တက်လာမည့် အခြေအနေကို Krungsri Global Markets Group က သုံးသပ်ကာ ထိုင်းနိုင်ငံ ငွေကြေးမူဝါဒကော်မတီ (MPC) က ယခုနှစ်မကုန်မီတွင် ငွေကြေးမူဝါဒကို စတင်ချိန်ညှိလိမ့်မည်ဟု ခန့်မှန်းထားသည်။

MPC သည် အမေရိကန်ဗဟိုဘဏ်က မြှင့်တင်သော အတိုးနှုန်းနှင့် နှိုင်းယှဉ်ပါက ထိုင်းစီးပွားရေးနှင့် သင့်တော်သောငွေကြေးမူဝါဒကိုချမှတ်သွားလိမ့်မည်ဟု Siam Commercial Bank ၏ စီးပွားရေးထောက်လှမ်းမှုဗဟိုဌာန (EIC) က ခန့်မှန်းသည်။

အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းကို ခန့်မှန်းထားသည်ထက် လျင်မြန်စွာမြှင့်တင်ပေးလိုက်သည့် အတွက်ငွေကြေးတန်ဖိုး အတက်အကျ မတည်မငြိမ်ဖြစ်ပြီး မတည်ရင်းနှီးငွေများ စီးထွက်လျက်ရှိသော အာရှနိုင်ငံ များအတွက် စွန့်စားမှုအန္တရာယ်များကို မြင့်တက်စေခဲ့ကြောင်းနှင့် ယခုနှစ် သို့မဟုတ် နောင်လာမည့်နှစ်အတွက်ပါ အာရှဒေသ၏ စီးပွားရေးဖွံ့ဖြိုးနှုန်းကို ထိခိုက်စေခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ စီးပွားရေးပညာရှင်အကြီး အကဲယာဆုယုကီဆာဝါဒါက ပြောသည်။

ထိုင်းဘတ်ငွေတန်ဖိုးသည် စက်တင်ဘာ ၂၇ ရက် ဈေးဖွင့်ချိန်က တန်ဖိုးအနည်းငယ်ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၃၂ ဒသမ ၄၇ ဘတ်နှုန်းရှိခဲ့သည်။ သို့သော်လည်း ဒေသတွင်းရှိ ငွေကြေးအများစုမှာမူ တန်ဖိုးအနည်းငယ်သာကျဆင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ၁၀ နှစ်သက်တမ်းရှိ ဘွန်းစာချုပ်များ၏ အတိုးနှုန်းမှာယခုရက်သတ္တပတ်စောစောပိုင်းက ၃ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒ ဒသမ၀၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ယခုနှစ်တွင် ဘတ်ငွေတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ သုည ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး မတည်မငြိမ်ဆက်လက်ဖြစ် ပွားနေသော အာရှငွေကြေးဈေးကွက်ထဲတွင် အမြင့်ဆုံးတိုးတက်ခဲ့သောငွေကြေးဖြစ်သည်။